# ကြေးမုံ
*The* **Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၁ ရက်၊ အင်္ဂါနေ့။ Tuesday , 27 September 2016 (၈၆၉၇)


**မိမိကိုယ်သာ ကိုးကွယ်ရာ**

မိမိကိုယ်ကိုသာ ကိုးကွယ်အားထားရာ၏။ သူတစ်ပါးသည် မိမိ၏ကိုးကွယ်အားထားရာ မဖြစ်နိုင်ချေ။ မိမိကိုယ်ကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းဖြင့် ရနိုင်ခဲသော အရဟတ္တဖိုလ်သို့ပင် ရောက်နိုင်၏။ (မိမိကိုယ်စိတ်နှစ်ပါး လုံခြုံအောင် ထိန်းသိမ်းထားနိုင်မှသာလျှင် မိမိကိုယ်သည် ကိုးကွယ်အားထားနိုင်သူဖြစ်လာနိုင်သဖြင့် မိမိကိုယ်စိတ်နှစ်ပါးကို လုံခြုံခိုင်ခံ့အောင် ထိန်းသိမ်းထားရာ၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၀)

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကျန်းမာရေးစိုးရိမ်စရာမရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးမှ သတင်းထုတ်ပြန်ထား

**နေပြည်တော် စက်တင်ဘာ ၂၆**

ဗြိတိန်၊ အမေရိကန်ပြည်ထောင်စုခရီးစဉ်များမှ ယမန်နေ့ညက ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအခြေအနေစိုးရိမ်စရာမရှိပါကြောင်း။

ကျွမ်းကျင်သူဆရာဝန်ကြီးများဖြင့် ကျန်းမာရေးစစ်ဆေးခဲ့ရာ အမေရိကန်ပြည်ထောင်စုခရီးစဉ်အတွင်း အစီအစဉ်များ များပြားလွန်းပြီး နားချိန်နည်းပါးသဖြင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ခရီးစဉ်အတွင်း စားချိန်သောက်ချိန် မမှန်သဖြင့် အစာအိမ်ရောင်ရမ်းခြင်းနှင့် ကွန်ပျူတာအကြည့်များသဖြင့် အရိုးကျီးပေါင်းတက်ခြင်းစသည်တို့ တွေ့ရှိရကြောင်း။

ကျန်းမာရေးအခြေအနေမှာ အထူးစိုးရိမ်ဖွယ်ရာမရှိဘဲ ကောင်းမွန်လျက်ရှိပြီး အချိန်အနည်းငယ် အနားယူရန် လိုအပ်ကြောင်း သိရှိရသည်ဟု နိုင်ငံတော်အတိုင်ပင်ခံရုံးမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုတွင် အားနည်းခဲ့ပါက နောက်ဆက်တွဲအကျိုးဆက်ဖြစ်စဉ်များ ဖြစ်ပွားပေါ်ပေါက်လာနိုင်

**နေပြည်တော် စက်တင်ဘာ ၂၆**

သဘာဝဘေး အဆိုးဆုံးထိခိုက်ခံစားရနိုင်သည့် ဒေသများထဲတွင် အာရှ - ပစိဖိတ်ဒေသသည် ထိပ်ဆုံးမှ ပါဝင်ပါကြောင်း၊ အာရှ - ပစိဖိတ်တွင် မြန်မာနိုင်ငံသည် ထိပ်ဆုံးမှ ပါဝင်နေသည်ကို ပညာရှင်များက သတိပေးထားပါကြောင်း၊ မိမိတို့အနေဖြင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းစဉ်များကို အထူးအလေးထား ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီ ဗန်ထီးယူက ပြောကြားသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ (၂/၂၀၁၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေး အဖွင့်အမှာစကားတွင် ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယသမ္မတက သဘာဝဘေးကျရောက်ပြီး နောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုတွင်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐




**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။** (သတင်းစဉ်)

## လူ့အခွင့်အရေးချိုးဖောက်မှုကို အကာအကွယ်မပေးသည့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့နှင့်စပ်လျဉ်း၍ ဆွေးနွေး

ပြည်သူ့လွှတ်တော် စာမျက်နှာ - ၅

## ချင်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိ

အမျိုးသားလွှတ်တော် စာမျက်နှာ - ၅


KBZ BANK

STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ကျောင်းထွက်နှုန်းများ လျော့ကျစေရန် အလေးပေးဆောင်ရွက်ရန်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးစေရန် အသိပညာပေးဆောင်ရွက်မှုများ ပြုလုပ်ရန်လို

**ရန်ကုန် စက်တင်ဘာ ၂၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ အရာထမ်းများ၊ ခရိုင်နှင့်မြို့နယ် ပညာရေးမှူးများတွေ့ဆုံပွဲကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပညာရေးစနစ် ထိထိရောက်ရောက် စတင်အကောင်အထည်ဖော်ရန် အဓိကအရေးကြီးပါကြောင်း၊ မူလတန်းပညာသင်ယူပြီးမြောက်စေရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများနှင့် စာသင်ခန်းအချိုးမျှတစေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လူတိုင်းအတွက် အကျုံးဝင်သော ပညာရေးဖြစ်ပေါ်စေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အခြေခံပညာသင်ယူပြီးမြောက်ခြင်းသည် အမှန်အမှား၊ အကောင်းအဆိုးတို့ကို စဉ်းစားတွေးခေါ်နိုင်သည့်အသိစိတ်ဓာတ်များ ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများတွင် မသင်မနေရပညာရေး သင်ယူပြီးမြောက်စေရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ကောင်းမွန်သည့်သင်ကြားသင်ယူမှု ဝန်းကျင်ကောင်းများ အကောင်အထည်ဖော်ပေးရမည်ဖြစ်ပါကြောင်း၊ ဘဝတစ်သက်တာ သင်ယူမှုအခွင့်အလမ်းများ မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ကျောင်းများ၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ သင်ရိုးညွှန်းတမ်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန်လိုအပ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ သင်ယူတတ်မြောက်မှု အရည်အသွေးတိုးတက်ကောင်းမွန်လာစေရန် ဆရာ ဆရာမများအရည်အသွေးမြင့်မားရေးသည် အဓိကအရေးကြီးပါကြောင်း၊ မိဘဆရာအသင်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် အခြေခံပညာကျောင်းများ၏ အရည်အသွေးမြင့်မားရေးကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ ကျောင်းထွက်နှုန်းများကို လျော့ကျစေရန် အဓိကအလေးပေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်များ ကာကွယ်တားဆီးစေရန် အသိပညာပေးဆောင်ရွက်မှုများ ပြုလုပ်ကြရန်လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

**(ကြေးမုံ)**

# မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ပြည်သူများအား ပညာပေးပြသ

**ရန်ကုန် စက်တင်ဘာ ၂၆**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ မှုခင်းကျဆင်းစေရေးအတွက် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒုတိယရဲမှူးကြီးမြင့်ထွေးဦးဆောင်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ဧရာဝဏ်လမ်းမကြီးနှင့် သာကေတအဝိုင်းတွင် ယနေ့နံနက် ၁၁ နာရီက ပြည်သူများ မှုခင်းနှင့်ပတ်သက်သော အသိပညာရရှိစေရန် Mobile မှုခင်းပညာပေး ပြခန်းယာဉ်ဖြင့် ရဲတပ်ဖွဲ့မှုခင်းပညာပေးပြခန်း၊ လူကုန်ကူးမှုပြခန်း၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးပြခန်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြခန်းများကိုပြသခြင်း၊ Projector ဖြင့် ပြသပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းဖြင့် အသိပညာပေးခြင်းကို ကျယ်ပြန့်စွာ ဆောင်ရွက်ပေးခဲ့သည်။

ပြည်သူလူထုနှင့် လူမှုအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**(ရွှေတိုင်လွင်)**




# ကျေးလက်ဒေသရှိ သတင်းထောက်များအတွက် အခြေခံသတင်းစာပညာသင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကျေးလက်ဒေသများ၊ သတင်းဆက်သွယ်မှု ခက်ခဲသောနေရာများမှ လူငယ်များအတွက် အခြေခံသတင်းစာပညာသင်တန်းကို အောက်တိုဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့တွင် ဖွင့်လှစ်မည်ဖြစ်သည်။ လူမှုကွန်ရက် ( Facebook, viber,Twitter ) စသည့်အသုံးပြုမှု စိတ်ဝင်စားသူများ အထူးသဖြင့် အမျိုးသမီးများအတွက် ရည်ရွယ်၍ဖွင့်လှစ်ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေထိုင်သူများ လျှောက်ထားနိုင်ပြီး မြန်မာနိုင်ငံဒေသအသီးသီးအတွက် သင်တန်းလေးကြိမ် ထပ်မံဖွင့်လှစ်သွားမည်ဖြစ်သည်။

သင်တန်းကို Myanmar Journalism Institute မှ ဝါရင့်သတင်းစာဆရာများက သင်ကြားမည်ဖြစ်သည်။ သင်တန်းပြီးဆုံးပြီးနောက် Mentor အစီအစဉ်ပါဝင်သဖြင့် သတင်းရေးသားရာတွင် အနီးကပ်ကူညီပံ့ပိုးသွားမည်ဖြစ်သည်။ ထို့အပြင် သတင်းအရည်အသွေးကောင်းမွန်စေရန်နှင့် သတင်းထုတ်လွှင့်နိုင်အောင် ကူညီပံ့ပိုးသွားမည်ဖြစ်သည်။

သင်တန်းသား သင်တန်းသူ ၂၅ ဦးသာ လက်ခံမည်ဖြစ်ပြီး လူတွေ့စစ်ဆေးမည်ဖြစ်သည်။ သင်တန်းကာလအတွင်း နေထိုင်သွားလာစရိတ်အခမဲ့ဖြစ်သည်။ သင်တန်းလျှောက်လွှာများကို စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထားပြီး kkl @ Mizzima.com သို့ ပေးပို့ရမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဦးကျော်ကျော်လင်း ဖုန်း-၀၉၉၆၇၇၅၆၉၇၀ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(အောင်သူရ)**

ကြေးမုံ

# ဥမကွဲသိုက်မပျက် လက်ချင်းယှက်၍ အတူတကွပေါင်းစည်းနေထိုင်ကြမည်

ကမ္ဘာတစ်လွှားမှ ဒုက္ခသည်များနှင့် နေအိမ်များကို စွန့်ခွာထွက်ပြေးကြရသူများ အရေအတွက်သည် ၂၀၁၅ ခုနှစ်အကုန်တွင် ၆၅ ဒသမ ၃ သန်းအထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း ကုလသမဂ္ဂ၏ထုတ်ပြန်ချက်အရ သိရသည်။ နေအိမ်များမှ စွန့်ခွာထွက်ပြေးကြရသူများမှာ ၇ ဒသမ ၃၄၉ ဘီလီယံရှိသော ကမ္ဘာ့လူဦးရေ၏ တစ်ရာခိုင်နှုန်းအချိုးရှိပြီး တိတိကျကျပြောမည်ဆိုလျှင် ကမ္ဘာ့လူဦးရေ ၁၁၃ ဦးတွင် တစ်ဦးနှုန်း ရှိနေပြီဟု ဆိုရမည်ဖြစ်သည်။

၎င်းအရေအတွက်သည် ယခု ဗြိတိန် သို့မဟုတ် ပြင်သစ်နိုင်ငံ၏ လူဦးရေထက်ပိုများနေကြောင်း၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးအနေဖြင့် ကြိုတင်မသိရှိနိုင်သည့် အန္တရာယ်ရှိသော အဆင့်သို့ရောက်ရှိနေပြီဖြစ်ကြောင်း အဆိုပါရုံးမှ ပြောကြားခဲ့သည်။ ကမ္ဘာ့ရွှေ့ပြောင်းအခြေချသူလူဦးရေ ၆၅ ဒသမ ၃ သန်းတွင် နေအိမ်များမှ စွန့်ခွာထွက် ပြေးရသူဒုက္ခသည်များမှာ နှစ်မျိုးနှစ်စား တွေ့ရှိရသည်။ လူဦးရေ ၄၀ ဒသမ ၈ သန်းမှာ နိုင်ငံအတွင်းရှိနေပြီး လူဦးရေ ၂၁ ဒသမ ၃ သန်းမှာ နယ်ခြားမှထွက်ပြေးကြကာ ကစဉ့်ကလျားဖြစ်တည်နေသည်။ ယင်းတို့အနက် အကြီးမားဆုံးဒုက္ခသည်အုပ်စုမှာ လူဦးရေ ၅ သန်းကျော်ရှိသည့် ပါလက်စတိုင်းလူမျိုးများဖြစ်ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းမှ ဒုက္ခသည်များအနက် အာရှပစိဖိတ်ဒေသတွင် မြန်မာနိုင်ငံမှ ဒုက္ခသည်အရေအတွက်မှာ ဒုတိယအများဆုံးဖြစ်သည်ဟု ကုလသမဂ္ဂထုတ်ပြန်ချက်အရ သိရသည်။ အာရှပစိဖိတ်ဒေသ၏ ဒုက္ခသည်အများဆုံးနေရပ်စွန့်ခွာကြသူဦးရေတွင် ၁ ဒသမ ၂ သန်းရှိသည့် အာဖဂန်နစ္စတန်နိုင်ငံက ထိပ်ဆုံးတွင်ရှိနေပြီး မြန်မာနိုင်ငံတွင် ပြည်တွင်းပဋိပက္ခဖြစ်စဉ်များကြောင့် ဒုက္ခသည်အရေအတွက် ၄၅၁၈၀၀ နှင့် ဒေသတွင်း ရွှေ့ပြောင်းသွားလာနေထိုင်သူဦးရေ ၄၅၁၀၀၀ ရှိကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ စစ်တမ်းတွင်ဆိုထားရာ ဖြစ်နိုင်ခြေရှိသည်။ ယခင်က ကမ္ဘာတစ်ဝန်းတွင် တစ်မိနစ်လျှင် လူခြောက်ဦးနှုန်း နေရပ်မှစွန့်ခွာနေသော်လည်း လက်ရှိတွင် တစ်မိနစ်လျှင် လူ ၂၄ ဦးနှုန်း ရှိလာသည်ဟုလည်း ဆိုထားသည်။

အဘယ်ကြောင့်ဤကဲ့သို့ နေရပ်စွန့်ခွာကြကာ အိုးပစ်အိမ်ပစ်နှင့် ကစဉ့်ကလျားဖြစ်နေကြရပါသနည်း။ လတ်တလောဖြစ်ပျက်နေသည့် ဒေသတွင်းစစ်ပွဲများ၊ ဒေသန္တရတိုက်ပွဲများ၊ ဘဝရပ်တည်နေထိုင်မှု အခက်အခဲများကြောင့်ဟု ဆိုရမည်ဖြစ်သည်။ လူသားများမှာ ရေကြည်ရာ၊ မြက်နုရာရှာဖွေရင်း တစ်နေရာမှတစ်နေရာ ရွှေ့ပြောင်းသွားလာသည့် အစဉ်အလာသည် သမိုင်းဦးခေတ်ကာလကတည်းက ရှိသည်ဆိုငြားလည်း မျက်မှောက်ကာလတွင် ထိုကဲ့သို့အခြေအနေမရှိသလောက် ဖြစ်နေချေပြီ။ အစာရေစာရှာဖွေခြင်းသည် သားရဲတိရစ္ဆာန်တို့၏ အမူအကျင့်ဖြစ်သည်။ လူ့နယ်ပယ်တွင်ကား အားကြီးသူ၊ အသိဉာဏ်ပညာမြင့်မားသူ လူတစ်စုက အင်အားနည်းသူ၊ နိမ့်ကျသူများအပေါ်တွင် နည်းစနစ်အမျိုးမျိုး သုံးကာ ကျွန်ပြုမှုများရှိလာခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း ကိုလိုနီကျွန်ပြုခံရမှုရှိခဲ့ပြီး ခေတ်သစ်ကျွန်ပြုခံရမှုများနှင့်လည်း ကြုံတွေ့နေရသည်။

ခေတ်ရေစီးကြောင်းအပြောင်းအလဲတွင် ကိုလိုနီနိုင်ငံများသည် တစ်ဖန်ပြန်၍ ကိုယ့်မင်းကိုယ့်ချင်းနှင့် မူလအခြေသို့ ရောက်လာငြားလည်း အကြောင်းအမျိုးမျိုးတို့ကြောင့် ပြည်သူများအတွက် ငြိမ်းအေးချမ်းသာမှုကို မတည်ဆောက်နိုင်ခဲ့ချေ။ မငြိမ်းချမ်းသော ပြည်တွင်းပဋိပက္ခများ၊ လက်နက်ကိုင်ပဋိပက္ခများ ရှိနေဆဲဖြစ်သောကြောင့် အာရှပစိဖိတ်ဒေသတွင် မြန်မာနိုင်ငံအား ဒုက္ခသည်အတန်းအစား ဒုတိယနေရာသတ်မှတ်ခြင်း ဖြစ်တန်ရာသည်။

အစိုးရသစ်လက်ထက်တွင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှ ပြည်တွင်း တိုက်ပွဲများရပ်စဲနိုင်ပြီး ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ရယူနိုင်ပြီဆိုပါလျှင်၊ နိုင်ငံသားများ၏ လူမှုဘဝနှင့် အသိပညာ၊ အတတ်ပညာစွမ်းပကားကို မြှင့်တင်နိုင်ပြီဆိုပါလျှင် ဥမကွဲသိုက်မပျက် လက်ချင်းယှက်၍ အေးအတူပူအမျှ အတူတကွပေါင်းစည်းနေထိုင်ကြသော၊ မည်သည့်နေရာကိုမျှ ထွက်ခွာသွားရန်မလိုသော အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဖြစ်တည်လာမည်ကို တိုင်းရင်းသားပြည်သူများက စောင့်မျှော်နေကြသည်မှာ သေချာပါသည်။ ။

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးမိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၈ ရက် တွင် စတင်ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

## ပြည်တွင်းရေးရာ

❐ ရှေ့ဖုံးမှ

အားနည်းခဲ့ပါက နောက်ဆက်တွဲ အကျိုးဆက်များဖြစ်သည့် လူကုန်ကူးမှုဖြစ်စဉ်များ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ပေးနိုင်ခြင်းမရှိသည့်အတွက် ဒေသအတွင်း ငွေကြေးလည်ပတ်မှုရပ်တန့်ပြီး လူငယ်နှင့် လူလတ်ပိုင်းအချို့ နေရပ်စွန့်ခွာမှုများ ပြုလုပ်လာကြပါကြောင်း၊ ပြည်တွင်း၌ ကျူးကျော်နေထိုင်မှု ပြဿနာများ၊ ပြည်ပသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်ခြင်းကြောင့် တရားမဝင် အလုပ်သမားပြဿနာများ ကြုံတွေ့ရသည့်အပြင် လူမှုစီးပွားဘဝရပ်တည်ရန် ခက်ခဲသည့်အတွက် ရာဇဝတ်မှုကျူးလွန်သည့်ဖြစ်စဉ်များ ဖြစ်ပွားပေါ်ပေါက်လာနိုင်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေခြင်း၊ တရားဥပဒေစိုးမိုးမှုအားနည်းလာခြင်း စသည့် နောက်ဆက်တွဲပြဿနာများကို ရင်ဆိုင်တွေ့ကြုံနိုင်သည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျပူးပေါင်းပြီး ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ပြီးခဲ့သည့် ရေဘေးကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းထိခိုက်မှုအများဆုံးဖြစ်ခဲ့သည့် လယ်ယာစိုက်ပျိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများကို ထိထိရောက်ရောက် ပြန်လည်ထူထောင်ပေးနိုင်ရန် ကော်မတီ၊ ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စီမံဆောင်ရွက်ထားရှိမှုနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ဆွေးနွေးကြစေလိုပါကြောင်း။

စိုက်ပျိုးစရိတ်နှင့် မျိုးများ ထောက်ပံ့ပေးရုံနှင့် ရေဘေးသင့်ပြည်သူများ၏ အခက်အခဲများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြေလည်၍ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိပြီဟု မပြောနိုင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စိုက်ပျိုးသီးနှံမပေါ်မီနှင့် အစားထိုးသီးနှံများ ဈေးကွက်သို့ မရောက်ရှိမီကာလအတွင်း ဒေသအခြေအနေနှင့် ကိုက်ညီသော ထောက်ပံ့မှုများကို မည်သို့ဆောင်ရွက်သွားမည်ကိုလည်း ထည့်သွင်းဆွေးနွေးရန် လိုအပ်ပါကြောင်း၊ ထို့ပြင် နှစ်စဉ်ရေကြီးမှု၏ အဓိကဖြစ်သည့် မြစ်ချောင်းများ၊ ဆည်တာတမံများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရမည့် အမျိုးသားအဆင့် စီမံကိန်းတစ်ခု အကောင်အထည်ဖော်နိုင်ရေးအတွက် အကြံပြုဆွေးနွေးကြရန် လိုအပ်ပါကြောင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေများကို အသုံးပြုရာတွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရန်ပုံငွေသုံးစွဲမှု စာရင်းရှင်းတမ်းများအား စာရင်းစစ်ဆေးခံနိုင်ရန် ပြေစာအထောက်အထားများ စနစ်တကျထားရှိရန်နှင့် ခွဲဝေသုံးစွဲခဲ့သည့် ငွေစာရင်းရှင်းတမ်းများကို လစဉ်အမျိုးသားကော်မတီသို့ မပျက်မကွက် တင်ပြကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က ကော်မတီ၏ (၁/၂၀၁၆) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ယခုနှစ် မိုးရာသီကာလ ရေကြီးရေလျှံမှုကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားသက်မွေးဝမ်းကျောင်း လုပ်ငန်းများတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအပေါ် ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ မိုးသီးနှံနှင့် ဆောင်းသီးနှံ မစိုက်ပျိုးမီ ကြားကာလနှင့် အခြားသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်မှု ကြားကာလတို့တွင် ပြည်သူတစ်ဦးချင်းနှင့် အိမ်ထောင်စုများအား ကူညီထောက်ပံ့ပေးမှု၊ ဧရာဝတီမြစ်ကမ်းပါး ကမ်းပြိုတိုက်စားမှု၊ ဧရိယာအနိမ့်ပိုင်းနှင့် ဆက်စပ်ဒေသတို့တွင် နေထိုင်ကြသည့် စီးပွားရေး နိမ့်ကျသူများအား နေရာသစ်ရှာဖွေရွှေ့ပြောင်း အခြေချနေနိုင်ရန် ဆောင်ရွက်ပေးနေမှုများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများဖြစ်သည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒေါက်တာဝင်းမြတ်အေး၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်နှင့် ဦးဝင်းခိုင်တို့က မိမိတို့နှင့်သက်ဆိုင်သည့် ကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးကော်မတီအတွင်းရေးမှူးက အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေသုံးစွဲမှုစာရင်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး ငွေကြေးသုံးစွဲမှုအပိုင်းတွင် စာရင်းအင်းအချက်အလက်များ စနစ်တကျဖြစ်ရန် အရေးကြီးသည့်အပြင် ခွင့်ပြုရန်ပုံငွေများ သုံးစွဲရာတွင် လက်တွေ့အကျိုးရှိစေရန် တာဝန်ရှိသူများအနေဖြင့် မြေပြင်အထိ ကွင်းဆင်းစစ်ဆေး ကြပ်မတ်သွားရန်လိုအပ်ပါကြောင်း၊ မြစ်ကမ်းပါးပြိုကျသည့် နေရာများမှ ပြည်သူများကို ဘေးလွတ်ရာဒေသသို့ ပြောင်းရွှေ့ချထားပေးရာတွင်လည်း တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် သက်ဆိုင်ရာဌာနများက ညှိနှိုင်းပူးပေါင်း၍ စနစ်တကျနေရာချထားပေးရန် လိုအပ်ပါကြောင်း၊ မြေယာကိစ္စများ ဆောင်ရွက်ရာတွင် ထိရောက်လျင်မြန်မှုရှိစေရန် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက အထူးအဖွဲ့များဖွဲ့စည်း၍ စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်မှ စက်တင်ဘာလ ၂၁ ရက်အထိ စုစုပေါင်း ငွေကျပ် သန်းပေါင်း ၅၄၃၉ ဒသမ ၂၂၀ သန်း သုံးစွဲခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း

အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ(မူကြမ်း)**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**

**၁၃၇၈ ခုနှစ်၊ ရက်**

**(၂၀၁၆ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၁။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

## သံအမတ်ကြီး ဦးမောင်ဝေအား အိန္ဒိယနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် စက်တင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးမောင်ဝေအား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်

**ရန်ကုန် စက်တင်ဘာ ၂၆**

(၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဆောက်လုပ်ရေး ပင်မအလုပ်ရုံ(တောင်)ခန်းမ၌ ယနေ့ နံနက် ၈ နာရီက ကျင်းပသည်။

ရှေးဦးစွာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်အောင်ထွန်း၊ တိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းတို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အနုပညာရှင်များက အဖွင့် သီချင်း၊ ယိမ်းအက၊ တပင်တိုင်အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြိုင်ပွဲပထမနေ့ကို ဆက်လက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**






## ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်

**ဟားခါး စက်တင်ဘာ ၂၆**

(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တတိယနေ့ကို စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ဆက်လက်ကျင်းပရာ တီးခတ်တူရိယာ (အဖွဲ့လိုက်)နှင့် (တစ်ဦးချင်း)ပြိုင်ပွဲများကို လည်းကောင်း၊ လေမှုတ်တူရိယာ(အဖွဲ့လိုက်)နှင့် (တစ်ဦးချင်း)ပြိုင်ပွဲများကိုလည်းကောင်း၊ ကြိုးတပ်တူရိယာ(တစ်ဦးချင်း)ပြိုင်ပွဲများကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ခဲ့ကြသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားကို ညနေ ၅ နာရီက အဆိုပါခန်းမ၌ ဆက်လက်ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ယဉ်ကျေးမှုအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဒိုင်အဖွဲ့၊ အုပ်ချုပ်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း၊ ချင်းရိုးရာ(တစ်ဦးချင်း) အဆိုပြိုင်ပွဲနှင့် ချင်းရိုးရာ(အဖွဲ့လိုက်)အကပြိုင်ပွဲတွင် ဆုရရှိသူများကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကလည်းကောင်း၊ တီးခတ်တူရိယာ(တစ်ဦးချင်း)ပြိုင်ပွဲနှင့် လေမှုတ်တူရိယာ (အဖွဲ့လိုက်)ပြိုင်ပွဲတွင် ဆုရရှိသူများကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်ကလည်းကောင်း၊ အဆိုပြိုင်ပွဲ၊ အကပြိုင်ပွဲနှင့် အရေးပြိုင်ပွဲများတွင် ဆုရရှိသူများကို ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များကလည်းကောင်း ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို အသီးသီး ပေးအပ်ချီးမြှင့်ကြကာ ပြိုင်ပွဲတွင် ဆုရရှိသူများက ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မော်လမြိုင် စက်တင်ဘာ ၂၆**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုနှင့်အတူ ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်သော မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ သတင်းရဲတပ်ဖွဲ့ အမှတ်(၅) တပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးကြီးဝင်းမြင့်နှင့် အမှတ် (၅/၁) ဒုတပ်ဖွဲ့ခွဲရဲမှူးအေးလွင် ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၄ ရက် နံနက် ၇ နာရီမှ ၉ နာရီအထိ ကျောင်းအတွင်း၊ အပြင် ရေစီးရေလာကောင်းမွန်ရေး၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းရေးနှင့် ပေါင်းမြက်များရှင်းလင်းခြင်းကို တပ်ဖွဲ့ဝင်များနှင့်အတူ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## ရဲတပ်ဖွဲ့နေ့ဂုဏ်ပြု သန့်ရှင်းရေးဆောင်ရွက်

**ဝေါ စက်တင်ဘာ ၂၆**

ဝေါမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးအေးမြင့်နှင့် ဝေါမြို့မရဲစခန်းမှူး ဒုရဲမှူးဌေးခိုင်တို့ဦးစီး၍တပ်ဖွဲ့ဝင် ၅၀ တို့သည် စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝေါမြို့ အေးချမ်းသာယာရပ်ကွက်ရှိ ပြည်သူ့ဆေးရုံဝန်းကျင်နှင့် အများပြည်သူသုံးရေကန်တို့ကို သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ဝ၇၅)**

# ဆီးရီးယားတွင်ဖြစ်ပွားနေသည့်တိုက်ခိုက်မှုများ လုံခြုံရေးကောင်စီ မရပ်တန့်နိုင်

**နယူးယောက် စက်တင်ဘာ ၂၆**

သဘောထားကွဲလွဲမှုများရှိနေသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများသည် တိုက်ပွဲများ ပြန်လည်ပြင်းထန်လာနေသည့် ဆီးရီးယားပြည်တွင်းစစ်ကို ထိရောက်သည့် ဟန့်တားမှုတစ်စုံတစ်ရာပြုလုပ်နိုင်ခြင်း မရှိဖြစ်နေသည်။

ဆီးရီးယားအစိုးရတပ်များနှင့် အစိုးရကိုဆန့်ကျင်တိုက်ခိုက်နေသည့် သူပုန်တပ်ဖွဲ့များကြား သဘောတူထားသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သည် စက်တင်ဘာ ၁၂ ရက်ကတည်းက ပျက်ပြယ်သွားခဲ့ပြီး နှစ်ဖက်အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားလျက်ရှိသည်။

ဆီးရီးယားနိုင်ငံမြောက်ပိုင်း သူပုန်များထိန်းချုပ်ထားသည့် အလက်ပိုမြို့တွင် ဆီးရီးယားအစိုးရက လေကြောင်းတိုက်ခိုက်မှုများအပြင်းအထန်ပြုလုပ်နေခြင်းကြောင့် အရပ်သားများသေဆုံးမှုမြင့်တက်လျက်ရှိသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက စစ်ပွဲအခြေအနေကို အချိန်မီရပ်တန့်နိုင်ရန်အတွက် တနင်္ဂနွေနေ့တွင် လုံခြုံရေးကောင်စီအရေးပေါ်အစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပခဲ့သည်။



သို့သော် ရုရှားနှင့် အမေရိကန်ကိုယ်စားလှယ်များကြား အပြန်အလှန်ပြစ်တင်ဝေဖန်မှုများကြောင့် ဆွေးနွေးပွဲမှာ အလုပ်မဖြစ်ဘဲရှိနေခဲ့သည်။

ကုလသမဂ္ဂဆိုင်ရာအမေရိကန်သံအမတ် စမန်သာပါဝါက ဆီးရီးယားအစိုးရနှင့် ၎င်း၏မဟာမိတ် ရုရှားတို့၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားများသေဆုံးခဲ့ရသည်ဟု ပြစ်တင်ဝေဖန်သည်။ ကုလသမဂ္ဂဆိုင်ရာ ရုရှားသံအမတ် ဗီတလီချာကင်က သူပုန်တပ်ဖွဲ့များသည် အလက်ပိုမြို့မှအရပ်သားများ လွတ်မြောက်ရေးအတွက် တားဆီးပိတ်ဆို့ထားပြီး အရပ်သားများကို လူသားတံတိုင်းများအဖြစ် အကာအကွယ်ယူတိုက်ခိုက်နေကြသည်ဟု ပြောကြားသည်။

ကုလသမဂ္ဂ၏ ဆီးရီးယားနိုင်ငံဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးမှူး စတက်ဖန်ဒီ မီစတူရာက ၎င်း၏ ဆီးရီးယားအစိုးရနှင့် သူပုန်တပ်ဖွဲ့များကြား တိုက်ရိုက်တွေ့ဆုံဆွေးနွေးရေးအဆိုပြုချက်ကို နှစ်ဖက်စလုံးက ငြင်းပယ်ခဲ့ကြသည်ဟု ပြောကြားသည်။

ဆီးရီးယားပြည်တွင်းစစ်ကို ထိထိရောက်ရောက် ဟန့်တားနိုင်မည့် လုံခြုံရေးကောင်စီတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ ပဋိပက္ခအငြင်းပွားမှုများသည် လုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင်မဟုတ်သည့် အဖွဲ့ဝင်နိုင်ငံများအတွက် ဆွေးနွေးပွဲနှင့်ပတ်သက်ပြီး အားမလိုအားမရဖြစ်ကြရသည်။ ဆီးရီးယားတွင် ကိုယ်ပွားစစ်ပွဲတစ်ပွဲဖြစ်ပွားနေသည်ကို လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံအားလုံး သတိထားမိသည့်ဟု အီဂျစ်သံအမတ် အန်အဒယ်လက်တီက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**



## မတူညီသည့် ကမ္ဘာပတ်လမ်းကြောင်းနှစ်ခုအတွင်းသို့ ဂြိုဟ်တုရှစ်လုံးကို ဒုံးယာဉ်တစ်စင်းတည်းဖြင့် အိန္ဒိယလွှတ်တင်

**နယူးဒေလီ စက်တင်ဘာ ၂၆**

အိန္ဒိယအာကာသ သုတေသနအဖွဲ့(ISRO)သည် ဂြိုဟ်တုရှစ်လုံးကို မတူညီသည့် ကမ္ဘာပတ်လမ်းကြောင်းနှစ်ခုအတွင်းသို့ ဒုံးယာဉ်တစ်စင်းတည်းဖြင့် စက်တင်ဘာ ၂၆ ရက်တွင် လွှတ်တင်လိုက်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အိန္ဒိယနိုင်ငံ တောင်ပိုင်းရှိ အန်ဒရာပရာဒေ့ရှ်ပြည်နယ် ဘင်္ဂလားပင်လယ်အော်ကမ်းလွန်ရှိ ဆရီဟာရီကိုတာမြို့ ဆာတစ်ဒါဝမ် အာကာသစခန်းမှ အဆိုပါ ဒုံးယာဉ်ကို စက်တင်ဘာ ၂၆ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၂ မိနစ်တွင် လွှတ်တင်ခဲ့သည်။

အလေးချိန် ၃၇၁ ကီလိုဂရမ်ရှိ ကက်ဆက်-၁ အမည်ရှိ ရာသီဥတုဆိုင်ရာ အချက်အလက်များ လေ့လာရေးဂြိုဟ်တုနှင့် ဝင်ရိုးစွန်းနေချိန်ကိုက်ပတ်လမ်း(SSO)အတွင်းသို့ ပို့ဆောင်ပေးမည့် ပြည်တွင်းပြည်ပမှ ဂြိုဟ်တုခုနစ်လုံးတို့ကို အိန္ဒိယ၏ ဝင်ရိုးစွန်းဂြိုဟ်တုလွှတ်တင်ရေးဒုံးယာဉ် (PSLV C-35)ဖြင့် လွှတ်တင်ပေးခြင်းဖြစ်ပြီး ယခုလွှတ်တင်မှုသည် ဝင်ရိုးစွန်း ဂြိုဟ်တုလွှတ်တင်ရေးဒုံးယာဉ်ကို (၃၇)ကြိမ်မြောက် လွှတ်တင်ခြင်းလည်းဖြစ်သည်။

အဆိုပါ ဂြိုဟ်တုလွှတ်တင်ရေးဒုံးယာဉ်သည် အိန္ဒိယနိုင်ငံမှ ဂြိုဟ်တုသုံးလုံး၊ အယ်လ်ဂျီးရီးယားနိုင်ငံမှ ဂြိုဟ်တုသုံးလုံးနှင့် ကနေဒါနှင့် အမေရိကန်နိုင်ငံတို့မှ ဂြိုဟ်တုတစ်လုံးစီတို့ကို သယ်ဆောင်သွားသည်။

မတူညီသော ကမ္ဘာပတ်လမ်းကြောင်းနှစ်ခုအတွင်းသို့ ပို့ဆောင်ပေးရန် အိန္ဒိယ၏ ဝင်ရိုးစွန်း ဒုံးယာဉ်ဖြင့် ဂြိုဟ်တုများကို တင်ဆောင်သွားခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း ISRO က ပြောကြားသည်။

ကက်ဆက်-၁ အမည်ရှိ ဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက်အမြင့် ကီလိုမီတာ ၇၂၀ ရှိ ပတ်လမ်းတွင် နေရာချထားမည်ဖြစ်ပြီး အိန္ဒိယတက္ကသိုလ်နှင့် နည်းပညာကျောင်းများမှ လွှတ်တင်သော ဂြိုဟ်တုနှစ်လုံးနှင့် နိုင်ငံခြားတိုင်းပြည်များမှ ဂြိုဟ်တုများကို ကမ္ဘာ့မြေပြင်အထက်အမြင့် ကီလိုမီတာ ၆၇၀ ရှိ ပတ်လမ်းသို့ ပို့ဆောင်ပေးမည်ဟု သတင်းတွင်ဖော်ပြသည်။

**ဆင်ဟွာ။**

## တိုကျို-ဟီရိုရှီးမား ကျည်ဆန်ရထားပေါ်၌ မြွေတစ်ကောင်တွေ့ရှိ

**တိုကျို စက်တင်ဘာ ၂၆**

တိုကိုင်းဒိုးရှင်းကန်းဆန် ကျည်ဆန်ရထားတစ်စင်းရှိ အတွဲတစ်တွဲအတွင်း ခရီးသည်တစ်ဦးက မြွေတစ်ကောင်တွေ့ရှိပြီးနောက် ဂျပန်နိုင်ငံအလယ်ပိုင်း၌ အရေးပေါ်ရပ်နားမှုတစ်ခု စက်တင်ဘာ ၂၆ ရက်တွင် ပြုလုပ်ခဲ့ရကြောင်း သိရသည်။

တိုကျိုမြို့မှ ဟီရိုရှီးမားမြို့သို့ ပြေးဆွဲသော ကျည်ဆန်ရထားတစ်စင်းမှာ ရှီဇူအိုကာစီရင်စု၊ ဟမ်မာမတ်ဆုဘူတာရုံ၌ အစီအစဉ်မရှိဘဲ ရပ်နားမှုတစ်ရပ်ပြုလုပ်ခဲ့ရသည်။ ရဲတပ်ဖွဲ့က ကျည်ဆန်ရထားဆီသို့ အပြေးအလွှားသွားကာ မြွေကို ဖမ်းဆီးခဲ့ရသည်။ ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း၊ မြွေမှာ အညိုရောင်ဖြစ်ပြီး အရှည် ၃၀ စင်တီမီတာခန့်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖမ်းဆီးရမိသောမြွေမှာ ကျည်ဆန်ရထားအတွင်းသို့ မည်သို့ရောက်ရှိခဲ့သည်ဆိုသည်ကို ရဲတပ်ဖွဲ့က မသိရသေးပေ။ မိနစ်များစွာကြာပြီးနောက် ကျည်ဆန်ရထားခရီးစဉ်ကို ပြန်လည်စတင်ခဲ့ကြောင်း၊ အဆိုပါမတော်တဆဖြစ်ရပ်က အခြားရထားများကို နှောင့်နှေးမှုများ မဖြစ်စေခဲ့ကြောင်း ဂျပန်ဗဟိုဘူတာရုံက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**



## အိုကီနာဝါကျွန်း ရေလက်ကြားအနီးမှ တရုတ်စစ်လေယာဉ်များပျံသန်းခဲ့ဟု ဂျပန်ပြော

**တိုကျို စက်တင်ဘာ ၂၆**

ဂျပန်နိုင်ငံ အိုကီနာဝါစီရင်စုရှိ ကျွန်းများအနီးရှိ ရေလက်ကြားတစ်ခု၏အထက် ဝေဟင်တွင် တရုတ်ဂျက်တိုက်လေယာဉ်များ ဖြတ်ကျော်ပျံသန်းမှု ဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီးနောက် တရုတ်နိုင်ငံ၏ စစ်ရေးလှုပ်ရှားမှုများကို ဂျပန်က သတိရှိရှိဖြင့် လေ့လာစောင့်ကြည့်လျက်ရှိကြောင်း ဂျပန်ဝန်ကြီးအဖွဲ့ အတွင်းဝန်ချုပ် ယိုရှီဟီဒဲဆုဂကစက်တင်ဘာ ၂၆ ရက်တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

စက်တင်ဘာ ၂၅ ရက်က အင်အားပြသသည့် အနေဖြင့် တရုတ်ဂျက်တိုက်လေယာဉ်များက ဂျပန်လေကြောင်းပိုင်နက်အနီးမှ ဖြတ်ကျော်ပျံသန်းခဲ့ရာ ဂျပန်လေကြောင်းကာကွယ်ရေးတပ်ဖွဲ့မှ တိုက်လေယာဉ်များက ဝေဟင်အတွင်းသို့ ချက်ချင်းပျံတက်ကာ ပြန်လည်အင်အားပြသခဲ့သည်။

အိုကီနာဝါ၏ ကျွန်းမကြီးနှင့် မီယာကို ကျွန်းအကြား ကီလိုမီတာ ၂၅၀ ကျော် ကျယ်ဝန်းသော ရေလက်ကြား၏ အထက် နိုင်ငံတကာလေကြောင်းပိုင်နက်အတွင်း တရုတ်လေယာဉ်ရှစ်စင်း ဖြတ်ကျော်ပျံသန်းခဲ့သည်ဆို၏။

တရုတ်လေယာဉ်များသည် ဂျပန်လေကြောင်းပိုင်နက်အတွင်း ဝင်ရောက်ခြင်းမရှိသော်လည်း နိုင်ငံတကာဥပဒေနှင့် ကာကွယ်ရေးတပ်ဖွဲ့များဆိုင်ရာဥပဒေတို့အပေါ် အခြေခံ၍ လေကြောင်းပိုင်နက် ချိုးဖောက်ခံရမှု မရှိစေရေးအတွက် လေ့လာစောင့်ကြည့်မှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဆုဂ က ပြောကြားသည်။

**ကျိုဒို။**

## နယ်စပ်ဒေသအထိ ရထားလမ်းတိုးချဲ့ရေး နီပေါက တရုတ်နိုင်ငံကို မေတ္တာရပ်ခံ

**ခတ္တမန္ဒူ စက်တင်ဘာ ၂၆**

နီပေါနိုင်ငံ၏ နယ်စပ်ဒေသအနီးအထိ ရထားလမ်းကွန်ရက် တိုးချဲ့နိုင်ရေးကိစ္စကို စဉ်းစားသုံးသပ်ပေးရန် နီပေါအစိုးရက တရုတ်အစိုးရကို မေတ္တာရပ်ခံလိုက်ကြောင်း နီပေါကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တွဲဖက်အတွင်းဝန် ရာဘီရှန်ခါ ဆေဂျူက စက်တင်ဘာ ၂၆ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံသည် ကျင်းဟိုင်-တိဘက် ရထားလမ်းကွန်ရက်ကို တိုးချဲ့ရန် စီစဉ်လျက်ရှိသည်။ ဂီလောင်းမြို့သည် နီပေါနိုင်ငံ၏ ရာဆူဝါဂါဒီ နယ်စပ်ဒေသနှင့် အနီးကပ်ဆုံးမြို့ဖြစ်ပြီး ရထားလမ်းကွန်ရက်နှင့် ချိတ်ဆက်ရန် ရည်မှန်းသည်။ မိမိ၏ နယ်စပ်ဒေသအနီးအပါးရှိ နယ်စပ်မြို့များသို့ ရထားလမ်းတိုးချဲ့ဖောက်လုပ်ရန် တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏အာဏာပိုင်များကို နီပေါအစိုးရက မေတ္တာရပ်ခံထားသည်။ **ပီတီအိုင်။**

# လူ့အခွင့်အရေးချိုးဖောက်မှုကိုအကာအကွယ်မပေးသည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့နှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၆**

လူ့အခွင့်အရေးကော်မရှင်မှ ပုဂ္ဂိုလ်အချို့သည် ဆိုးရွားပြင်းထန်သည့် နှိပ်စက်ညှဉ်းပန်းမှုနှင့် နိုင်ငံသားများ၏ လူ့အခွင့်အရေးချိုးဖောက်မှုပြဿနာကို ဖြေရှင်းရာ၌ တရားမဲ့လွန်းရာရောက်သည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ လူ့အခွင့်အရေးကို မျက်ကွယ်ပြုရာရောက်သည့်အတွက် ဆွေးနွေးရခြင်းဖြစ်ပါကြောင်း ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးက ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးသည်။

ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခ) ဦးပြုံးချိုတင်သွင်းသည့် **ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရန် လူ့အခွင့်အရေးချိုးဖောက်မှုကို အကာအကွယ်မပေးသည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့အား ထိရောက်စွာအရေးယူပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**နှင့် စပ်လျဉ်း၍ ဦးတင်ထွေးက ထိုသို့ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ကော်မရှင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသည့် ပါတီစုံဒီမိုကရေစီစနစ်၏အောက်တွင်ရှိနေကြသည့် နိုင်ငံသားများ ရသင့်ရထိုက်သည့် အခြေခံလူ့အခွင့်အရေးများ ပိုမိုရရှိစေရေးနှင့် လူသားအချင်းချင်း အနိုင်အထက်ပြုကျင့်နှိပ်စက်မှုများ ပပျောက်ရန်ဖော်ထုတ်ပြီး ထိုက်သင့်သည့်အရေးယူမှုများ ဆောင်ရွက်ပေးရန် ဖွဲ့စည်းထားခြင်းဖြစ်ပါကြောင်း။

ကော်မရှင်သည် ဒီမိုကရေစီစနစ်နှင့်အတူ ဖြစ်ပေါ်လာသည့် အဖွဲ့လည်းဖြစ်ပါကြောင်း၊ ကော်မရှင် ဥပဒေအခန်း ၂၊ ပုဒ်မ ၃ ပါရည်ရွယ်ချက်အတိုင်း နိုင်ငံသားများ၏ မူလအခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရမည်။ ပုဒ်မ ၁၁ အရ တာဝန်ထမ်းဆောင်ရာတွင် ဘက်လိုက်မှုမရှိဘဲ လွတ်လပ်စွာဆောင်ရွက်ရမည်။ ပုဒ်မ ၆၁ အရ တာဝန်ထမ်းဆောင်ရာတွင် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၂၁ နှင့်အညီ ပြည်သူ့ဝန်ထမ်းများအဖြစ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။


ဦးတင်ထွေး


ဗိုလ်မှူး အောင်ဇင်မင်း


ဒေါက်တာဒေါ်ခင်စည်သူ

အဆိုရှင်တင်သွင်းသည့် ဖြစ်ရပ်တွင် ရာဇဝတ်မှုကြီးများကို အကြိမ်ကြိမ်ကျူးလွန်ပြီး နိုင်ငံသားအခွင့်အရေးများကို အကြိမ်ကြိမ်ချိုးဖောက်နေသည့် အခြေအနေကို ထင်ထင်ရှားရှားတွေ့ရမည်ဖြစ်ကြောင်း။

ကော်မရှင်အနေဖြင့် ဖြစ်ရပ်နှင့်စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းမဟုတ်ဘဲ ရဲတပ်ဖွဲ့၏ တင်ပြချက်အပေါ် အတည်ပြုညှိနှိုင်းပေးခဲ့သည်ဆိုသည်မှာ ပေါ်ပေါက်ပါကြောင်း။

ကော်မရှင်သည် အင်းဝအပ်ချုပ်ဆိုင်မိသားစု၏ ပြဋ္ဌာန်းဥပဒေများကို ဖောက်ဖျက်ကြောင်း ထင်သာမြင်သာရှိသည့် အချက်အလက်များကို တွေ့ရှိရပါလျက် အဖွဲ့အား လုပ်ပိုင်ခွင့်ပေးထားသည့် ဥပဒေပါလုပ်ပိုင်ခွင့်များကို အသုံးမပြုဘဲ စေ့စပ်ညှိနှိုင်းရန်ကို တရားသေစွဲကိုင်လုပ်ကိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အမျိုးသားလူ့အခွင့်အရေး ခေါင်းစဉ်အောက်ရှိ ကော်မရှင်အဖွဲ့အနေဖြင့် လူလူချင်းညှာတာမှုကင်းမဲ့ကာ လူ့သမိုင်း၏ ကျေးကျွန်ခေတ်မှ ကျွန်ရှင်များက နှိပ်စက်မှုပြုလုပ်သကဲ့သို့ လူ့အခွင့်အရေးချိုးဖောက်မှုရှိကြောင်း အထင်အရှားတွေ့ရှိချက်အပေါ် လျစ်လျူရှုမျက်ကွယ်ပြုပြီး ကျေးရွာ/ရပ်ကွက်တစ်ခုအတွင်းဖြစ်ပွားသည့် သာမန်လူမှုရေးပြဿနာတစ်ခုကို ငွေကြေးဖြင့် ညှိနှိုင်းကျေအေးခြင်းမျိုး အသုံးပြုအဆုံးသတ်စေခြင်းသည် လူ့အခွင့်အရေးကော်မရှင်ဟူသည့် အခန်းကဏ္ဍကို မှေးမှိန်သေးသိမ်အောင် ဆောင်ရွက်သည်ဟု မြင်ပါကြောင်း။

ကော်မရှင်အနေဖြင့် ထိုသို့ဖြေရှင်းဆောင်ရွက်ခြင်းသည် နိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို ရှာဖွေဖော်ထုတ်တင်ပြရမည့်အစား ချိုးဖောက်မှုများကို အကာအကွယ်ပေးသည့် ခံကတုတ်အဖြစ် ဖွဲ့စည်းထားသည့် ကော်မရှင်ပမာဖြစ်နေသည်ကို တွေ့ရပါကြောင်း။

လူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ပေါ့ပေါ့တန်တန်သဘောထားလုပ်ဆောင်ခြင်းဖြစ်နေပါသဖြင့် ကမ္ဘာ့အလယ်တွင် ရှက်ဖွယ်ရာပင်ဖြစ်ပါကြောင်း။

လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်သူများကို ဖော်ထုတ်ရမည့်အဖွဲ့အစည်းသည် ဖြစ်ပွားသည့်အမှုအတိမ်အနက်ကိုမကြည့်ဘဲ အမှုပိတ်သိမ်းနိုင်ရန်၊ သက်သာခွင့်ရရန် ဆောင်ရွက်ပေးနေသကဲ့သို့ ဥပဒေကြောင်းအရ အမြင့်ဆုံးအထိ ဆောင်ရွက်ရမည့်ကိစ္စကို ငွေပေး၍အနိမ့်ဆုံးဖြစ်အောင် ဆောင်ရွက်ပေးခြင်းမျိုး၊ တစ်မျိုးသားလုံးကို သိက္ခာချသကဲ့သို့ တွေ့မြင်ရပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)ပါ နိုင်ငံသားများ၏ မူလအခွင့်အရေးပါပြဋ္ဌာန်းချက်နှင့် **ပုဒ်မ ၃၅၈ ပါ** ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်မှုကို ပြဋ္ဌာန်းထားသည့်အချက်များကို ဆန့်ကျင်ရာရောက်ပါကြောင်း။

လူ့အခွင့်အရေးကို ကာကွယ်တိုးမြှင့်ရန် အချိန်ယူနေချိန်၊ နိုင်ငံတကာမှလည်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုနှင့် လုပ်ငန်းများကို အကောင်းမြင်ပူးပေါင်းဆောင်ရွက်ရန် ပြင်ဆင်နေချိန်တွင် ယခုကဲ့သို့ ကော်မရှင်၏ဖြေရှင်းမှုသည် နိုင်ငံတကာ၏ပုံရိပ်တွင် နိုင်ငံ၏ပုံရိပ်များစွာ နိမ့်ကျထိခိုက်စေပါကြောင်း ဦးတင်ထွေးက ဆက်လက်ဆွေးနွေးသည်။

အလားတူ **လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ**က ယခု ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ အင်းဝအပ်ချုပ်ဆိုင်နှင့် အမျိုးသမီးကလေးငယ်နှစ်ဦးတို့၏ဖြစ်စဉ်တွင် ကော်မရှင်အဖွဲ့ဝင်အချို့၏ မှားယွင်းစွာကျင့်သုံးလုပ်ဆောင်နေခြင်းအပေါ် စိစစ်သုံးသပ်အရေးယူရမည်မှာ ရှင်းလင်းနေပါကြောင်း၊ ကော်မရှင်အဖွဲ့ဝင်အချို့သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) နိုင်ငံသားများ၏ မူလအခွင့်အရေးတွင်ပါဝင်သည့် **ပုဒ်မ ၃၅၈** တွင် နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို တားမြစ်သည်။ **ပုဒ်မ ၃၅၉** တွင် နိုင်ငံတော်သည် ဥပဒေကျူးလွန်၍

**စာမျက်နှာ ၈ သို့ ◆**

# ချင်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၆**

ချင်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းစုစုပေါင်း ၃၈၉ ကျောင်းတွင် လိုအပ်လျက်ရှိသည့် ဆရာ ဆရာမနေအိမ်များနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဖြေကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့တွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) မှ ဦးဌေးတင်း၏ **“ချင်းပြည်နယ်အတွင်းရှိ အလယ်တန်းကျောင်း(ခွဲ)၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း(ခွဲ)နှင့် အထက်တန်းကျောင်းများရှိသော ကျေးရွာများတွင် ဆရာ ဆရာမနေအိမ်များနှင့် ကျောင်းသား ကျောင်းသူများ နေထိုင်ရန် ဘော်ဒါဆောင်များကို နိုင်ငံတော်မှ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ချင်းပြည်နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ၃၂ ကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၄၂ ကျောင်းတို့တွင် တစ်ထပ် ခြောက်ခန်းတွဲ တစ်ဆောင်စီ၊ အခြေခံပညာအလယ်တန်းကျောင်း ၃၀ နှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၁၆၂ ကျောင်းတို့တွင် တစ်ထပ် လေးခန်းတွဲ တစ်ဆောင်စီနှင့် အခြေခံပညာမူလတန်းလွန်ကျောင်း ၁၂၃ ကျောင်းတို့တွင် တစ်ထပ် နှစ်ခန်းတွဲ တစ်ဆောင်စီ ဆောက်လုပ်ပေးရန်အတွက် ချင်းပြည်နယ်ပညာရေးမှူးရုံးက ပြည်နယ်အစိုးရအဖွဲ့ထံသို့ သဘောထားမှတ်ချက်ပြန်ကြားပေးရန် တင်ပြထားပြီးဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ရရှိပါက သက်ဆိုင်ရာဘဏ္ဍာရေးနှစ်များအလိုက် ရန်ပုံငွေများ ခွဲဝေဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ၏ **“မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ရှိ ပခန်းကြီးရှေးမြို့ဟောင်းရှိ အုတ်မြို့ရိုး၊ ကျုံးနှင့်တကွ ရှေးဟောင်းသာသနိက အဆောက်အအုံများ၊ ကုန်းဘောင်ခေတ်က ထင်ရှားခဲ့သော ရွှေဥမင်တောရကျောင်းတိုက်တို့ကို ရေရှည်တည်တံ့စေရေး အလို့ငှာ မည်ကဲ့သို့ စောင့်ရှောက်ထိန်းသိမ်းပေးနေသည်ကို သိရှိလိုခြင်းနှင့် မြို့ရိုးဟောင်းကို လွယ်ကူစွာကြည့်ရှုလေ့လာနိုင်ရန် မြို့ရိုးအပြင်ဘက်မှ ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ရှိ ပခန်းကြီးရှေးမြို့ဟောင်းရှိ အုတ်မြို့ရိုး၊ ကျုံးနှင့်တကွ ရှေးဟောင်းသာသနိကအဆောက်အအုံများ၊ ကုန်းဘောင်ခေတ်က ထင်ရှားခဲ့သော ရွှေဥမင်တောရကျောင်းတိုက်အပါအဝင် ရှေးဟောင်းအဆောက်အအုံ၊ စေတီပုထိုးများ ရေရှည်တည်တံ့စေရန် နှစ်စဉ်ခွင့်ပြုရန်ပုံငွေ


ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း


ဦးဌေးတင်း

လျာထားလျက် ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိကြောင်း။

၁၉၉၀-၁၉၉၁ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ခွင့်ပြုရန်ပုံငွေ စုစုပေါင်းကျပ် ၁၇၆ ဒသမ ၁၉၆ သန်းဖြင့် ဆောင်ရွက်ထားပါကြောင်း၊ ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင်လှုပ်ခဲ့သော ငလျင်ဘေးဒဏ်ကြောင့်လည်း အချို့ရှေးဟောင်းအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုရှိ၍ ကွင်းဆင်းစစ်ဆေးမှတ်တမ်းတင်ခြင်းနှင့် အခြားလိုအပ်သည့် ပြုပြင်မှုများ ပြုလုပ်ရန် ကုန်ကျငွေခန့်မှန်းတွက်ချက်၍ နိုင်ငံတော်အစိုးရသို့ ဘဏ္ဍာငွေတောင်းခံပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့်၏ **“အစမှ အဆုံးတိုင် ပြီးမြောက်ခြင်းမရှိသော်ငြားလည်း စာပေတန်ဖိုးကြီးမားသည့် J.A. Stewart၊ C.W.Dunn၊ H.F.Searle၊ A.J.Allott နှင့် ဒေါက်တာလှဖေတို့၏ Burmese-English Dictionary နှင့် ၁၉၆၄ ခုနှစ်တွင် အပိုင်း ၅ “ဆ” အက္ခရာအထိ ပုံနှိပ်ထုတ်ဝေပြီး ရပ်ဆိုင်းသွားခဲ့သော တက္ကသိုလ်မြန်မာအဘိဓာန်တို့၏ ပြုစုပြီးသမျှတို့ကို ပြန်လည်ပုံနှိပ်ထုတ်ဝေပေးရန် အစီအစဉ်ရှိ၊ မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက J.A. Stewart၊ C.W.Dunn၊ H.F.Searle၊ A.J.Allott နှင့် ဒေါက်တာလှဖေတို့ပြုစုခဲ့သော Burmese-English Dictionary သည် တည်းပုဒ်အားလုံးပြီးစီးပြည့်စုံရန် များစွာလိုအပ်နေသေးသည့်အပြင် တက္ကသိုလ်နှစ်ခု ပူးပေါင်းဆောင်ရွက်ခဲ့သော လုပ်ငန်းဖြစ်သည့်အတွက် ပြန်လည်ပုံနှိပ်မည်ဆိုလျှင် မူပိုင်ခွင့်စသည့် ညှိနှိုင်းဖွယ်ရာကိစ္စများရှိနေခြင်းတို့ကြောင့် လောလောဆယ် ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရန် အခြေအနေမရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် ၁၉၇၅ ခုနှစ်တွင် မြန်မာစာကော်မရှင်ကို မြန်မာစာအဖွဲ့အဖြစ် ပြောင်းလဲဖွဲ့စည်းပြီး ဆရာကြီးမင်းသုဝဏ်ပြုစုခဲ့သော တက္ကသိုလ်မြန်မာအဘိဓာန်ကိုအခြေခံကာ လိုအပ်သည်များ တည်းဖြတ်ဖြည့်စွက်ပြင်ဆင်ခဲ့ပါကြောင်း၊ ထိုသို့ပြင်ဆင်ဖြည့်စွက်ပြီး “က” အက္ခရာမှ “အ” အက္ခရာအထိ ပါဝင်သော မြန်မာအဘိဓာန်(အကျဉ်းချုပ်) ငါးတွဲကိုပြုစု၍ ၁၉၇၈ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အတွင်း ထုတ်ဝေခဲ့ပါကြောင်း၊ ဤအဘိဓာန်သည် “က” မှ “အ” အထိ အက္ခရာအားလုံးပြည့်စုံသည့် ပထမဆုံးမြန်မာအဘိဓာန်ဖြစ်သည့်အပြင် ခရီးဆောင်မြန်မာအဘိဓာန်ကိုလည်း ၁၉၉၉ ခုနှစ်တွင် ပြုစုထုတ်ဝေခဲ့ပါကြောင်း၊ ထို့ပြင် မြန်မာစာအဖွဲ့သည် အဆိုပါပထမဆုံးအဘိဓာန်ထက် ကျယ်ပြန့်ခေတ်မီသည့် မြန်မာအဘိဓာန်ကြီးတစ်အုပ်ကိုလည်း ဆက်လက်ပြုစုနေဆဲဖြစ်ကြောင်း။

သို့ဖြစ်ပါ၍ ၁၉၆၄ ခုနှစ်တွင် အပိုင်း ၅ “ဆ” အက္ခရာအထိ ပုံနှိပ်ထုတ်ဝေခဲ့ပြီးသော တက္ကသိုလ်မြန်မာအဘိဓာန်ကို ပြန်လည်ထုတ်ဝေရန်မှာ ထိုအဘိဓာန်ကိုအခြေခံကာ မြန်မာစာအဖွဲ့က လိုအပ်သည်များ တည်းဖြတ်ဖြည့်စွက်ပြင်ဆင်၍ “က” အက္ခရာမှ “အ” အက္ခရာအထိပါဝင်သော မြန်မာအဘိဓာန်များကို ထုတ်ဝေပြီးဖြစ်သည့်အတွက် လတ်တလောပြန်လည်ထုတ်ဝေရန် မသင့်သေးပါကြောင်း ဒုတိယဝန်ကြီးက ဖြေကြားသည်။

အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည်ဖြိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဌေးဦးနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်းတို့က လွှတ်တော်နှစ်ရပ်အကြား သဘောထားကွဲလွဲလျက်ရှိသည့် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ရွေးချယ်ခန့်အပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်၊ ပညာအရည်အချင်းသတ်မှတ်ချက်ဆိုင်ရာပြဋ္ဌာန်းချက်၊ အစားထိုးခန့်အပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်၊ တာဝန်နှင့် လုပ်ပိုင်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်နှင့် ညှော့စာရင်းတိုင်ကြားရေးဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ပယ်ဖျက်သင့်သည့်အချက်များ၊ ရှင်းလင်းပြတ်သားစွာ ပြဋ္ဌာန်းသင့်သည့်အချက်များ၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်ပြဋ္ဌာန်းသင့်သည့်အချက်များကို ပုဒ်မတစ်ခုချင်းစီအလိုက် ထောက်ပြဆွေးနွေးကြသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များသည် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၉) ရက်မြောက်နေ့တွင် ဆက်လက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မေတ္တာ

**မေတ္တာ . . .**
**မေတ္တာဟူသည် . . .**
**သူငယ်ချင်းတွေကြား**
**ချစ်သူရည်းစားကြား**
**မောင်နှမဆွေမျိုးတွေကြား**
**ဇနီးနှင့် ခင်ပွန်းကြား**
**မိဘနှင့် သားသမီးကြား**
**ဆရာနှင့် တပည့်ကြား**

မေတ္တာဟူသည် . . . ကိုယ့်အတွက်မပါဘဲ သူ့အတွက် ကောင်းစေချင်ခြင်းသာ . . .

သူငယ်ချင်းတွေကြား . . .

"ငါကတော့ ခင်လိုက်ရတာ၊ သူကတော့ ငါ့အပေါ် ငါခင်သလောက် မခင်ဘူး"ဆိုတာ . . . သူ့အပေါ်မေတ္တာမဟုတ်ပါ။ အဲဒါ ကိုယ့်ကိုယ်ကိုယ် ချစ်တာ။ ။

သူ့မှာလည်း ကိုယ့်ခင်မင်မှုကို နားလည်မှုလွဲလို့ဖြစ်စေ၊ ကိုယ့်အပေါ် မျှော်လင့်ချက်ကြီးလို့ဖြစ်စေ စိတ်တိုင်းမကျ ဖြစ်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ သူငယ်ချင်းဆိုသည်မှာ အပြင်ပန်းက သူဘယ်လိုပဲ အဆင်ပြေအောင်မြင်နေပါစေ သူ့မှာလိုအပ်တာ၊ မစွမ်းဆောင်နိုင်တာတွေတော့ ရှိဦးမှာပါပဲ။ သူ့လိုအပ်ချက်တွေ မြင်အောင်ကြည့်တတ်ပြီး အသွားအပြန်မပါ၊ ဖြည့်ဆည်းပေးခြင်းသည်သာ . . . မေတ္တာ . . .။

ချစ်သူရည်းစားကြား . . .

"သူကကိုယ့်ကို တကယ်ချစ်တာမှဟုတ်ရဲ့လား၊ ကိုယ့်ကို ဂရုမစိုက်တာလား၊ သူချစ်ရင် ကိုယ့်အလို သူလိုက်ရမှာပေါ့" ဆိုတာ . . . .။

သူ့အပေါ်မေတ္တာမဟုတ်ပါ။ အဲဒါ ကိုယ့်ကိုယ်ကိုယ်ချစ်တာ။ ။

ချစ်သူရည်းစားဘဝမှာ (၁၅၀၀)ကိလေသာကြားမှာ (၅၂၈)ဆိုတဲ့ မေတ္တာအစိတ်အပိုင်းလေးပါမှ ခိုင်မြဲနိုင်ပါသည်။ သူ့မှာလည်း သူ့ပတ်ဝန်းကျင်၊ သူ့ဘဝ၊ သူ့အတွေး၊ သူ့မျှော်လင့်ချက်တွေ ရှိဦးမှာပါပဲ။ မြင်အောင်ကြည့်တတ်၍ အသွားအပြန်မပါ ဖြည့်ဆည်းပေးခြင်းသည်သာ . . . မေတ္တာ . . .။

မောင်နှမတွေကြား . . .

"တစ်အူထုံ့ဆင်း မောင်နှမအရင်းတွေပဲ၊ နားလည်မှုရှိပြီးသားပဲ၊ သွေးကစကားပြောထားတာ၊ ငါလုပ်ပေးနိုင်တုန်းက ဒီလောက်အထိလုပ်ပေးထားတာ၊ သူတို့လုပ်ပေးနိုင်တဲ့ အခုအချိန်မှာတော့ ငါ့မေတ္တာ ပြန်မလာပါလား" ဆိုတာ . . . သူ့အပေါ်မေတ္တာမဟုတ်ပါ။ အဲဒါ ကိုယ့်ကိုယ်ကိုယ်ချစ်တာ။ ။

တစ်အူထုံ့ဆင်း မောင်နှမအရင်းတွေဖြစ်သော်လည်း အခုအချိန်မှာ သူ့ဘဝ၊ သူ့အကြောင်း၊ သူ့ပတ်ဝန်းကျင်။ သူ့ရည်မှန်းချက်၊ သူမစွမ်းနိုင်တာတွေရှိဦးမှာပါပဲ။ မြင်အောင်ကြည့်တတ်၍ အသွားအပြန်မပါ ဖြည့်ဆည်းပေးခြင်းသည်သာ . . . မေတ္တာ . . .။

ဆွေမျိုးတွေကြား . . .

သွေးနှင့်တော်သော ဆွေမျိုးများသာမက Law (ဥပဒေ)နှင့်တော်သော ဆွေမျိုးများအကြားမှာ မေတ္တာပါမှ အေးချမ်းကြမှာပါ။ အဖိုးတန်ငါ့သားကို ပေးထားရလို့၊ တန်ဖိုးမဖြတ်နိုင်တဲ့ ငါ့သမီးကို ပေးထားရလို့ဆိုပြီး ငါတကောကောနေရင်တော့ မအေးချမ်းနိုင်ပါဘူး။ Lawနှင့်တော်ရသောသမီးကို သမီးအရင်းလို မေတ္တာနှင့်မြင်ပါ၊ (အပြောနဲ့ မဟုတ်ပါ)။ Lawနှင့်တော်ရသောသားကို သားအရင်းလို မေတ္တာနှင့်မြင်ပါ၊ (အပြောနဲ့မဟုတ်ပါ) ။ မလွယ်မှန်းတော့ သိပါသည်။ သူတို့က စည်းခြားဆက်ဆံရင် ပိုမလွယ်တော့ပါ။ သို့သော် မလွယ်တာကို ခိုင်မာသောမေတ္တာဖြင့် အသွားအပြန်မပါဘဲ၊ ဖြည့်ဆည်းပေးခြင်းသည်သာ ငြိမ်းချမ်းရာ . . .



Lawနှင့်တော်သောအစ်ကိုကို အစ်ကိုအရင်းလို မေတ္တာနှင့် မြင်ပါ၊ Law နှင့် တော်သောအစ်မကို အစ်မအရင်းနှင့်မခြား မေတ္တာနှင့်မြင်ပါ၊ Law နှင့် တော်သောမောင်ကို မောင်အရင်းလို မေတ္တာနှင့်မြင်ပါ၊ Law နှင့်တော်သော ညီမကို ညီမအရင်းနှင့် မခြားမြင်ပါ။

တစ်မိသားစုနှင့် တစ်မိသားစု ပေါင်းစည်းကြရာဝယ် လူမျိုးတူ၊ ဘာသာတူလျှင်တောင်မှ မတူညီကြတဲ့ အလေ့အကျင့်၊ ယုံကြည်မှု၊ တန်ဖိုးထားမှုတွေ ရှိတတ်တာမို့ မြင်အောင်ကြည့်ပြီး နားလည်ခွင့်လွှတ်တတ်ဖို့ လိုအပ်ပါသည်။

မောင်နှမဆွေမျိုးညာတိတွေရဲ့ဘဝတွေကို မြင်အောင်ကြည့်တတ်၍ အသွားအပြန်မပါ ဖြည့်ဆည်းပေးခြင်းသည်သာ . . . မေတ္တာ . . .။

ဇနီးနှင့်ခင်ပွန်းကြား . . .

မေတ္တာမပါဘဲ အိမ်ထောင်သက် အနှစ်သုံးလေးဆယ် မဖြစ်နိုင်ပါဘူး။ တစ်ဦးနှင့်တစ်ဦး လိုအပ်ချက်တွေကို မြင်အောင်ကြည့်တတ်ပြီး အသွားအပြန်မပါသော ဖြည့်ဆည်းပေးခြင်းသည်သာ . . . မေတ္တာ . . .။

မိဘနှင့်သားသမီးကြား . . .

မေတ္တာဆိုသည်မှာ စုန်ဆင်းပေမယ့် တစ်ခါတစ်ရံ ဆန်တက်တာကိုလည်း မိဘတိုင်း မျှော်လင့်မိတတ်ပါသည်။ "ငါအိုမင်းမစွမ်းတဲ့အခါ ငါ့သားက ငါ့ကို သိတတ်ပါ့မလား။ ငါ့သမီးက ငါ့ကိုပြုစုပါ့မလား" စလို့ တွေးမိတတ်ကြသည်။ ထိုသို့တွေးမိခြင်းမှာ သူ့အပေါ်မေတ္တာမဟုတ်ပါ။ အဲဒါ ကိုယ့်ကိုယ်ကိုယ် ချစ်တာ။

ဆရာနှင့်တပည့်ကြား . . .

ဆရာတစ်ဦးအတွက် တပည့်ဆိုတာ ရာပေါင်းများစွာ၊ ထောင်ပေါင်းများစွာရှိပါစေ၊ ဘဝတစ်ကွေ့မှာ တစ်ယောက်တလေ ပြန်တွေ့ရဖို့တောင် မလွယ်ကူပါ။ အဆန်ဆိုသည်မှာ မမျှော်လင့်ဘဲ ကိုယ်သင်ပေးနေရတဲ့ သင်ခန်းစာကို နားလည်သဘောပေါက်ပေးစေချင်သော စေတနာ၊ ဒီအတွေးအခေါ်၊ အတွေ့အကြုံ၊ အယူအဆ၊ ကျွမ်းကျင်မှုတွေကို တစ်နေ့နေ့တစ်ချိန်ချိန် သူတို့ဘဝမှာ အသုံးဝင်စေချင်သော စေတနာတစ်ခုတည်းဖြင့် သင်ကြားပေးရင်း သူတို့လေးတွေရဲ့မျက်နှာတွေမှာဖြစ်စေ၊ သူတို့က "ဩော် . . .၊ ဒီလိုကိုး၊ ဟုတ်လိုက်လေ၊ ချယ်"လို့ အာမေဋိတ်ဖြင့်ဖြစ်စေ အသိအမှတ်ပြုလိုက်တာကပင် ပီတိကိုစား၊ အားရှိစေတဲ့ မေတ္တာပါ . . .။

မေတ္တာဆိုတာ အသွားအပြန်ရှိပါသတဲ့။

ဗုဒ္ဓမြတ်စွာဘုရားက လောကသားတွေအတွက် ကြီးစွာသော မေတ္တာထားခဲ့ခြင်းသည် အပြန်မေတ္တာကို။

မျှော်လင့်လို့မဟုတ်ပါ။

မေတ္တာဆောင်လျှင် အောင်သည်တဲ့။

ဗုဒ္ဓမြတ်စွာဘုရားက အောင်မြင်ချင်လို့ လောကသားတွေအတွက် ကြီးစွာသောမေတ္တာထားခဲ့ခြင်း မဟုတ်ပါ။

မေတ္တာဆိုတာ အပြန်အတွက် မျှော်လင့်ချက်မပါ၊ အသွားအတွက်သာ ကြည်လင်ချမ်းမြေ့စေတာ . . .။

အပြန်အတွက် မျှော်လင့်ချက်မပါဘဲ အသွားအတွက်သာ ထားသင့်သောမေတ္တာမျိုးထားရခက်နေပါသလား။ "ငါ" ဆိုတာမရှိဟု မမြင်သေးလို့ပါ။ ဒိဋ္ဌိတန်းလန်းနဲ့ ပုထုဇဉ်အဖို့ မလွယ်သေးပါ။ ဒီမေတ္တာမျိုးထားသင့်မှန်း ဘယ်လိုပင်သိသိ တကယ်ကြုံလာတဲ့အခါမှာတော့ မထားနိုင်တာ "ငါ" ဆိုတဲ့စိတ်ရှိနေလို့ပါ။ "ငါ" ဆိုတဲ့စိတ်ရှိတာ၊ မရှိတာ ဘယ်လို သိနိုင်မလဲ။ ဘုန်းကြီးပြောလို့လား၊ ဘုရားဟောလို့လား၊ မြတ်စွာဘုရားနှင့်တကွ တပည့်သား သံဃာတော်အရှင်မြတ်များ၊ သူတော်ကောင်းကြီးများက ဟောဖော်ညွှန်ပြထားတာကြောင့် "ငါ" ဆိုတာမရှိလို့ သိရတာ ကျေးဇူးကြီးလှပါသည်။ မြတ်စွာဘုရားတောင်မပွင့်ခဲ့ရင် ဒီလိုသိရမှာတောင်မဟုတ်ပါဘူး။ ဒါပေမယ့် ဒီလိုသဉ္ဉာသိတစ်ခုတည်းနှင့်တော့ ဒိဋ္ဌိမပြုတ်ပါ။ ကိုယ့်ခန္ဓာမှာ ဖြစ်ပျက်ပြောင်းလဲနေတဲ့ အဖြစ်အပျက်တွေကို (ကိုရီးယားဇာတ်လမ်း ထိုင်ကြည့်သောဖွဲ့မျိုးနဲ့) ထိုင်ကြည့်ရင်း မြင်လာတဲ့အသိ ပညာသိဖြင့်သာ ဒိဋ္ဌိပြုတ်နိုင်ပါမည်။

အပြန်အတွက် မျှော်လင့်ချက်မပါဘဲ အသွားအတွက်သာ ထားသင့်သော မေတ္တာမျိုးထားဖို့ လူ့လောကမှာ မဖြစ်နိုင်ပါဘူး၊ သူတစ်ပါးကိုယ့်ကိုသာ နင်းသွားကြမယ်လို့ ယုံကြည်နေပါသလား။ မေတ္တာပေးနေတဲ့ အခိုက်အတန့်မှာ ကိုယ့်သန္တာန်မှာဖြစ်ပေါ်လာတဲ့ ကြည်နူးမှုလေးကိုသာ သတိပြုလိုက်ပါ။ အကျိုးရှိပါသည်။

"လူသားတိုင်း မေတ္တာနှလုံးသားဖြင့် ချမ်းမြေ့၍ ခေတ္တခိုနားရသော လောကကို အလှဆင်နိုင်ကြပါစေ . . ."။ ။

> **တစ်မိသားစုနှင့်တစ်မိသားစု ပေါင်းစည်းကြရာဝယ် လူမျိုးတူ၊ ဘာသာတူလျှင်တောင်မှ မတူညီကြတဲ့ အလေ့အကျင့်၊ ယုံကြည်မှု၊ တန်ဖိုးထားမှုတွေ ရှိတတ်တာမို့ မြင်အောင်ကြည့်ပြီး နားလည်ခွင့်လွှတ်တတ်ဖို့ လိုအပ်။**

**ဒေါက်တာမော်**

# ရေတာရှည်မြို့နယ် အိုင်ဝိုင်းကြီးဒေသတွင် ဒုတိယမြောက် အပန်းဖြေဆင်စခန်းဖွင့်လှစ်မည်

**ရေတာရှည် စက်တင်ဘာ ၂၆**

မြန်မာနိုင်ငံတွင် တစ်နှစ်ထက်တစ်နှစ် ပြည်ပခရီးသွားများ ပိုမိုဝင်ရောက်လာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းများ နယ်ပယ်ချဲ့ထွင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်း (၁၀)မိုင်၌ ဖိုးကျားအပန်းဖြေဆင်စခန်းကို ၂၀၀၅ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး သဘာဝတောတောင်ရေမြေသဘာဝကို နှစ်ချိုက်သဘောကျလျက်ရှိသော ပြည်ပခရီးသွားများအတွက် (၁၃)မိုင် အိုင်ဝိုင်းကြီးနေရာတွင် ဒုတိယမြောက် သိုင်းချောင်းဆင်စခန်းကို ဆောင်းရာသီနှင့် နွေရာသီကာလများအမီ ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြန်မာ့သစ်လုပ်ငန်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အခု ကျွန်တော်တို့ ဖိုးကျားဆင်စခန်းမှာ ပြည်တွင်း ပြည်ပ ဧည့်သည်တွေအတွက် သရုပ်ပြ ဆင်ခုနစ်ကောင်ထားပါတယ်။ မိုးရာသီဆိုတော့ ဧည့်အဝင်နည်းပေမယ့် မကြာခဏ ဆိုသလို နိုင်ငံခြားသားဧည့်သည်တွေလာတယ်။ နယ်သာလန်၊ ဩစတြေးလျ၊ ဂျပန်နိုင်ငံတွေက လာကြတာများတယ်"ဟု ဖိုးကျားဆင်စခန်းမှ သစ်အုပ်ကြီး ဦးရဲမြင့်က ပြောကြားသည်။



လက်ရှိ အိုင်ဝိုင်းကြီးဆင်စခန်း၌ သရုပ်ပြဆင်များကို သင်ကြားပြသခြင်းအပြင် အပန်းဖြေအနားယူရန် အဆောက်အအုံများကိုလည်း တည်ဆောက်လျက်ရှိပြီး ဘောလုံးကန်တတ်ရန် သင်ကြားပေးနေကြောင်း ဦးရဲမြင့်ကပင် ဆက်၍ပြောသည်။ ယခင်က ဖိုးကျားဆင်စခန်းမှာ ဆင်များအား ဆင်စားကျက်နှင့် ရေအခက်အခဲကြောင့် အိုင်ဝိုင်းကြီးသို့ ပြောင်းရွှေ့ခဲ့ရပြီး လာရောက်လည်ပတ်သည့် ခရီးသည်များက ဆင်များနှင့် တွေ့မြင့်ခွင့်မရခဲ့ခြင်းများကြောင့် ဝေဖန်မှုများရှိခဲ့ပြီး နောက်ပိုင်းတွင် ဆင်များအား ဖိုးကျားဆင်စခန်းသို့ ပြန်လည်ပြောင်းရွှေ့ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆောင်းရာသီနှင့်နွေရာသီ အပန်းဖြေကာလများတွင် ဧည့်သည်ဝင်ရောက်မှု ပိုမိုများပြားနိုင်မည်ဟု ခန့်မှန်းတွက်ချက်မှုများရှိပြီး ဆင်စခန်းဝန်းကျင်ရှိ စားသောက်ဆိုင်များကိုလည်း ဧည့်သည်များစားသောက်နိုင်ရန် ပူးပေါင်းဆောင်ရွက်မှုများရှိနေသည်ကို မြင်တွေ့ခဲ့ရသည်။ ဖိုးကျားဆင်စခန်းမှာ ရိုးမဖြတ်ကျော်ကားလမ်းနံဘေးတွင်ရှိသော်လည်း အိုင်ဝိုင်းကြီး ဆင်စခန်းမှာ အတွင်းသို့ နှစ်မိုင်ခန့် တောင်ပေါ်လမ်းအတိုင်း ဆက်သွားကြရပြီး အတက်၊ အဆင်း မတ်စောက်သည့်အတွက် ဆောင်းနှင့် နွေရာသီကာလများတွင်သာ သွားရောက်လည်ပတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# နိုင်ငံတကာကုန်သည်အသင်း ဥပဒေစည်းမျဉ်းများလေ့လာ၍ ဥပဒေပညာရှင်များနှင့်တိုင်ပင်ကာ UMFCCI မူဝါဒများ အသစ်ပြန်လည်ရေးဆွဲမည်

## UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် တွေ့ဆုံခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်( UMFCCI )ကို ၁၉၁၉ ခုနှစ်က ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် စတင်တည်ထောင်ခဲ့သည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်း ဗမာ့ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်အဖြစ် ဖွဲ့စည်းခဲ့သည်။ ၁၉၆၂ ခုနှစ် ဆိုရှယ်လစ်စနစ်တွင် ပုဂ္ဂလိကအခန်းကဏ္ဍ မှေးမှိန်ခဲ့သလို အသင်းကြီး၏ လုပ်ဆောင်မှုများလည်း ရပ်တန့်သွားခဲ့သည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း စျေးကွက်စီးပွားရေးစနစ် ပြန်လည်ကျင့်သုံးချိန်တွင် တစ်ဖန်ပြန်လည် ရှင်သန်လာခဲ့ရာ ၁၉၉၉ ခုနှစ်တွင် ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ်အဖြစ် ယနေ့တိုင် ရပ်တည်ခဲ့သည်။ အသင်းကြီး၏ လုပ်ငန်းတာဝန်များကို တာဝန်ခံဆောင်ရွက်ရန် သုံးနှစ်တစ်ကြိမ် ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များကို ရွေးချယ်လေ့ရှိရာ ၂၀၁၆-၂၀၁၉ ခုနှစ်အတွက် စက်တင်ဘာ ၁၇ ရက်နေ့က ကျင်းပသည့် ရွေးချယ်ပွဲတွင် ယခင် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့ကြသည်။ သို့နှင့် UMFCCI အသင်းချုပ်၏ မူဝါဒအပြောင်းအလဲနှင့် ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းအား မြန်မာ့သတင်းစဉ်က သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။**

**မေး။ UMFCCI အသင်းကြီးရဲ့ ပေါ်လစီအပြောင်းအလဲရှိမယ်ဆိုရင် သိချင်ပါတယ်။**

ဖြေ။ ပြီးခဲ့တဲ့ ၁၇ ရက်နေ့က အသင်းကြီးရဲ့ အလုပ်အမှုဆောင် ရွေးကောက်ပွဲကို ကျင်းပခဲ့ပါတယ်။ ကျွန်တော်အပါအဝင် အမှုဆောင်သစ်တွေကို ရွေးချယ်တဲ့အခါ ကျွန်တော့်ကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်တာဝန်ပေးခဲ့ကြပါတယ်။ အလွဲအပြောင်းတော့ မလုပ်ရသေးပါဘူး။ လာမယ့် အောက်တိုဘာလမှာလုပ်ဖို့ အစီအစဉ်ရှိပါတယ်။

ဒီနေ့အထိ တိုင်းဒေသကြီးနဲ့ပြည်နယ် အသင်းတွေနဲ့ ကုန်ပစ္စည်းအလိုက် ညီနောင်အသင်း ၇၂ သင်းရှိပါတယ်။ အဲဒီအသင်းတွေရဲ့ စွမ်းဆောင်နိုင်မှု အရည်အချင်းကို မြှင့်တင်ဖို့အတွက် အများကြီးလုပ်ပေးဖို့ရှိပါတယ်။ အရင်က လုပ်ပေးခဲ့တာတွေလည်းရှိတယ်။ ပြီးခဲ့တဲ့ သက်တမ်းတွေမှာလုပ်ခဲ့တဲ့ လုပ်ငန်းတွေရဲ့ အားသာချက်၊ အားနည်းချက်အပေါ် မူတည်ပြီး မူဝါဒအသစ်တွေ ချမှတ်သွားဖို့ရှိပါတယ်။ ပိုပြီးကောင်းအောင် ပြုပြင်ဆောင်ရွက်သွားဖို့ အစီအစဉ်အတွေ ရေးဆွဲထားပါတယ်။

**မေး။ လက်ရှိမြန်မာနိုင်ငံရဲ့ စီးပွားရေးအခြေအနေကို ဥက္ကဋ္ဌရဲ့ အမြင်သဘောထား ပြောပြပေးပါ။**

ဖြေ။ လက်ရှိမြန်မာနိုင်ငံရဲ့ စီးပွားရေးကို အမှန်အတိုင်းပြောရရင် ရွေးကောက်ပွဲပြီးတဲ့နောက်ပိုင်းမှာ တိုးတက်မှုနှေးကွေးတယ်လို့ မြင်တယ်။ ဒီလိုဖြစ်ရတာက အစိုးရအပြောင်းအလဲမှာ ဘယ်လိုမူဝါဒချမှတ်မလဲ။ ဒါကို စောင့်ဆိုင်းတာလည်းပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကလည်း အဲဒီမူဝါဒသစ်ပေါ်မှာ စောင့်မျှော်ရင်းနဲ့ နှေးကွေးသွားတဲ့ သဘောရှိပါတယ်။ စီးပွားရေးမှာ များသောအားဖြင့် ပုဂ္ဂလိက ကဏ္ဍက အရေးအကြီးဆုံးဖြစ်ပါတယ်။ ပုဂ္ဂလိကစီးပွားရေးဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်။ စီးပွားရေးတိုးတက်အောင်မြင်ဖို့အတွက် မြန်မာနိုင်ငံမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေ အထူးသဖြင့် ၉၅ ရာခိုင်နှုန်းကျော်ရှိတဲ့ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေဖွံ့ဖြိုးအောင် ထောက်ပံ့မှုတွေ အများကြီးလုပ်ဖို့ လိုပါတယ်။ မတိုးတက်ဘူးလားဆိုတော့ တချို့လုပ်ငန်းတွေ တိုးတက်တဲ့အပိုင်းတွေရှိတယ်။ အသေးစား၊ အလတ်စားတွေကတော့ တိုးတက်မှုနှေးကွေးနေတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်ပကလာတဲ့ ကုန်သွယ်မှုတွေနဲ့ ယှဉ်ပြိုင်ရတဲ့အတွက် အခက်အခဲဖြစ်နေတာဖြစ်ပါတယ်။ စျေးကွက်မှာ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ အိန္ဒိယ၊ တရုတ်တို့ကိုပဲ မှီခိုပြီး လုပ်နေရတယ်။ အရင်းအနှီး၊ နည်းပညာ၊ စျေးကွက်တွေကလည်း အခက်အခဲဖြစ်နေတယ်။

ကမ္ဘာ့ဘဏ်ရဲ့ ပြောကြားချက်အရတော့ မြန်မာနိုင်ငံရဲ့ စီးပွားရေးကိုကြည့်ရင် များသောအားဖြင့် ရှစ်ရာခိုင်နှုန်းလောက် တိုးတက်နေတယ်။ တကယ်လက်တွေ့ ပြည်တွင်းစီးပွားရေးအခြေအနေအရတော့ အခု နည်းနည်းတုံ့ဆိုင်းသွားတဲ့ အနေအထားဖြစ်နေတယ်။ ဒီအတွက် နိုင်ငံတော်က မူဝါဒကောင်းတွေ ချမှတ်ပံ့ပိုးပေးဖို့လိုပါတယ်။ အခုတော့ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေအတွက် ငွေကြေးအရင်းအနှီးပံ့ပိုးပေးမယ်လို့ သိရပါတယ်။ အမေရိကန်ကလည်း အမေရိကန်ဒေါ်လာ ၁၀ သန်းလောက်ကူညီမယ်။ ဂျပန်နိုင်ငံကလည်း ကူညီထားတာရှိတယ်။ အဲလို ငွေကြေး အကူအညီတွေရမယ်၊ နည်းပညာလည်းပေးမယ်ဆိုရင် တဖြည်းဖြည်း တိုးတက်လာမယ်လို့ မြင်ပါတယ်။

နောက်ပြီး နယ်စပ်က တရားမဝင်တင်သွင်းမှုတွေလည်း ရှိနေပါတယ်။ နယ်စပ်ကကျယ်တော့ ထိန်းရ၊ သိမ်းရခက်ပါတယ်။ အဲလို တရားမဝင်တင်သွင်းမှုတွေက နိုင်ငံတော်အတွက်လည်း အခွန်၊ အခ မရပါဘူး။ ပြည်တွင်းက လုပ်ငန်းရှင်တွေက သူတို့နဲ့ယှဉ်ပြိုင်ပြီး ရောင်းဖို့က စျေးကွက်အနေအထားအရ ခက်ပါတယ်။ သူတို့ တင်သွင်းလာတဲ့ ပစ္စည်းက အရည်အသွေးကောင်းတာရှိသလို မကောင်းတာလည်း ရှိနိုင်ပါတယ်။ အခွန်အခလည်း မပေးရတော့ စျေးပေါပေါနဲ့ရောင်းချလို့ရတာကြောင့် ပြည်တွင်းက ထုတ်လုပ်တဲ့လုပ်ငန်းရှင်တွေအဖို့ သူတို့နဲ့ ယှဉ်ပြီးရောင်းဖို့ တော်တော်ခက်ပါတယ်။ ထုတ်လုပ်မှုအပိုင်းမှာလည်း အခြေခံအဆောက်အအုံဖြစ်တဲ့ လျှပ်စစ်က မပြည့်မစုံဖြစ်တဲ့အပြင် သယ်ယူပို့ဆောင်ရေးမှာလည်း စရိတ်စကကြီးတဲ့အတွက် ထုတ်လုပ်မှုစရိတ်က မြင့်နေပါတယ်။ ပြည်ပနဲ့ ယှဉ်ပြီးရောင်းဖို့ လက်ရှိအနေအထားအရ ခက်ပါတယ်။

**မေး။ ဆရာရဲ့လက်ထက်မှာ UMFCCI အသင်းကို ဘယ်လိုမူဝါဒတွေနဲ့ ရှေ့ဆက်လက်ဆောင်ရွက်သွားမယ်ဆိုတာသိပါရစေ။**

ဖြေ။ အသင်းချုပ်နဲ့ပတ်သက်ပြီး နံပါတ်(၁)အနေနဲ့ အားနည်းချက်တွေရှိနေတဲ့ သင်းဖွဲ့မှတ်တမ်းစည်းမျဉ်းကို ပြုပြင်ဖို့ အားလုံးကတညီတညွတ်တည်း တောင်းဆိုနေကြတဲ့အတွက် သုံး၊ လေး၊ ငါးလအတွင်း ပြုပြင်ဖို့ ဆောင်ရွက်သွားမယ်။ ဒါ့အပြင် နိုင်ငံတကာကုန်သည်အသင်းတွေရဲ့ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေကိုလေ့လာမယ်။ ဥပဒေပညာရှင်တွေနဲ့တိုင်ပင်ပြီး အသစ်ပြန်လည်ရေးဆွဲတဲ့လုပ်ငန်းစဉ်ကို ပထမဦးစွာ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

အားနည်းချက်၊ အားသာချက်တွေအပေါ် သုံးသပ်ပြီး ကောင်းမွန်တဲ့ အုပ်ချုပ်မှုနည်းစနစ်တွေနဲ့ အသင်းကို ပြန်လည်ဖွဲ့စည်းသွားမှာပါ။ အခုဖွဲ့စည်းလိုက်တဲ့အမှုဆောင်အသစ်မှာ လူငယ် လူရွယ် လူလတ်ပိုင်းတွေတော်တော်များများပါလာတယ်။ ကျွန်တော်က အသင်းကြီးမှာ နှစ်အတော်ကြာ ဆောင်ရွက်ခဲ့သူတစ်ဦးလည်း ဖြစ်တာကြောင့် ရရှိထားတဲ့ အတွေ့အကြုံပေါ်မူတည်ပြီး အမှုဆောင်တွေရဲ့ အကြံဉာဏ်ရယူပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မကြာခင်မှာ အာဆီယံစီးပွားရေးအသိုက်အဝန်းကို ထူထောင်မှာဖြစ်တဲ့အတွက် စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ အခြားနိုင်ငံတွေနဲ့ရင်ပေါင်တန်းပြီး ယှဉ်ပြိုင်နိုင်ဖို့လိုအပ်ချက်တွေကို ကူညီဆောင်ရွက်ပေးသွားမယ်။ နိုင်ငံတကာစျေးကွက်တွေရဖို့လည်း ဆောင်ရွက်သွားမယ်။ အသင်းချုပ်နဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ နိုင်ငံတကာက မိတ်ဖက်အဖွဲ့အစည်းတွေရဲ့ ကူညီပံ့ပိုးမှုတွေနဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စတွေကိုလည်း တစိုက်မတ်မတ် ဆောင်ရွက်သွားမယ့်အစီအစဉ်တွေ ရှိပါတယ်။

**မေး။ အမေရိကန်က စီးပွားရေး အရေးယူပိတ်ဆို့မှုတွေကို ဖယ်လိုက်တယ်။ ဒါ့အပြင် ကုန်သွယ်မှုအထူးအခွင့်အရေး (GSP) တွေလည်းပေးမယ်ဆိုတဲ့အပေါ်မှာ စီးပွားရေးလုပ်ငန်းရှင်တွေကို ဘယ်လိုတိုက်တွန်းချင်ပါသလဲ။**

ဖြေ။ အမေရိကန်က မကြာမီမှာ အရေးယူပိတ်ဆို့တာတွေကို ပယ်ဖျက်ပေးတော့မယ်။ အဲဒီအတွက် မြန်မာနိုင်ငံသားပြည်သူတစ်ယောက်အနေနဲ့ရော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအနေနဲ့ပါ ကြိုဆိုပါတယ်။ အခုခရီးစဉ်မှာ အောင်အောင်မြင်မြင်လုပ်ပေးတဲ့အတွက် နိုင်ငံ့ခေါင်းဆောင်ကိုလည်း ကျေးဇူးတင်ပါတယ်။ ဖြစ်သင့်တာလည်းကြာပါပြီ။ အရေးယူပိတ်ဆို့တာတွေရှိခဲ့တဲ့အတွက် စီးပွားရေးက တိုးတက်မှုရှိသင့်သလောက်မရှိခဲ့ပါဘူး။ အခုစျေးကွက်ပွင့်လာပြီး နိုင်ငံအတွက် စျေးကွက်ကြီးလည်းရလာမယ်၊ စီးပွားရေးတွေလည်း ပိုပြီးတိုးတက်အောင်မြင်မှုရမယ်။ အထူးသဖြင့် လုပ်သားကိုအခြေပြုတဲ့ စက်မှုလုပ်ငန်းတွေ ပိုပြီး ဖွံ့ဖြိုးလာမယ်လို့ထင်ပါတယ်။ မြန်မာနိုင်ငံက လုပ်သားအင်အား တော်တော်ပေါများတဲ့အတွက် နိုင်ငံတကာကလည်း လာရောက်ရင်းနှီးမြှုပ်နှံချင်တဲ့ ဆန္ဒတွေရှိတယ်။ ဒါပေမယ့် အမေရိကန်၊ အီးယူ စတဲ့ စျေးကွက်တွေကို အရင်က မထိုးဖောက်နိုင်ခဲ့ဘူး။ အခုတော့ လမ်းတွေပွင့်လာပြီ။ GSP လည်းရမှာဖြစ်တဲ့အတွက် တော်တော်များများ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံလာမယ်လို့ မျှော်လင့်ပါတယ်။ နိုင်ငံအတွက် အများကြီးကောင်းပါတယ်။ အထည်ချုပ်လုပ်ငန်းတွေတင်မကပါဘူး။ အခြားပို့ကုန်ပစ္စည်း အမယ်သစ်တွေ များများထုတ်လုပ်ပြီး အမေရိကန်နိုင်ငံကို တင်ပို့နိုင်ဖို့ကြိုးစားရမှာဖြစ်တယ်။ အဓိကက သူတို့လိုချင်တဲ့ စံချိန်စံညွှန်းအရည်အသွေးတွေ ပြည့်မီဖို့ လိုပါတယ်။ လုပ်ငန်းရှင်တွေကလည်း တစ်ဦးနဲ့ တစ်ဦး သတင်းအချက်အလက်တွေ ချိတ်ဆက်ပြီး ဝိုင်းဝန်းလက်တွဲကြိုးစားကြမယ်ဆိုရင် နိုင်ငံ့စီးပွားရေး တိုးတက်လာမယ်လို့ မြင်ပါတယ်။ အခု လောလောဆယ် နည်းနည်းနှေးကွေးနေတဲ့ စီးပွားရေးက ၂၀၁၇ ခုနှစ်နောက်ပိုင်း ပိုပြီးအားကောင်းလာမယ်လို့ မျှော်မှန်းထားပါတယ်။

လက်ရှိအချိန်မှာ ငွေလဲနှုန်းမြင့်နေတဲ့အတွက် သွင်းကုန်လုပ်ငန်းရှင်တွေအတွက်တော့ အခက်အခဲဖြစ်တာပေ့ါ။ ပို့ကုန်လုပ်ငန်းရှင်တွေအတွက် ကောင်းပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ တွက်ချက်မှုအရတော့ ငွေကြေးမဖောင်းပွအောင်လုပ်နိုင်မှပဲ မြန်မာနိုင်ငံရဲ့ စီးပွားရေးတက်လာနိုင်မယ့်အနေအထားဖြစ်ပါတယ်။ ငွေလဲနှုန်း တည်ငြိမ်မှုပဲ လုပ်လို့ကိုင်လို့လည်း အဆင်ပြေမယ်။ စျေးကွက်တည်ငြိမ်မှာဖြစ်ပါတယ်။

**မေး။ မြန်မာ့စီးပွားရေးဖွံ့ဖြိုးဖို့ အသင်းချုပ်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ဘာတွေအကြံပြုချင်ပါသလဲ။**

ဖြေ။ အဓိက အရေးကြီးတာကတော့ ပြည်တွင်းရော၊ ပြည်ပက ရင်းနှီးမြှုပ်နှံမယ့်လုပ်ငန်းရှင်တွေအတွက် ကောင်းမွန်တဲ့၊ လွယ်ကူရှင်းလင်းတဲ့ စီးပွားရေးမူဝါဒတွေ ချမှတ်ပေးဖို့လိုပါတယ်။ အခွန်အခကအစ ပြန်သုံးသပ်ဖို့ လိုအပ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေလည်း အများကြီးလာမှာဖြစ်တဲ့အတွက် အတူလက်တွဲလုပ်ဆောင်ဖို့ ကျွမ်းကျင်လုပ်သားတွေ၊ အသိပညာရှင်၊ အတတ်ပညာရှင်တွေ မွေးထုတ်ပေးနိုင်ဖို့လည်း လိုအပ်ပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအတည်ဖြစ်သွားရင် လုပ်လို့ကိုင်လို့ လွယ်ကူသွားမယ် ထင်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေဟာ ပြည်တွင်းလုပ်ငန်းရှင်တွေထက် ငွေကြေးလည်း တောင့်တင်းတယ်။ နည်းပညာ၊ စျေးကွက်လည်းမြင့်တယ်။ အဲဒီအတွက် အတူလက်တွဲ လုပ်ဆောင်နိုင်တဲ့ ဥပဒေတွေဖြစ်ဖို့လိုသလို ပြည်တွင်းလုပ်ငန်းရှင်တွေ လုပ်လို့ကိုင်လို့ အဆင်ပြေတဲ့ ဥပဒေဖြစ်အောင် လုပ်ဖို့လိုပါတယ်။

**မေး။ မြန်မာ့စီးပွားရေးဖွံ့ဖြိုးဖို့အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်တွေ ညီနောင်အသင်းတွေနဲ့ ဘယ်လိုလက်တွဲဆောင်ရွက်သွားဖို့ရှိပါသလဲ။**

ဖြေ။ UMFCCI အသင်းချုပ်ရဲ့ အလုပ်အမှုဆောင်တွေအားလုံးကို ရွေးချယ်ကြတယ်။ ၁၉၅ ယောက်မှာ ၇၂ ယောက်ပဲ အမှုဆောင်ဖြစ်လာတယ်။ ယှဉ်ပြိုင်တုန်းက မပါလာပေမယ့်လည်း လုပ်ငန်းအလိုက် ကော်မတီလေးတွေ ဖွဲ့ဖို့ရှိတယ်။ ပါဝင်ကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေက အသင်းတွေနဲ့ ကုန်ပစ္စည်းအလိုက် ညီနောင်အသင်းအဖွဲ့ ၇၂ ဖွဲ့ကိုလည်း ဝန်ဆောင်မှုအများကြီး လုပ်ဆောင်နိုင်ဖို့ လက်တွဲကြဖို့ ဖိတ်ခေါ်ပါတယ်။

နိုင်ငံတကာနဲ့ချိတ်ဆက်ပြီး နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်တဲ့ ကုန်သွယ်မှုတွေ၊ စက်မှုလုပ်ငန်းတွေ၊ ဝန်ဆောင်မှုတွေကို အများကြီး ပူးပေါင်းဆောင်ရွက်နေတဲ့ အနေအထားဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း - ဝင်းဝင်းမော်၊ နန္ဒာဝင်း**

**ဓာတ်ပုံ - ဝင်းနန္ဒာ**

## မြန်မာ့ရုပ်မြင်သံကြားထုတ်လွှင့်မှုအစီအစဉ်

**၂၇- ၉-၂၀၁၆ (အင်္ဂါနေ့)**

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၈း၃၅ ၂၀၁၆ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် (အဆိုဘာသာရပ်(ခေတ်ဟောင်း တေးနှင့်ကာလပေါ်တေး [ဝါသနာရှင်(ပထမတန်း)အဆင့်] (အမျိုးသား)
- ၈း၄၀ ဥပဒေရေးရာအဖြာဖြာ “အတွေ့အကြုံ”
- ၉း၃၅ မြန်မာ့ရုပ်မြင်သံကြားလူငယ် အစီအစဉ်
- ၁၀း၃၅ မြန်မာ့ရုပ်မြင်သံကြားပညာရေး အစီအစဉ်
- ၁၁း၁၅ “ပြည်သူ့အတွက် အကောက်ခွန် ဦးစီးဌာနရဲ့နည်းပညာသစ် MACCS”
- ၁၁း၃၅ မျက်မှောက်ရေးရာသုံးသပ်စရာ
- ၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ “ဘုရင်မရဲ့ပန်းရွှေကြာ” (အပိုင်း-၅)
- ၁း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ “တံ့မယူလို”(အပိုင်း-၆)
- ၂း၂၀ KARAOKE World Championships(KWC) Myanmar 2016 (LEVEL-1)(Group-8)
- ၃း၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၄း၁၅ ၂၀၁၆ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် (အဆိုဘာသာရပ်)(ခေတ်ဟောင်း တေးနှင့်ကာလပေါ်တေး) [ဝါသနာရှင်(ဒုတိယတန်း)အဆင့်] (အမျိုးသား)
- ၄း၃၅ Football Magazine (ရောဝတီယူနိုက်တက်အသင်း)
- ၅း၃၅ မြန်မာ့ငွေကြေးစျေးကွက်ဆိုင်ရာ စကားဝိုင်း
- ၆း၃၅ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (တင်ဇာမော်)
- ၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ “တံ့မယူလို”(အပိုင်း-၇)
- ၈း၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ “မြန်မာပြည်တစ်လွှား ကမ္ဘာ့ခရီးသွား”
- ၉း၀၀ ပြည်တွင်းသတင်း -Yes or No Talk Show (Choice or Degree)(Part-6) -နိုင်ငံခြားဇာတ်လမ်းတွဲ “ဘုရင်မရဲ့ပန်းရွှေကြာ”(အပိုင်း-၆)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများထုတ်လွှင့်ပေးပါသည်။**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ (၆၇)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်နေ့အထိမ်းအမှတ်ဧည့်ခံပွဲသို့ တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၂၆**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ Banquet Hall ၌ ကျင်းပသည့် (၆၇)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်နေ့ အထိမ်းအမှတ်ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်သည်။**(ယာပုံ)**

ညစာစားပွဲတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် တာဝန်ရှိသူများက (၆၇)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်အထိမ်းအမှတ် အဖြစ် တရုတ်-မြန်မာ နှစ်နိုင်ငံ ပန်းချီပညာရှင်များ ကွင်းဆင်းရေးဆွဲထားသော ပန်းချီလက်ရာ များပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတက ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြား ရာတွင် နှစ်နိုင်ငံသံတမန် စတင်ထူထောင်ခဲ့သည့် ၁၉၅၀ ခုနှစ်မှစတင်၍ နှစ်နိုင်ငံအစိုးရအဆက်ဆက်တို့သည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကိုအခြေခံပြီး နှစ်နိုင်ငံအကြားဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးနှင့် အိမ်နီးချင်းကောင်းပီသသောဆက်ဆံရေးကို ထိန်းသိမ်းမြှင့်တင်ခဲ့ပါကြောင်း။

အစိုးရသစ်တာဝန်ယူပြီးနောက်ပိုင်း အလေးထားဆောင်ရွက်လျက်ရှိသည့် အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု၊ ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဖက်ဒရယ်ဒီမိုကရက်နိုင်ငံတည်ဆောက် ရေးဆောင်ရွက်ချက်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထောက်ခံအားပေး ခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် လက်ရှိ မြန်မာနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံလည်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပိုမိုကောင်းမွန်ပြီး နှစ်ဖက်အကျိုးရှိစေမည့် ကုန်သွယ်ရေး နှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်သည့် အတွက် တရုတ်နိုင်ငံအနေဖြင့် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုသစ်များ ပိုမိုလာရောက်နိုင်ရန် ကြိုဆိုကြောင်းကို ပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် တရုတ်နိုင်ငံနှင့်အတူ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေး ပိုမိုရရှိရန်အတွက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ၊ တရုတ်သံအမတ်ကြီးနှင့်ဇနီးတို့က (၆၇)နှစ် မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်နေ့အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများအား တရုတ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံကြသည်။

အဆိုပါဧည့်ခံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ် ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ် သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော် များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

---

◆ **စာမျက်နှာ ၅ မှ**

ပြစ်ဒဏ်ပေးခြင်းကိုခံရသဖြင့် အလုပ်ဒဏ်ထမ်းဆောင် ခိုင်းခြင်းနှင့် အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် နိုင်ငံတော်က ဥပဒေနှင့်အညီ တာဝန်ချမှတ်ထားခြင်းမှတစ်ပါး အဓမ္မခိုင်းစေခံခြင်းများကို တားမြစ်သည်ဟုလည်းကောင်း၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် ဥပဒေအခန်း(၂) ရည်ရွယ်ချက်(၃)မှာပါဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသား၏ မူလအခွင့်အရေးကို ပိုမိုကာကွယ်စောင့် ရှောက်ရန် လိုအပ်သည်ဟူသည့် အချက်ကိုလည်းကောင်း ချိုးဖောက်သည်ကို တွေ့ရပါကြောင်း။

ကော်မရှင်အနေဖြင့် တိုင်တန်းချက်ကို လက်ခံရရှိ ပါက ကော်မရှင်ဥပဒေ အပိုဒ်-၂၉ နှင့်အညီ သဘာဝ တရား၏ မျှတမှုသဘောတရားနှင့် တရားမကျင့်ထုံး၊ ရာဇဝတ်မှုကျင့်ထုံး သက်သေခံဥပဒေကိုပါ သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ရန် တာဝန်ပျက်ကွက် ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ကော်မရှင်ဥပဒေ၏ အပိုဒ်-၃၄ ပါ တိုင်တန်းချက် အကြောင်းအခြင်းအရာသည် ညှိနှိုင်းရနိုင်သည်ဟုယူဆပါက ညှိနှိုင်းဖြေရှင်းဆောင်ရွက် ရမည်ဟုဆိုသော်လည်း ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ အရ အညီဖြစ်ရမည်ဟု ဆိုထားပါကြောင်း၊ ကော်မရှင် အဖွဲ့ဝင်တချို့၏ လုပ်ဆောင်ချက်မှာ မညီညွတ်သည်ကို တွေ့ရပါကြောင်း၊ ညှိနှိုင်းနိုင်ရန် တရားမမှုနှင့် သက်ဆိုင် ပါက လက်ခံနိုင်သော်လည်း ယခုဖြစ်စဉ်သည် ရာဇဝတ်မှု (ရာဇသတ်ပုဒ်မ)ကို ကျူးလွန်နေသည်ကို တွေ့ရကြောင်း ဆွေးနွေးသည်။

ထို့အပြင် ကော်မရှင်အဖွဲ့ဝင်များသည် နိုင်ငံတကာ ၏ ကလေးသူငယ်ဥပဒေကို ချိုးဖောက်နေတာကိုတွေ့ရ ပါကြောင်း၊ နိုင်ငံတကာအမျိုးသမီးအခွင့်အရေးစာချုပ် ကိုလည်း ချိုးဖောက်နေခြင်းဖြစ်ပါကြောင်း၊ ရာဇဝတ်မှုကို ဟန့်တားရန်နှင့် လူ့အခွင့်အရေးချိုးဖောက်မှုကို ကာကွယ် ရန် နိုင်ငံသားတိုင်း၌ တာဝန်ရှိပါကြောင်း၊ တာဝန်ပေးအပ် ခြင်းခံရသည့် ကော်မရှင်အဖွဲ့ဝင်အနေဖြင့် လူ့အခွင့်အရေး ကို မြတ်နိုးသည့်လူသားတစ်ယောက်အဖြစ် တာဝန်အပြည့် ရှိပါကြောင်း။

ကော်မရှင်အဖွဲ့ဝင်အချို့၏လုပ်ရပ်သည် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပါကြောင်း၊ ကျူးလွန်သူ ကို အပြစ်လျော့အောင် လုပ်ဆောင်ပေးနေခြင်း၊ တရားစီရင် မှုကို မှားယွင်းအောင်လုပ်ဆောင်နေခြင်း ဖြစ်ပါကြောင်း။

လူ့အခွင့်အရေးချိုးဖောက်မှုကို အကာအကွယ်မပေး သည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့အား အရေးယူပေးပါရန် ပြည်ထောင်စုအစိုးရ အား တိုက်တွန်းကြောင်း ဒေါက်တာဒေါ်ခင်စည်သူက ဆက်လက်ဆွေးနွေးသည်။

ထို့အတူ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ဇင်မင်းက ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက ကမ္ဘာ့ လူ့အခွင့်အရေးကြေညာစာတမ်းကို ချမှတ်အတည်ပြု ထုတ်ပြန်ခဲ့ရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်က ၂၀၁၃ ခုနှစ် ဧပြီလ ၁၇ ရက်တွင် အဆိုပါ စာတမ်းကို မြန်မာဘာသာသို့ပြန်ဆိုပြီး ထုတ်ဝေခဲ့ပါ ကြောင်း၊ အဆိုပါကြေညာစာတမ်း၏ အပိုဒ် ၅ နှင့် အပိုဒ် ၇ တို့တွင် လူ့ဂုဏ်သိက္ခာနှင့် တန်းတူရှိမှုကို ဖော်ပြထား သည်ကို တွေ့ရှိရပါကြောင်း။

ကော်မရှင်၏ ဆောင်ရွက်ချက်များကိုကြည့်ပါက ကော်မရှင်မှ အဖွဲ့ဝင်အချို့သည် ဥပဒေကြောင်းအရ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အားနည်းခဲ့ပြီး ပြစ်မှုကျူးလွန်သူများ သက်သာခွင့်ရအောင် ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည့် သဘောသက်ရောက် ကာ လုပ်ရမည့်လုပ်ငန်းစဉ်များအတိုင်း လုပ်ဆောင်ခြင်း မပြုဘဲ မိမိတို့ကော်မရှင်၏ရည်ရွယ်ချက်၊ တာဝန်ဝတ္တရား များအပေါ် ပျက်ကွက်မှုရှိသည့်အခြေအနေမျိုး ဖြစ်ပေါ် ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ညီလာခံသဘောတူစာချုပ်သည် ကမ္ဘာတစ်ဝန်းရှိ ကလေး သူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက် ရန်ရည်ရွယ်ပြီး ထုတ်ပြန်ထားခြင်းဖြစ်၍ မြန်မာနိုင်ငံအစိုးရ သည် အဆိုပါစာချုပ်ကို ၁၉၉၁ခုနှစ်တွင် သဘောတူ လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ၁၉၉၃ ခုနှစ် မြန်မာနိုင်ငံ ကလေးသူငယ်ဥပဒေနှင့် မြန်မာနိုင်ငံကလေးသူငယ် နည်း ဥပဒေများသည် ကလေးသူငယ်များကို ကာကွယ်စောင့် ရှောက်ပေးရန် တိုက်တွန်းထားသည်ကို တွေ့ရှိရပါကြောင်း။

၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁ ဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းဥပဒေ၏ အခန်း ၁၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၁)၊ (၂)နှင့် (၃)တို့တွင် လူ့အခွင့်အရေးနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏အခွင့်အရေးများ၊ ကုလသမဂ္ဂက ထုတ်ပြန် ကြေညာထားသော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ပါ လူ့အခွင့်အရေးများနှင့် နိုင်ငံတော်က လိုက်နာရန်ရှိသော အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်စာတမ်းများ တွင်ပါရှိသည့် လူ့အခွင့်အရေးများကို ရည်ညွှန်းထားပါ ကြောင်း ဆွေးနွေးသည်။

ထို့အပြင် Myanmar Now ဂျာနယ်သတင်းထောက် ချုပ် ဦးဆွေဝင်း၏ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ထံ တိုင်ကြားခဲ့မှုအပေါ် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး၌ နှိပ်စက်ခံရသည့် ကာယကံ ရှင်များနှင့် ၎င်းတို့၏မိဘများ၊ အင်းဝအုပ်ချုပ်ဆိုင်ပိုင်ရှင် များ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ တာဝန်ရှိသူများနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များကို မျက်နှာစုံညီခေါ်ယူ တွေ့ဆုံ၍ ညှိနှိုင်းခဲ့ရာတွင် အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ဆောင်ရွက်ချက်များကိုကြည့်ပါက ဥပဒေ နှင့်အညီ ဆောင်ရွက်မှုအပိုင်းတွင် အားနည်းချက်များရှိနေ သည်ကို တွေ့ရှိရပါကြောင်း။

ကလေးသူငယ်ဥပဒေ အခန်း၁၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(က) အရ အသက်(၁၆)နှစ်နှင့် အသက်(၁၈) နှစ်မပြည့်သေးသည့် ကလေးသူငယ်၊ လူငယ်များဖြစ်၍ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ကလေးသူငယ်များ၏အခွင့်အရေးများကို အကောင် အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)နှင့် (ဂ)တို့တွင်လည်း ကလေးသူငယ်၏ အခွင့် အရေးများကို ကာကွယ်စောင့်ရှောက်ရမည်ဟု ဖော်ပြထား ခြင်းကြောင့် ထိခိုက်နစ်နာမှုကြုံတွေ့ခဲ့ရသည့်ကလေးသူငယ် များ၏အခွင့်အရေးများကို ဥပဒေနှင့်အညီ အပြည့်အဝ ခံစားနိုင်ရေးအတွက် တာဝန်ရှိသည့် ဌာနဆိုင်ရာအဖွဲ့ အစည်းများအနေနှင့် ထိရောက်စွာလုပ်ဆောင်ပေးရမည် ဖြစ်ကြောင်း ဗိုလ်မှူးအောင်ဇင်မင်းက ဆွေးနွေးသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုး သားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်းက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အင်းဝ အပ်ချုပ်ဆိုင်တွင် အိမ်အကူအဖြစ် လုပ်ကိုင်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်မှ မသဇင်နှင့် မစန်းကေခိုင်တို့နှင့်စပ်လျဉ်း၍ သတင်းထောက် ဦးဆွေဝင်း မှ ၂၀၁၆ ခုနှစ် ဇွန်လ ၂၂ ရက်တွင် အီးမေးလ်ဖြင့် ကော် မရှင်သို့တိုင်ကြားစာပေးပို့ခဲ့ပါကြောင်း၊ တိုင်ကြားစာရရှိပြီး နောက် အဆိုပါတိုင်ကြားစာကို မိမိတို့အဖွဲ့မှစိစစ်ပြီး ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးထံ ၂၀၁၆ ခုနှစ် ဇွန်လ ၂၉ ရက် ရက်စွဲပါစာဖြင့် ဖြစ်ရပ်မှန်ကို လိုအပ်သလို စိစစ်ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန်နှင့် ရက်ပေါင်း ၃၀ အတွင်း ပြန်ကြားပေးပါရန် မေတ္တာရပ်ခံခဲ့ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ သုံးသပ်တင်ပြချက်ပါ သည့် ပြန်ကြားစာကို ကော်မရှင်မှ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၂ ရက်တွင် လက်ခံရရှိပါကြောင်း၊ ကော်မရှင်သည် အခြားနိုင်ငံများရှိ လူ့အခွင့်အရေးကော်မရှင်များကဲ့သို့ ဥပဒေအရ စည်းနှောင်မှုရှိသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ တရားစွဲဆိုအရေးယူခြင်းတို့ကို ဆောင်ရွက်ပိုင်ခွင့်မရှိဘဲ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများက လိုအပ်သလို ဆောင်ရွက်နိုင်ရေး အကြံပြုတိုက်တွန်းချက်ကိုသာ ပေးပို့ နိုင်ပါကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ သို့ ဖြစ်ရပ်မှန်အား လိုအပ်သလိုဖြေရှင်းဆောင်ရွက်ပေး နိုင်ရန် အကြောင်းကြားခဲ့ခြင်းဖြစ်ပါကြောင်း၊ နစ်နာမှုများကို ကုစားပေးနိုင်ရေးအတွက် သဘောရိုးဖြင့်သာ ဆောင်ရွက် ခဲ့ခြင်းဖြစ်ကြောင်း ပြန်လည်ရှင်းလင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်၏ သဘောထားရယူရာ ထောက်ခံမဲ ၃၇၄ မဲ၊ ကန့်ကွက်မဲ ၁ မဲ၊ ကြားနေမဲ ၈ မဲဖြင့် ဒေါပုံမဲဆန္ဒနယ်မှ ဦးငွေဝင်းအောင်(ခ) ဦးပြုံးချိုတင်သွင်းသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရန် လူ့အခွင့်အရေး ချိုးဖောက်မှုကို အကာအကွယ်မပေးသည့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့အား ထိရောက်စွာ အရေးယူပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုကို အတည်ပြုကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ဝင် ဦးနေမျိုးထွန်းက အမျိုးသားလွှတ်တော်က ပြင်ဆင် ချက်ဖြင့် အတည်ပြုပေးပို့လာသော နိုင်ငံ့ဝန်ထမ်းဥပဒေ ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ် တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီ ရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်း လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လို သည့် အပိုဒ်၊ အပိုဒ်ခွဲနှင့် အကြောင်းအရာများကို တိကျစွာ ဖော်ပြ၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် ရေးမဲဆန္ဒနယ်မှ ဒေါက်တာ ဦးအောင်ထွန်းခိုင်၏ လျှပ်စစ်မီးမရရှိသေးသော ရေးမြို့ နယ်အား လာမည့်ဘဏ္ဍာနှစ်အတွင်း မဟာဓာတ်အားလိုင်း မှ လျှပ်စစ်မီးသွယ်တန်းပေးနိုင်ရေးအစီအစဉ် ရှိ၊ မရှိ မေးခွန်း၊ အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့်၏ အောင်လံမြို့နယ်အတွင်းရှိ နိုင်ငံပိုင်အမှတ်(၃) ဓာတ်မြေ ဩဇာစက်ရုံ(ကျော်စွာ)အား ပြန်လည်ဖွင့်လှစ်ပြီး လုပ်ကိုင် ရန် အစီအစဉ် ရှိ၊ မရှိမေးခွန်းနှင့် ဆင်ပေါင်ဝဲ မဲဆန္ဒနယ်မှ ဦးနေထက်ဝင်း၏ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ က-ပ-စ (၁၃)သို့သွယ်တန်းသော 33KV ဓာတ်အားလိုင်းမှ လက်ပံ ကျေးရွာ၊ မကျီးရင်းကျေးရွာနှင့် ပိတောက်ကန်ကျေးရွာ တို့သို့ လျှပ်စစ်ဓာတ်အား အမြန်ဆုံးလွှတ်ပေးရန် အစီ အစဉ် ရှိ၊ မရှိ မေးခွန်းများနှင့်စပ်လျဉ်း၍ မေးမြန်းဖြေကြား ခဲ့ကြသည်။ **(သတင်းစဉ်)**

# သာသနာရေး၊ ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ကမ္ဘာ့YMCA အဖွဲ့ချုပ် (World Alliance of YMCAs) အထွေထွေအတွင်းရေးမှူးချုပ် Rev. Dr. Johan Vilhelm Eltcik နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ရုံးအမှတ်(၃၁) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် သာသနာရေးဆိုင်ရာကိစ္စရပ်များ၊ ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၆**



အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် The Centre for Humanitarian Dialogue (HD) အဖွဲ့မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr. Adam Cooper နှင့်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်နေမှုများ၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် HD အဖွဲ့မှ ပူးပေါင်းကူညီဆောင်ရွက်နိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဦးတင်စိုး | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သင်္ဘောကျင်းလုပ်ငန်း<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၂) ဒေါ်အေးအေးဝင်း | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန |
| (၃) ဦးအောင်အောင် | ညွှန်ကြားရေးမှူးချုပ်<br>စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (၄) ဒေါ်သန်းသန်းဆွေ | ညွှန်ကြားရေးမှူးချုပ်<br>စာရင်းဌာန<br>**မြန်မာနိုင်ငံတော်ဗဟိုဘဏ်** |

# JICA အဖွဲ့ ဖျာပုံမြို့သို့ လာရောက်လေ့လာ

**ဖျာပုံ စက်တင်ဘာ ၂၆**

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အထောက်အကူပြု မုန်တိုင်းဒဏ်ခံအဆောက်အအုံများ ဆောင်ရွက်ထားရှိမှုနှင့် စပါးစိုက်ဧရိယာများဖြစ်သည့် ကျွန်းပတ်တာဆိုင်ရာအခြေအနေများ လေ့လာရေးအတွက် CTI Engineering Co., Ltd (JICA Study Team)မှ Mr. Toshizo Maeda ဦးဆောင်သောအဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ဖျာပုံခရိုင် ဖျာပုံမြို့သို့ ရောက်ရှိ၍ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဖျာပုံမြို့နယ် တင်ပုလွဲကျေးရွာရှိ ခမင်းဆိပ် Shelter နှင့် ကျွန်းပတ်တာများအား လေ့လာခဲ့ကြောင်း သိရသည်။



အဆိုပါအဖွဲ့သည် ခရီးစဉ်အတွင်း ပဲခူးတိုင်းဒေသကြီးရှိ ဝါးကတုတ်ရေလှောင်တမံ၊ မဇင်းရေလှောင်တမံနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ညောင်တုန်း၊ မအူပင်ဒေသများရှိ ရေဘေးကာကွယ်ရေးတာတမံများ၊ ဖျာပုံမြို့နယ်ရှိ မုန်တိုင်းဒဏ်ခံအဆောက်အအုံနှင့် ကျွန်းပတ်တာများအပြင် ပဲခူးမြို့အနီး ပတ်ဝန်းကျင်ဒေသများရှိ ရေကြီးနစ်မြုပ်မှုကာကွယ်ရေးလုပ်ငန်း၊ ပဲခူး-စစ်တောင်းတူးမြောင်းနှင့် ရေတံခါးများအား လေ့လာမည်ဖြစ်ကြောင်း သိရသည်။

**(သပြေထွန်း)**

## ❖ မြန်မာဖူဆယ်မှ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် ဖူဆယ်အသင်းများကို အချိန်ယူပြင်ဆင်စေမည်ဖြစ်ပြီး အမျိုးသားလက်ရွေးစင် ဖူဆယ်အသင်းအတွက် ပေါ်တူဂီနည်းပြတစ်ဦးနှင့် ဆွေးနွေးလျက်ရှိသည်။ မြန်မာအမျိုးသားဖူဆယ်အသင်းသည် အောက်တိုဘာလကုန်တွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် ၂၀၁၆ အာဆီယံဖူဆယ်ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ယင်းပြိုင်ပွဲမတိုင်မီ နိုင်ငံခြားသားနည်းပြခန့်အပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာအမျိုးသား ဖူဆယ်အသင်းကို ကစားသမား ၂၅ ဦးဖြင့် ဖွဲ့စည်းထားပြီး လက်ရှိတွင် ပြည်တွင်းနည်းပြများက တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။ မြန်မာအမျိုးသားအသင်းသည် ယင်းပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ဩဂုတ်လက ကျင်းပခဲ့သည့် တရုတ်ဖိတ်ခေါ်ပြိုင်ပွဲကို ယှဉ်ပြိုင်ခဲ့ရာ အောင်မြင်မှုမရခဲ့သော်လည်း အီဂျစ်၊ တရုတ်၊ အင်ဒိုနီးရှားတို့နှင့် ကစားခွင့်ရခဲ့၍ အတွေ့အကြုံကောင်းများ ရရှိခဲ့သည်။ မြန်မာအမျိုးသမီးဖူဆယ်အသင်းကို လက်ရှိအချိန်ထိ ဖွဲ့စည်းရခြင်းမရှိသေးဘဲ ယခုနှစ်ကုန်ပိုင်း (သို့မဟုတ်) ၂၀၁၇ နှစ်ဆန်းပိုင်းမှသာ စတင်လေ့ကျင့်ဖွယ်ရှိနေသည်။ မြန်မာအမျိုးသမီးဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် ဦးဌေးမြင့်က ကိုင်တွယ်မည်ဖြစ်ပြီး အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့်အသင်းကို အခြေခံဖွဲ့စည်းမည်ဖြစ်သည်။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲကို မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းက W.F.C အသင်းအမည်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ အောင်မြင်မှုရယူနိုင်ခြင်းမရှိခဲ့ပေ။ မြန်မာအမျိုးသမီးအသင်းသည် အမျိုးသားအသင်းထက်စာရင်အားနည်းသလို ပြိုင်ပွဲရှိမှသာ လေ့ကျင့်ခြင်းဖြစ်သောကြောင့် တိုးတက်မှုအပိုင်းတွင် နှေးကွေးခဲ့သည်။ ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအပြီးတွင် အမျိုးသမီးအသင်းကို လေ့ကျင့်မှုရပ်နားခဲ့ပြီး ၂၀၁၅ ဆီးဂိမ်းတွင်လည်း ဖူဆယ်ပြိုင်ပွဲ ပါဝင်ခဲ့ခြင်းမရှိခြင်းကြောင့် အမျိုးသမီးဖူဆယ်အသင်းကို ယခုနှစ်မှသာ ပြန်လည်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ယင်းနှစ်သင်းစလုံးကို ထိုင်းနိုင်ငံသို့ စေလွှတ်ကာ ခြေစမ်းပွဲယှဉ်ပြိုင်ကစားစေမည်ဖြစ်ပြီး ဆုတံဆိပ်ရယူနိုင်ရေး မျှော်မှန်းထားကြောင်း သိရသည်။ **(ရှိုင်းထက်ဇော်)**

## ✻ (၂၉) ကြိမ်မြောက်မှ

ပြိုင်ပွဲပေါင်း (၁၄)ပွဲကျင်းပရာအမျိုးသားမီတာ(၅၀) Backstroke ပြိုင်ပွဲတွင် ၂၀၁၃ ခုနှစ်က အောင်မျိုးဦး၏ စံချိန် သုည မိနစ် ၂၉ ဒသမ ၉၀ စက္ကန့်ကို စံချိန် သုည မိနစ် ၂၉ ဒသမ ၈၆ စက္ကန့်ဖြင့် သင့်မြတ်က စံချိန်သစ်တင်ခဲ့သည်။ အမျိုးသမီးမီတာ(၅၀) Backstroke ပြိုင်ပွဲတွင် ၂၀၁၅ ခုနှစ်က စုမိုးသိမ့်စံ၏ စံချိန် သုည မိနစ် ၃၃ ဒသမ ၇၀ စက္ကန့်ကို စံချိန် သုည မိနစ် ၃၂ ဒသမ ၈၇ စက္ကန့်ဖြင့် ရွှန်းလဲ့မော်ဦးက စံချိန်သစ်တင်ခဲ့သည်။

စက်တင်ဘာ ၂၅ ရက်တွင် အမျိုးသား အမျိုးသမီး မီတာ (၄၀၀) Individual Medleyပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီးမီတာ (၂၀၀) Free Style ပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး မီတာ (၁၀၀) Butterfly၊ Free Style နှင့် Backstroke ပြိုင်ပွဲများ၊ အမျိုးသား အမျိုးသမီးမီတာ (၅၀) Breaststroke၊ Butterfly နှင့် Free Style ပြိုင်ပွဲပေါင်း (၁၆)ပွဲ ကျင်းပရာ မီတာ(၁၀၀) Butterfly ပြိုင်ပွဲတွင် သီဟအောင်က ယခင်တင်ခဲ့သောစံချိန်ဟောင်း သုည မိနစ် ၅၉ ဒသမ ၈၄ စက္ကန့်ကို သုည မိနစ် ၅၉ ဒသမ ၃၄ စက္ကန့်ဖြင့် စံချိန်သစ်တင်ခဲ့ သည်။

(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ပထမအကြိမ် ပဏာမရေကူး လူရွေးပြိုင်ပွဲတွင် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကလပ်အသင်းများမှ အမျိုးသား ၄၁ ဦး၊ အမျိုးသမီး ၂၇ ဦး စုစုပေါင်း ၆၈ ဦး ဝင်ရောက်ရွေးချယ်ပြိုင်ပွဲဝင်ခဲ့ပြီး ဒုတိယအကြိမ် လူရွေးပွဲကို ဒီဇင်ဘာလနောက်ဆုံးပတ်တွင် ကျင်းပရန် လျာထားကြောင်းသိရသည်။ **(မောင်မောင်ဇော်)**

## ❍ တောင်ကြီး-ပင်လုံမှ

စီးနင်းကြပြီး တောင်ကြီးလွတ်လပ်ရေးကျောက်တိုင်မှ ပင်လုံမြို့ လွတ်လပ်ရေးကျောက်တိုင်အထိ စီးနင်းကြမည်ဖြစ်ကာ စက်တင်ဘာ ၂၇ ရက် နံနက် ၆ နာရီတွင် ပင်လုံမြို့ လွတ်လပ်ရေးကျောက်တိုင်မှ တောင်ကြီးမြို့ လွတ်လပ်ရေးကျောက်တိုင်အထိ ထပ်မံစီးနင်းမည်ဖြစ်ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

# မီးရထားရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**လားရှိုး စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရထားရဲတပ်ဖွဲ့ အမှတ် (၅)တပ်ခွဲ (လားရှိုး)မှ တပ်ခွဲမှူး ဦးစီးသော ရထားတပ်ဖွဲ့ဝင်များသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ရန်တိုင်းအောင်ဘုရားဝင်းအတွင်း စက်တင်ဘာ ဒုတိယပတ် နံနက် ၇ နာရီခန့်က စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ရထားရဲတပ်ဖွဲ့ အမှတ် (၅) လားရှိုးမှ တပ်ခွဲမှူး ဒုတိယရဲမှူး တင်မောင်ထွန်း ဦးဆောင်၍ တပ်ဖွဲ့ဝင် ၁၈ ဦးတို့က ရန်တိုင်းအောင် နဂါးရုံဘုရား စောင်းတန်းတစ်လျှောက် ချုံနွယ်များ၊ ပေါင်းမြက်များ၊ အမှိုက်သရိုက်များကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ဇာဏီအောင်(လားရှိုး)**



## ❂ ညောင်ဦးမှ

အိမ်ခြေ ၂၆၈ လုံးရှိသည့်အနက် အိမ်ခြေ ၅၀ တွင် သုံးပေထုခန့်ရှိချောင်းသဲများ ဝင်ရောက်ဖုံးလွှမ်းမှုဖြစ်ပေါ်ခဲ့ပြီး အိမ်ခြေ ၆၃ လုံးတွင် ချောင်းရေများ အလုံးအရင်းဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည်။ ကျေးရွာတွင်းရှိ ချောင်းရေဝင်ရောက်ခဲ့မှုကြောင့် လူနေအိမ်အချို့မှ စပါးတင်း ၁၀၀၊ ဆန်အိတ် ၁၁ အိတ်၊ ဓာတ်မြေဩဇာ ခုနစ်အိတ်၊ ကြောင်ပန်းစေ့တင်း ၂၀၊ ငွေကျပ် ၂၁၆၅၀၀ တို့ချောင်းရေနှင့်အတူ မျောပါပျက်စီးခဲ့ရပြီး ရေတင်ဒီဇယ်အင်ဂျင်စက် ၁၇ လုံး ချောင်းသဲများဖြင့် ဖုံးလွှမ်းနစ်မြုပ်သွားခဲ့ကြောင်း ကနဦးသတင်းအရ သိရသည်။ တောင်ဖက်တန်းကျေးရွာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်ဦးဆောင်၍ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆည်မြောင်းဦးစီးဌာနက ရေကာတန်းများ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန်အတွက် တိုင်းထွာတွက်ချက်မှုများဆောင်ရွက်လျက်ရှိပြီး ချောင်းရေကြောင့် ပျက်စီးဆုံးရှုံးသွားရသည့် သီးနှံစိုက်ဧကများကို အတိအကျသိရှိနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများမှ စနစ်တကျ စာရင်းကောက်ယူလျက်ရှိကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# မြေအောက်ရေ၊ မြစ်ရေတင်နှင့် ဆည်ရေသောက်စနစ်တို့ဖြင့် ယင်းမာပင်ခရိုင်အတွင်း မိုးစပါး ဧကခြောက်ထောင်ကျော် စိုက်ပျိုးပြီးစီး

**ယင်းမာပင် စက်တင်ဘာ ၂၆**

ယင်းမာပင်ခရိုင်အတွင်း စပါးစိုက်ပျိုးရေးလုပ်ငန်းများကို မြေအောက်ရေ၊ ဆည်ရေသောက်၊မြစ်ရေတင်တို့ဖြင့် စိုက်ပျိုးလျက်ရှိရာ ယခုနှစ်မိုးစပါးစိုက်ရာသီတွင် ဧက ၇၆၀၈၉ ကို စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်အတွင်းမှာ စိုက်ပျိုးရေအဓိကရရှိတာကတော့ မြေအောက်ရေကပါ။ ၉၉ ကန်နဲ့ တောင်သူပိုင်ရေလျှံတွင်းတွေက အဓိကသုံးစွဲပါတယ်။ မိုးရာသီမှာ ရေအခက်အခဲမရှိပေမယ့် နွေစပါးစိုက်ရာသီဆိုရင်တော့ တောင်သူတွေက ကိုယ်ပိုင်ရေလျှံတွင်းတွေတူးတာတွေများတော့ ရေလျှံတွင်းတွေကနေ စိုက်ပျိုးရေထွက်ရှိမှုနည်းလာတဲ့အတွက် ၉၉ ကန်နဲ့ ဝေးတဲ့လယ်တွေက စိုက်ပျိုးရေအခက်အခဲရှိပါတယ်" ဟု ယင်းမာပင်မြို့နယ် ငါးမောင်းကျေးရွာမှ စပါးစိုက်တောင်သူတစ်ဦးက ပြောသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မိုးစပါးစိုက်ရာသီတွင် ယင်းမာပင်ခရိုင်အတွင်းရှိ ယင်းမာပင်မြို့နယ်တွင် ဆည်ရေသောက်စနစ်ဖြင့် မိုးစပါး ၂၀၆၇ ဧက၊ အခြားနည်းလမ်းဖြင့် ဧက ၃၀၀ ကို လည်းကောင်း၊ မြေအောက်ရေဖြင့် ၄၇၃၅ ဧကကို လည်းကောင်း၊ မိုးကောင်းသောက်လယ် ၂၀၈၂၈ ဧကကို လည်းကောင်း၊ ဆားလင်းကြီးမြို့နယ်တွင် မြေအောက်ရေဖြင့် ၆၂၈ ဧက၊ ဆည်ရေသောက်စနစ်ဖြင့် ၃၈၈ ဧက၊ အခြားနည်းလမ်းဖြင့် ၂၉၄ ဧက၊ မြစ်ရေတင်ဖြင့် ၆၅၇ ဧကကို လည်းကောင်း၊ မိုးကောင်းသောက်လယ် ၁၆၈၈ ဧကကို လည်းကောင်း၊ ပုလဲမြို့နယ်တွင် ဆည်ရေဖြင့်၂၀၀၈ ဧက၊ အခြားနည်းလမ်းဖြင့် ၇၂၇ ဧကနှင့် မိုးကောင်းသောက်လယ် ၄၁၇၆၉ ဧက စုစုပေါင်း ၇၆၀၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**




# မူဆယ်ခရိုင်၌ ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအတွက် ညွှန်ကြားစာထုတ်ပြန်

**ရန်ကုန် စက်တင်ဘာ ၂၆**

မူဆယ်ခရိုင် ကွတ်ခိုင်နှင့် နမ့်ခမ်းမြို့နယ်များအတွင်းရှိ ခိုလုံလီရှောတိုင်းရင်းသားကျေးရွာများ၌ ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းစင်ပပျောက်ရေးအတွက် မြို့နယ်တာဝန်ရှိသူများနှင့် ပူးပေါင်းကြပ်မတ်ဆောင်ရွက်သွားရန် ညွှန်ကြားစာကို စက်တင်ဘာ ၉ ရက်က ထုတ်ပြန်ထားကြောင်း ခိုလုံလီရှောတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးကျော်မြင့်က ပြောကြားသည်။

ယခုကဲ့သို့ထုတ်ပြန်ရခြင်းမှာ အဖွဲ့ချုပ်၏ရည်မှန်းချက်ဖြစ်သော ဒေသတွင်း ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု လုံးဝကင်းစင်သောနယ်မြေဖြစ်စေရန် ကျေးရွာအုပ်စုအလိုက်သော်လည်းကောင်း၊ ကျေးရွာတစ်ရွာချင်းအလိုက်သော်လည်းကောင်း၊ ကျေးရွာပြည်သူများနှင့် ထိတွေ့ဆက်ဆံ၍ ပညာပေးဟောပြောခြင်း၊ ညွှန်ကြားကြပ်မတ်ဆောင်ရွက်ခြင်း၊ ထိရောက်သော အရေးယူဆောင်ရွက်မှုများ အားနည်းနေသေးသည်ဟု ယူဆသောကြောင့် ညွှန်ကြားစာထုတ်ပြန်ခြင်းဖြစ်ကြောင်း ဦးကျော်မြင့်က ဆက်လက်ပြောကြားသည်။

"မူဆယ်တစ်ခရိုင်လုံးမှာ ဘိန်းစိုက်ပျိုးမှုနဲ့ မူးယစ်ဆေးဝါးသုံးစွဲမှုကို လုံးဝမရှိတော့အောင်ကို ဆောင်ရွက်သွားမှာဖြစ်တယ်။ အားနည်းနေသေးတဲ့အပိုင်းတွေကိုပြုပြင်နိုင်အောင်၊ ပြည်သူတွေလိုက်နာမှုရှိလာအောင် အခုလိုညွှန်ကြားစာထုတ်လိုက်တာဖြစ်ပါတယ်"ဟု ခိုလုံလီရှောတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးကျော်မြင့်က ပြောသည်။

ယင်းညွှန်ကြားစာများကို ဒေသတွင်းခိုလုံလီရှော တိုင်းရင်းသားကျေးရွာတစ်ရွာခြင်း၊ ကျေးရွာအုပ်စုတစ်စုခြင်း မြို့နယ်တစ်ခုချင်းစီအလိုက် ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု လုံးဝမရှိစေရေးအတွက် တာဝန်ရှိသူများအနေဖြင့် ဒေသတွင်း တိုင်းရင်းသားပြည်သူများအား ကွင်းဆင်း၍ ညွှန်ကြားကြပ်မတ်သွားရန်နှင့် ကျေးရွာအလိုက် အုပ်ချုပ်ရေးမှူးရုံးများ၊ လူစည်ကားရာ ဈေးများတွင် ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု လုံးဝမပြုလုပ်ရန် ညွှန်ကြားစာများကို ကြော်ငြာသင်ပုန်းများတွင်ကပ်၍ စနစ်တကျဆောင်ရွက်သွားရန် ညွှန်ကြားစာများ ပေးပို့ထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ညွှန်ကြားစာများကို တပ်မမျှားရှေ့တန်း အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်၊ အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မူဆယ်ခရိုင်၊ ရဲတပ်ဖွဲ့မှူး ခရိုင်ပြည်သူ့ရဲတပ်ဖွဲ့မူဆယ်ခရိုင်၊ အုပ်ချုပ်ရေးမှူးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကွတ်ခိုင်၊ အုပ်ချုပ်ရေးမှူးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နမ့်ခမ်း၊ ရဲတပ်ဖွဲ့မှူး မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့ ကွတ်ခိုင်၊ ရဲတပ်ဖွဲ့မှူး မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့ နမ့်ခမ်း၊ အဖွဲ့ခေါင်းဆောင်ပန်းဆေး(ဌာနေ) ပြည်သူ့စစ်အဖွဲ့နှင့် လက်အောက်ခံ ပြည်သူ့စစ်စခန်းများ၊ သက်ဆိုင်ရာကျေးရွာအုပ်စု ဥက္ကဋ္ဌများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရေးတို့ကို ညွှန်ကြားသွားရန် ညွှန်ကြားစာများဖြန့်ဝေထားကြောင်း သိရသည်။

**(မထွေး)**

# ရွေးကောက်ခံ မန်းစည်ပင်ကော်မတီဝင်လောင်းများအား ကန့်ကွက်နိုင်ကြောင်း ကော်မရှင်ကြေညာ

**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဝင် ရွေးကောက်ပွဲအား စက်တင်ဘာ ၂၅ ရက်တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ရွေးကောက်တင်မြှောက်ခံရသည့် ကော်မတီဝင်လောင်းများအား ကန့်ကွက်ရန်ရှိပါက ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဝင်ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်ထုတ်ပြန်သည်။

ကန့်ကွက်လွှာများကို သတ်မှတ်နောက်ဆုံးရက်ဖြစ်သည့် အောက်တိုဘာ တစ်ရက်အထိ ရုံးချိန်အတွင်း မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဝင် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌထံဖြစ်စေ၊ ၎င်းက တာဝန်လွှဲအပ်ထားသော အတွင်းရေးမှူးသို့မဟုတ် အဖွဲ့ဝင်ထံသို့ဖြစ်စေ အာမခံငွေ ကျပ်တစ်သိန်းကို ပေးသွင်းကာ ကန့်ကွက်နိုင်မည်ဖြစ်သည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ရွေးကောက်ပွဲသို့ မြို့နယ် ခြောက်မြို့နယ်အတွက် ကော်မတီဝင်လောင်း ၃၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မြို့နယ်ခြောက်မြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် အိမ်ထောင်စု ၁၅၀၀၀၀ ကျော်ရှိသည့် အနက် မဲပေးပိုင်ခွင့်ရှိသူ ၅၀ ရာခိုင်နှုန်းကျော် မဲပေးကြောင်း သိရသည်။

တစ်အိမ်ထောင်စုလျှင် တစ်မဲပေးပိုင်ခွင့်ရှိကြပြီး မဲရုံပေါင်း ၂၃၂ ရုံတွင် စက်တင်ဘာ ၂၅ ရက်က မဲပေးကြရာ မဲအများဆုံးရရှိပြီး ရွေးကောက်တင်မြှောက်ခံရသည့် ကော်မတီဝင်လောင်းများအဖြစ် ကော်မရှင်က ကြေညာထားသူများမှာ အောင်မြေသာဇံမြို့နယ်မှ ဦးခိုင်မြင့်၊ ချမ်းအေးသာစံမြို့နယ်မှ ဦးကျော်ဇေယျ၊ မဟာအောင်မြေမြို့နယ်မှ ဦးကျော်ဇောအောင်၊ ချမ်းမြသာစည်မြို့နယ်မှ ဦးဇော်မျိုးလွင်၊ ပြည်ကြီးတံခွန်မြို့နယ်မှ ဦးစောဟန်၊ အမရပူရမြို့နယ်မှ ဦးရဲမွန်တို့ဖြစ်သည်။ **(ဝဝ၂)**



# စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ပညာပေးဆွေးနွေး

**တောင်တွင်းကြီး စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူး၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီခွဲက တောင်တွင်းကြီးမြို့ (အထက-၁) ပေလေးပင်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာမြင့်က အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါ်အေးအေးမိုးက သတိပြုဖွယ်ရာ စားသောက်ကုန်နှင့် ကုန်ပစ္စည်းများအကြောင်း ဆွေးနွေးဟောပြောကာ ကျောင်းအုပ်ဆရာမကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ကျောင်းမုန့်ဈေးတန်းရှိ ဈေးဆိုင်များအား ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များရောင်းချနိုင်ရေးအတွက် အသိပညာပေးဆွေးနွေးခဲ့ပြီးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**(၅၈၀)**




# ယာဉ်အန္တရာယ်ကင်းရှင်းစေရေး လယ်ဝေးမြို့နယ်၌ ရှောင်တခင်စစ်ဆေး

**လယ်ဝေး စက်တင်ဘာ ၂၆**

နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ဗောဓိကုန်းကျေးရွာအနီး ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ရှောင်တခင်စစ်ဆေးခြင်းကို ယနေ့ နံနက် ၉ နာရီက ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စစ်ဆေးခြင်းတွင် နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့စု(၇)မှ ဒု-ရဲအုပ် ဇူလိုင်ထွန်းဦးဆောင်၍ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများက ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင် ရှိမရှိ ဆိုင်ကယ်စီးဦးထုပ်များ၊ ယာဉ်မောင်းများ ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာဆောင်ရွက်ရေး စစ်ဆေးခဲ့ကြပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ရွှေမိုးငယ်)**



# မြစိမ်းရောင်ရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ အဆင်ပြေလျက်ရှိ

**ရေကြည် စက်တင်ဘာ ၂၆**

ပုသိမ်ခရိုင် ရေကြည်မြို့နယ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ရန်ပုံငွေများအား သတ်မှတ်ယူနစ်တစ်ယူနစ်လျှင် ကျပ်သိန်း ၃၀၀ နှုန်းဖြင့် ဘဏ္ဍာနှစ်များအလိုက်ထုတ်ချေးပေးခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၂၀ ယူနစ်၊ ၂၀၁၅-၂၀၁၆ တွင် ၂၂ ယူနစ်နှင့် ၂၀၁၆-၂၀၁၇ အတွက် ယူနစ် ၂၀ ဖြင့် ဘဏ္ဍာနှစ်သုံးနှစ်အတွင်း စုစုပေါင်းယူနစ် ၆၃ ယူနစ်ရှိ ကျေးရွာစုစုပေါင်း ၁၀၆ ရွာတွင် ငွေကျပ်သိန်းပေါင်း ၁၈၉၀၀ ရန်ပုံငွေထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ မြစိမ်းရောင်ရန်ပုံငွေဖြင့် မြို့နယ်တစ်ခုလုံးတွင် လွှမ်းခြုံမှုရာခိုင်နှုန်း ၂၀ ရှိနေပြီး ကျေးလက်နေပြည်သူများအနေဖြင့် ဒေသအခြေအနေနှင့် ကိုက်ညီသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ငွေစုငွေချေးလုပ်ငန်းများအပါအဝင် ပုံမှန်ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ထူထောင်ပေးနိုင်ခဲ့ကြောင်း၊ ဌာနအနေဖြင့် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ပိုမိုနည်းပါးလာရေးကို ရှေးရှုအလေးပေးဆောင်ရွက်လျက်ရှိကြောင်း ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇေယျာဇော်မျိုးက ရှင်းလင်းပြောကြားခဲ့သည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# ကြန့်ကြာမှုများကိုလျှော့ချ၍ တရားရုံးစွမ်းရည်မြင့်မားလာရန် တရားရုံး-ရှေ့ပြေးတရားရုံးအစီအစဉ် အကောင်အထည်ဖော်ရေးဆွေးနွေး

**မကွေး စက်တင်ဘာ ၂၆**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် အမေရိကန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ တရားဥပဒေစိုးမိုးမှု မြှင့်တင်ရေးစီမံကိန်း (USAID-PRLP) တို့ ပူးပေါင်းဆောင်ရွက်သည့် မကွေးမြို့နယ် တရားရုံး-ရှေ့ပြေးတရားရုံးအစီအစဉ် (Pilot Court Program) အကောင်အထည်ဖော်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိန်ထွန်းက အမှာစကား ပြောကြားသည်။ ယင်းနောက် မကွေးတိုင်းဒေသကြီး တရားရေးဦးစီးမှူးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မဟာဗျူဟာစီမံကိန်းကိုလည်းကောင်း၊ မကွေးခရိုင် တရားသူကြီးက ရှေ့ပြေးတရားရုံးတွင် ဆောင်ရွက်မည့် မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ရှေ့ပြေးတရားရုံး၏ရည်မှန်းချက်မှာ ကြန့်ကြာမှုများကိုလျှော့ချ၍ တရားရုံးစွမ်းရည်မြင့်မားလာရန် ခေတ်မီအမှုသွား အမှုလာစီမံခန့်ခွဲသည့် လုပ်ထုံးလုပ်နည်းများနှင့် ပြည်သူများ တရားရုံးလုပ်ငန်းများနှင့် သတင်းအချက်အလက်များကို လွယ်ကူစွာ လက်လှမ်းမီစေရေးအတွက် အထောက်အပံ့များ၊ အစီအစဉ်များစသည့် အဓိကနယ်ပယ်နှစ်ရပ်တွင် တီထွင်ဆန်းသစ်သည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးမှုများကို မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က ပြန်လည်ဖြေကြားခဲ့ပြီး အဆိုပါ ဆွေးနွေးပွဲသို့ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။




**ညီညီမောင်(မကွေး)**

# မိုးရွာသွန်းမှုများကြောင့် သွားလာရေးခက်ခဲသောလမ်း အမြန်ဆုံးပြုပြင်စေလို

**ကျောက်ကြီး စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မြို့မရပ်ကွက်တစ်ခုဖြစ်သော တောင်ငူတန်းရပ်ကွက်နှင့် တုံးကြီးကျေးရွာအုပ်စုအတွင်း သွားလာရာ အဓိကလမ်းဖြစ်သော ပကတိမြေသားလမ်းမှာ စက်တင်ဘာ ၂၅ ရက်က မိုးရွာသွန်းမှုများသောကြောင့် ကမ်းပြိုမှုများ ချောင်းရိုးတစ်လျှောက် ဖြစ်ပေါ်လျက်ရှိပြီး လမ်းကျဉ်းကာ သွားလာရခက်ခဲရာ သက်ဆိုင်ရာတာဝန်ရှိသူများ အမြန်ဆုံးပြုပြင်ပေးစေလိုကြောင်း ခရီးသွားပြည်သူများထံမှ သိရသည်။



ယင်းလမ်းပျက်စီးမှုသည် တောင်ငူတန်းရပ်ကွက်နှင့် ရှမ်းချောင်းကျေးရွာသို့ ဆက်သွယ်ရာ လမ်းအရှည်မိုင်ဝက်ခန့်ရှည်လျားပြီး ပြုပြင်သူမရှိဘဲဖြစ်နေကြောင်း ရှမ်းချောင်းကျေးရွာဒေသခံများက ပြောသည်။

"လမ်းကအစကတည်းက သွားလာရတာခက်ခဲတယ်။ နှစ်တိုင်းဒီလိုပဲ။ ဒေါ်လေးတို့က နေ့စဉ်ဒီလမ်းကိုလျှောက်ပြီး အသွားအပြန် ဈေးတောင်းခေါင်းပေါ်တင် ရောင်းစားနေရတာ။ ဒီလမ်းကို ပြုပြင်ပေးစေချင်တယ်။ သွားလာရတာခက်ခဲသလောက် ဒုက္ခရောက်တယ်။ တာဝန်ရှိသူတွေ ခုလိုမိုးရွာချိန်တစ်ခါလောက် ဒီလမ်းကို အခြေအနေလေးကို သိစေချင်တယ်"ဟု တောင်ငူတန်းရပ်ကွက်နေ ပန်းရောင်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ဒေါ်ပဲလှော်က ပြောသည်။

"ဒီလမ်းက ခရီးသွားပြည်သူအများဆုံး အသုံးပြုတဲ့လမ်းပါ။ ကျောက်ကြီးမြို့ကိုသွားမယ်ဆိုရင် အနီးဆုံးလမ်းပါပဲ။ ခုတော့သားဖွားလူနာနဲ့ အရေးပေါ်လူနာ သွားမယ်ဆိုရင်တောင် အခက်အခဲဖြစ်နေရပါပြီ။ မိုးတွင်းကာလဆိုတော့ ပိုလို့ဆိုးပါတယ်။ ကမ်းက မိုးရွာတိုင်းပြိုတော့ လမ်းကကျဉ်းသထက် ကျဉ်းပြီး လမ်းရှောင်ရင်တောင် ခက်ပါတယ်။ မြို့နယ်တာဝန်ရှိသူတွေ အမြန်ဆုံး ပြုပြင်ပေးစေချင်တယ်"ဟု ရှမ်းချောင်းကျေးရွာနေ ဦးဝင်းနိုင်က ပြောသည်။

ယင်းလမ်းကို ပြုပြင်နိုင်ရန် ၂၀၁၄ ခုနှစ်တွင် ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးဌာနသို့ ကျပ်သိန်း ၁၃၆၀ တင်ပြဆောင်ရွက်ထားပြီးဖြစ်ကြောင်းနှင့် လမ်းပြန်လည်ပြုပြင်နိုင်ရန် မှတ်တမ်းဓာတ်ပုံရိုက်ယူကာ ထပ်မံတင်ပြလုပ်ဆောင်သွားမည်ဟု တုံးကြီးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးက ပြောသည်။

**(ကိုကျောက်ကြီး)**

# (သိုင်း)ရနယ်ချောင်းတိုက်စားမှုကြောင့် လူနေအိမ်အချို့ အရေးပေါ်ရွှေ့ပြောင်းရမည်

**ရေတာရှည် စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စိုင်းရသစ်တောကြိုးဝိုင်းနယ်မြေရှိ (၆)မိုင် သစ်တောကျေးရွာရှိ လူနေအိမ်အချို့မှာ (သိုင်း)ရနယ်ချောင်းတိုက်စားမှုကြောင့် ရွှေ့ပြောင်းရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ(၆)မိုင်သစ်တောကျေးရွာသည် လူနေအိမ် ၉၀ ကျော်ရှိပြီး မြောက်မှတောင်သို့စီးဆင်းကာ သိုင်းချောင်းအတွင်းသို့ ပေါင်းဆုံသည့် ရနယ်ချောင်းမှာ ယခုရက်ပိုင်း ရွာသွန်းသည့်မိုးကြောင့် အရှေ့ဘက်ခြမ်းကမ်းပါးများ ဆက်တိုက်ပြိုကျရာမှ လူနေအိမ်များ အရေးပေါ်ရွှေ့ပြောင်းရမည်ဖြစ်ကြောင်း (၆)မိုင်သစ်တောကျေးရွာနေ ဦးအောင်သန်းက ပြောကြားသည်။

"(၆)မိုင်ရိုးမကားလမ်းတံတား ဆောက်လိုက်တဲ့အောက်ခံကြောင့် ရွာဘက်ကိုရေဦးတည်လာတာ အခုရက်ပိုင်း တအားကို ပွဲပါကုန်တယ်။ ညကပဲလိုက်တာတင် အိမ်တစ်လုံးစာလောက်ပါသွားတာ။ ကျွန်တော့်အိမ်ရယ်၊ ကျွန်တော့်သမီးအိမ်ရယ် မရွှေ့လို့မရတော့ဘူး။ နောက်တစ်ရေလာရင် ပါတော့မယ်"ဟု ၎င်းကဆက်၍ပြောကြားသည်။ (၆)မိုင်သစ်တော ကျေးရွာရှိ လူနေအိမ်အချို့ အရေးပေါ်ရွှေ့ပြောင်းရမည့် ကိစ္စနှင့်ပတ်သက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ကျေးရွာအခြေပြု တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးသင်တန်းဖွင့်

**ညောင်တုန်း စက်တင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် kuruna mission social solidarity တို့ပူးပေါင်း၍ ကျေးရွာအခြေပြု တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက စိန်အန္တြိုးဘုရားကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဂရုဏာဒါရိုက်တာ Fr. Joseph Mg Win က အဖွင့်အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာမြင့်ဌေးနိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းသားများအနေဖြင့် ယခုသင်တန်းမှ သင်ကြားပို့ချလိုက်သည်များကို မိမိတို့ကျေးရွာဒေသများတွင် အကျိုးရှိစွာပြန်လည်အသုံးချနိုင်ရေး စနစ်တကျသင်ယူမှတ်သားသွားကြရန် ပြောကြားသည်။

ထို့နောက် ဘဲ၊ ဝက်၊ နွား၊ ဆိတ်၊ ကြွက်၊ ဥစား/အသားစားကြက် မွေးမြူရေးခြံများအတွက် ရောဂါပိုးများကင်းရှင်းရေး ဆောင်ရွက်မည့်နည်းလမ်းများ၊ ကာကွယ်ဆေးအသုံးပြုခြင်းနှင့် ကာကွယ်ဆေး၏ အခြေခံသဘောတရားများ၊ မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့် ကူးစက်ရောဂါများနှင့် ထိန်းချုပ်ခြင်းဆိုင်ရာ ဆောင်ရွက်မည့်နည်းလမ်းများကို ကဏ္ဍအလိုက် သင်ကြားသွားမည်ဖြစ်သည်။ ကြက်၊ ဝက်နှင့် နို့စားနွားမွေးမြူရေးခြံများသို့ သင်တန်းသားများသွားရောက်၍ လေ့လာစေခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်း၊ စာတွေ့၊ လက်တွေ့သင်ခန်းစာများကို စက်တင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ငါးရက်တာ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၂၆**

ရန်ကုန်(ရွှေဈေး) ၈၈၉၀၀၀ - ၈၈၉၀၀၀၊ မန္တလေး(ရွှေဈေး) ၈၈၉၀၀၀ - ၈၈၉၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၅၀/၅၆၀ ကျပ်၊ | ၅၆၀/၅၈၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၂၀/ ၆၃၀ ကျပ်၊ | ၆၈၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၅၀/၅၆၀ ကျပ်၊ | ၅၈၀/၆၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၈၀/၅၉၀ ကျပ်၊ | ၆၂၀/၆၃၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၀၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၄၅ ကျပ်၊

အောက်တိန်း 92 တစ်လီတာ ၅၁၂ ကျပ်

**၁၉-၉-၂၀၁၆ ရက်နေ့မှ ၂၃-၉-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်း အရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၅၃၅ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၅၂၀ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေး ပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၃၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၈၇. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၅. ၁၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅. ၆၆၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၉. ၉၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၅၁၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၅. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၁. ၇၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၄၀. ၂၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၈. ၇၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

# မိုးရေတိုက်စားမှုကြောင့် မန္တလေး-ပုဂံအမြန်ရထား ခေတ္တရပ်နားခဲ့ရ

**ညောင်ဦး စက်တင်ဘာ ၂၆**
မန္တလေးဘူတာမှ ပုဂံဘူတာသို့ စက်တင်ဘာ ၂၅ ရက် ည ၉ နာရီက စက်ခေါင်းမောင်း ဦးမင်းဇော်ဦး မောင်းနှင်လာသည့် စက်ခေါင်းအမှတ် (RBE - 2592)အမြန်ရထားသည် ညောင်ဦးမြို့နယ် ဖက်တန်းဘူတာ အဝင် အနီးသို့ရောက်ရှိစဉ် မိုးများ သည်းထန်စွာရွာသွန်းခဲ့ပြီး မိုးရေ တိုက်စားမှုကြောင့် ရထားသံလမ်း ထူးပေါက်ပြီး လမ်းပျက်စီးမှုဖြစ်ပေါ် နေသည်ကိုတွေ့ရှိရသဖြင့် နံနက် ၅ နာရီ ၁၀ မိနစ်တွင် အမြန်ရထားအား ခေတ္တရပ်နားထားခဲ့ရကြောင်း သိရ သည်။



ယခုအခါ ရထားသံလမ်း ထူးပေါက်ပြီး လမ်းပျက်စီးမှု အခြေအနေများကို အမြန်ပြန်လည် ပြုပြင်ဆောင်ရွက်ရန် ပုဂံဘူတာမှ အငယ်တန်းအင်ဂျင်နီယာ ဦးဟန်တင်စိုး ဦးဆောင်၍ သံလမ်းအဖွဲ့(၁၅)မှ ရထားလမ်းပြုပြင်ရေးအဖွဲ့သားများ၊ ရထားလုံခြုံရေးရဲတပ်ဖွဲ့မှ ဒု-တပ်ကြပ် ထွန်းထွန်းမျိုးနှင့် တပ်ဖွဲ့ဝင်များ စုပေါင်းကာ အမြန်ရထားပေါ် စီးနင်းလိုက်ပါလာကြသည့်ခရီးသည်များ အချိန်ကြန့်ကြာမှုမရှိစေရန် ရပ်တန့်ထားရသည့် အမြန်ရထား(ရှေ့ခရီး) ဆက်လက်မောင်းနှင် ပို့ဆောင်ပေးနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ပြုပြင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်ရဲမှူး ဒု-ရဲမှူးကြီးအုန်းသွင်ဦးစီး၍ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတို့မှ အရာရှိ/အခြားအဆင့်နှင့် စာရေးဝန်ထမ်းများ စုစုပေါင်းအင်အား ၁၅၀ တို့ မြင်းခြံခရိုင် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ချုံနွယ်၊ မြက်များရှင်းလင်းစဉ်။ **(ကြေးမုံ)**



(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူဆယ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်း ဦးစီးသော ရဲတပ်ဖွဲ့ဝင် ၄၅ ဦးတို့ မူဆယ်ခရိုင် ပြည်သူ့ဆေးရုံ၌ စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီခွဲ တွင် သွေးလှူဒါန်းစဉ်။ **ဆရာမောင်(မူဆယ်)**

# ဥတ္တရသီရိမြို့နယ်တွင် မိုးရွာသွန်းမှုကြောင့် ရေစီးနှင့်အတူ လူတစ်ဦးမျောပါ

**နေပြည်တော် စက်တင်ဘာ ၂၆**
နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ စက်တင်ဘာ ၂၅ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သရက်တော ကျေးရွာအုပ်စု ပိုးစောတောကျေးရွာတွင် တံခွန်တိုင်းချောင်းမှ တောင်ကျရေစီးဆင်းမှုကြောင့် လူတစ်ဦး ရေစီးနှင့်အတူ မျောပါသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပိုးစောတောကျေးရွာတွင် နေထိုင်သူ မယမင်း အသက်(၂၆)နှစ်သည် စက်တင်ဘာ ၂၅ ရက် ညနေ ၄ နာရီခန့်တွင် ယာတောမှ ရွာသို့ပြန်လာစဉ် ပိုးစောတောကျေးရွာ အနောက်မြောက်ဘက် သုံးဖာလုံခန့်အကွာ၌ တံခွန်တိုင်းချောင်းအားဖြတ်ကူးရာ တောင်ကျရေနှင့် မျောပါသွားခဲ့ကြောင်း သိရသဖြင့်



သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် မိသားစုဝင်များက လိုက်လံရှာဖွေလျက်ရှိပြီး ယနေ့မွန်းလွဲ ၂ နာရီအထိ တွေ့ရှိမှုမရှိသေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စက်ချုပ်ပညာ သင်တန်းဆင်းပွဲကျင်းပ

**ကျောက်တန်း စက်တင်ဘာ ၂၆**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ၏ လူမှုဘဝမြှင့်တင်ပေးနိုင်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက်ပညာ သင်တန်း အမှတ်စဉ်(၅/၂၀၁၆) ဆင်းပွဲကို ကျောက်တန်းမြို့နယ် စင်မကော်ကျေးရွာ(Learning Centre)၌ စက်တင်ဘာ ၂၂ ရက်က ပြုလုပ်ရာ သင်တန်းသူ ၃၅ ဦးဖြင့် သင်တန်းဆင်းခဲ့ပြီး ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတန်ဂျီးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**တောင်ငူ စက်တင်ဘာ ၂၆**
ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ကကြီးမှူး၍ CB ဘဏ်မှ အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ်ကို စက်တင်ဘာ ၂၅ ရက်က စတုတ္ထနေ့အဖြစ် တောင်ငူမြို့ Southern Star ဂေါက်ကွင်း၌ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပသည်။

စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမြတ်ခိုင်က ပြိုင်ပွဲကို အဓိကကူညီပံ့ပိုးပေးသော CB ဘဏ်အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်နှင့် ပြိုင်ပွဲကို လက်ခံကျင်းပခွင့်ပေးသော Southern Star ဂေါက်ကွင်းအား အမှတ်တရလက်ဆောင်နှင့် လှူဒါန်းငွေကျပ် သိန်း ၂၀ ပေးအပ်ရာ CB ဘဏ် ဒုတိယဥက္ကဋ္ဌ ဦးရန်အောင်နှင့် Southern Star ဂေါက်ကွင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး အေးမင်းထွန်းတို့က လက်ခံရယူသည်။

ဆက်လက်၍ Hole In One ရရှိသွားသူ ပညာရှင်ကစားသမား ဇော်ဇော်လတ်အား CB ဘဏ် ဒုတိယဥက္ကဋ္ဌ ဦးရန်အောင်က ဂုဏ်ပြုငွေကျပ် ၁၀ သိန်းနှင့် Global Grance Hotel မန်နေဂျာ ဒေါ်စုစုလှိုင်က ငွေကျပ်သုံးသိန်း ချီးမြှင့်သည်။

နေ့စဉ် အကောင်းဆုံးဆု၊ ပညာရှင်၊ ဝါသနာရှင် (အမျိုးသား၊ အမျိုးသမီး)တို့တွင် ဆုရရှိသူများအား CB ဘဏ်မှ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။



ဆက်လက်၍ Southern Star ဂေါက်ကွင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး အေးမင်းထွန်းက ပညာရှင်အဆင့်တွင် ပထမဆုရရှိသော ရန်မျိုးအေး (CEO Group)အားလည်းကောင်း၊ CB ဘဏ် ဒုတိယဥက္ကဋ္ဌ ဦးရန်အောင်က ပညာရှင်အဆင့်တွင် ပထမဆုရရှိသော ရန်မျိုးအေးအား ဆုကြေးငွေကျပ် သိန်း ၂၀ တန် ချက်လက်မှတ်ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး ပထမဆုရရှိသော ရန်မျိုးအေး(CEO Group)က ကျေးဇူးတင်စကားပြောကြားကာ ဆုရအားကစားသမားများနှင့် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

**(ဖိုးသော်ဇင်)**

❑


အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

# နဂျပ်ချောင်းရေစီးကျမှုကြောင့် ရေအားလျှပ်စစ်စက်ရုံနှင့် သီးနှံစိုက်ခင်းများပျက်စီး


**ရေတာရှည် စက်တင်ဘာ ၂၆**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် နဂျပ်ကျေးရွာ၌ စက်တင်ဘာ ၂၅ ရက် ည ၈ နာရီခွဲခန့်က မိုးများသည်း ထန်စွာရွာသွန်းမှုကြောင့် အရှေ့ရိုးမတောင်ပေါ် နဂျပ်ချောင်းရေများစီးကျကာ နဂျပ်ကျေးရွာအထက်ဘက် နှစ်မိုင်ခန့်အကွာတွင် ကျေးရွာမီးလင်းရေးအတွက် မြို့နယ် ကျေးလက်ဦးစီးဌာနမှ ငွေကျပ် သိန်း ၁၈၀ ဖြင့် တည်ဆောက်ထားသော ရေအားလျှပ်စစ်စက်ရုံမှ ရေထုတ်စက် ရေကာနံရံများ၊ မိန်းခုံနှင့်မီးတိုင်၊ မီးကြိုးများပျက်စီးသွားခဲ့ပြီး ရေလျှံမှုကြောင့် မိုးစပါးစိုက်ခင်းများနှင့် ချောင်းဝဲ/ယာ တစ်လျှောက်ရှိ ပဲတီစိမ်းစိုက်ခင်း ဧက ၅၀ ကျော်ဆုံးရှုံး ပျက်စီးသွားခဲ့ပြီး နဂျပ်ကျေးရွာ ခရိုင်ချင်းဆက်လမ်းပေါ် တွင် ရေပေါင်လယ်ခန့်အထိဖြတ်ကျော်သွားခဲ့ကြောင်း သိရ၍ မြို့နယ်မှတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ကိုလွင်(ဆွာ)**





# တစ်ပတ်အတွင်း အားကစားသတင်း သုံးသပ်ချက်







***ပီတာဆက်ချ်နေရာ ကော်တွိုက်စ်ကို အစားထိုးခဲ့တာက ချယ်လ်ဆီးရဲ့ အမှားကြီးလားဆိုတဲ့ ဝေဖန်ချက်တွေ၊ လာလီဂါမှာ မက်ဆီ၊ ကက်စီမီရိုတို့ ဒဏ်ရာရခဲ့ကြသလို ပရီမီယာလိဂ်မှာ ကိုကွီလင်၊ ဒီဘရိုင်းတို့ ဒဏ်ရာပြဿနာ ကြုံတွေ့ခဲ့ရမှု၊ မန်စီးတီးနည်းပြ ဂွါဒီယိုလာက ရှုံးပွဲမရှိသေးတဲ့ စပါးအသင်းကို ရင်ဆိုင်ရမယ့် ပရီမီယာလိဂ်ပွဲစဉ်(၇)အတွက် ခုကတည်းက စိတ်အားထက်သန်နေတယ်လို့ ပြောကြားခဲ့မှု၊ မက်ဆီမပါပေမယ့် နေမာနဲ့ ဆွာရက်ဇ်တို့ ခြေအစွမ်းပြပြီး ဂိုးပြတ်နိုင်ပွဲ ရယူနိုင်ခဲ့ ဘာစီလိုနာ၊ ငါးနှစ်အတွင်း ချယ်လ်ဆီးကို ပထမဦးဆုံး အကြိမ်အနိုင်ယူနိုင်ခဲ့တဲ့ အာဆင်နယ်ရဲ့ ချိုမြိန်တဲ့အောင်ပွဲ စတဲ့ တစ်ပတ်အတွင်း ထူးခြားတဲ့သတင်းအချို့ကို ပြန်လည်သုံးသပ်လိုက်ပါတယ်။***

### ဒဏ်ရာများနဲ့ ရက်သတ္တပတ်

ဒီရက်သတ္တပတ်အတွင်း ချန်ပီယံလိဂ်ပွဲစဉ်တွေ မရှိခဲ့ပေမယ့် ပြည်တွင်းလိဂ်ပြိုင်ပွဲတွေကို ကြားရက်တွေမှာ ကစားခဲ့ကြသလို ပုံမှန် စနေ၊ တနင်္ဂနွေမှာကစားခဲ့ကြတဲ့ ပြည်တွင်းလိဂ်ပွဲစဉ်တွေမှာ ပွဲကောင်းတွေ ပါဝင်ခဲ့ကြတာတာကို တွေ့ရပါတယ်။ ဥပမာဆိုရရင် ဘာစီလိုနာ-အက်သလက်တီကို၊ အာဆင်နယ်-ချယ်လ်ဆီးတို့လို ပွဲစဉ်တွေဖြစ်ပါတယ်။ ဘာစီလိုနာ-အက်သလက်ပွဲမှာ ဘာကာတိုက်စစ်မှူးမက်ဆီ ပေါင်ခြံဒဏ်ရာရခဲ့ပြီး သုံးပတ်တာ အနားယူရမှာဖြစ်သလို ရီးယဲလ်မက်ဒရစ်ရဲ့ ကွင်းလယ်လူ ကက်စီမီရိုလည်း ဗီလာရီးယဲလ်နဲ့ပွဲစဉ်မှာ ဒဏ်ရာရရှိခဲ့လို့ မက်ဆီလိုပဲ သုံးပတ်ကြာ မြက်ခင်းစိမ်းတွေနဲ့ ဝေးကွာနေမှာ ဖြစ်ပါတယ်။

ပရီမီယာလိဂ်မှာ မန်စီးတီးရဲ့ ဒီဘရိုင်း၊ အာဆင်နယ်ရဲ့ ကိုကွီလင်၊ စပါးရဲ့ဟယ်ရီကိန်းတို့ ဒဏ်ရာပြဿနာ ထပ်မံ ကြုံတွေ့ခဲ့ရတာကို တွေ့ရပါတယ်။ ဒီဘရိုင်းရဲ့ တံကောက်ကြောဒဏ်ရာက လေးပတ်ကြာ အနားယူရမှာဖြစ်သလို ကိန်းနဲ့ ကိုကွီလင်တို့နှစ်ဦးကတော့ အရွတ်ကြောဒဏ်ရာရခဲ့လို့ အနည်းဆုံးနှစ်လတာ အနားယူရတော့မှာဖြစ်တယ်လို့ စက်တင်ဘာ ၂၆ ရက်မှာ အတည်ပြုချက်ထွက်လာပါတယ်။ ဒ့်အပြင် အက်သလက်ရဲ့ ဂျီမီနက်ဇ်နဲ့ အော်ဂတ်စ်စတိုတို့နှစ်ဦး ဒဏ်ရာအသီးသီး ရရှိခဲ့တာကြောင့် ဘိုင်ယန်မြူးနစ်နဲ့ ကစားမယ့် ချန်ပီယံလိဂ်ပွဲစဉ်ကို လွဲချော်နိုင်တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီရက်သတ္တပတ်အတွင်းမှာပဲ ကလပ်အသင်းတွေရဲ့ အဓိကကစားသမားတွေအတော် များများ ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ရတာကြောင့် "ဒဏ်ရာများနဲ့ ရက်သတ္တပတ်"လို့တောင် တင်စားရမှာဖြစ်ပါတယ်။

### ဝိန်းရွန်းနီမပါရင် မန်ယူ ပိုကောင်းသတဲ့လား

မန်ယူနည်းပြ မော်ရင်ဟိုက သုံးပွဲဆက်ရှုံးနိမ့်မှုကို ရင်ဆိုင်ရပြီးနောက်မှာ အသင်းခေါင်းဆောင် ဝိန်းရွန်းနီကို အရန်ခုံမှာ ထိုင်ခိုင်းပြီး ပေါ့ဘာကို ရွန်းနီကစားနေကျ တိုက်စစ်ပံ့ပိုးတဲ့ ကွင်းလယ်ကစားသမားနေရာ ကစားစေခဲ့ပါတယ်။ ဒီဆုံးဖြတ်ချက်က အတော်အလုပ်ဖြစ်ခဲ့ပြီး ပေါ့ဘာခြေစွမ်းပေါ်လွင်လာသလို အရင်ကဂိုးတစ်ဂိုးရဖို့ အတော်လေးရုန်းကန်ခဲ့ရတဲ့ မန်ယူအသင်းဟာ ငါးမိနစ်အတွင်း မာတာ၊ ရက်ရှ်ဖို့ဒ်နဲ့ ပေါ့ဘာတို့ သုံးဂိုးဆက်တိုက်သွင်းယူနိုင်ကြတာကြောင့် ရွန်းနီမပါရင် မန်ယူပိုကောင်းတယ်ဆိုတဲ့ သုံးသပ်ချက်တွေလည်း ထွက်လာပါတယ်။ ရွန်းနီကို ပွဲထွက်စာရင်းက ချန်လှပ်ခဲ့တဲ့သတင်းက ချယ်လ်ဆီးအသင်းကို အာဆင်နယ်က ငါးနှစ်အတွင်း ပထမဆုံးအနိုင်ကစားနိုင်လို့ ရေးသားဖော်ပြကြသလို ဖော်ပြခံနေရတဲ့ ထိပ်တန်းအားကစားသတင်းလည်း ဖြစ်လာပါတယ်။

တစ်ဖက်မှာလည်း ရွန်းနီဟာ မော်ရင်ဟို စိတ်ကြိုက်ကစားသမားဖြစ်ပေမယ့် တကယ်လို့ နောက်ပွဲတွေမှာ ရွန်းနီကို ပွဲထွက်ပြန်လည်ထည့်သွင်းတဲ့အခါ မန်ယူအသင်း မျှော်မှန်းတဲ့ရလဒ်ထွက်မလာရင် ရွန်းနီနဲ့ မန်ယူအနာဂတ် ပိုပြီးအရောင်မှိန်သွားရဖို့ ရှိနေပါတယ်။ ရွန်းနီကတော့ မန်ယူနဲ့ လက်ရှိချုပ်ဆိုထားတဲ့ ၂၀၁၈ ခုနှစ် စာချုပ်သက်တမ်းကုန်ဆုံးတဲ့အထိ ဘယ်အသင်းကိုမှ မပြောင်းဘဲ မန်ယူအသင်းမှာပဲ နေရာတစ်နေရာအတွက် တိုက်ပွဲဝင်သွားမယ်လို့ ဆိုခဲ့ပါတယ်။ သူဟာ သူ့ရဲ့ အသက်အရွယ်၊ ခြေစွမ်းအရ အလိုလျောက်ပွဲထွက်ခွင့်ရမှာ မဟုတ်ဘူးဆိုတဲ့ အချက်ကို နားလည်ထားတာကြောင့် ရံဖန်ရံခါ အရန်ခုံမှာ ထိုင်ရဖို့ရှိနေသလို ပုံမှန်ပွဲထွက်ခွင့်ရဖို့ အစွမ်းကုန်ကြိုးပမ်းသွားမယ်လို့လည်း တုံ့ပြန်လိုက်ပါတယ်။

### ကော်တွိုက်စ်အတွက် ပီတာဆက်ချ်ကို ထွက်ခွာခွင့်ပေးခဲ့တဲ့ ချယ်လ်ဆီးရဲ့အမှား

နည်းပြမော်ရင်ဟိုဟာ အက်သလက်တီကိုမှာ အငှားချထားတဲ့ ချယ်လ်ဆီးဂိုးသမား ကော်တွိုက်စ်လက်စွမ်းပြနေတာကြောင့် ပြန်လည်ခေါ်ယူပြီး ပွဲထွက်နေရာအတွက် အာမခံချက်ပါပေးခဲ့သလို အရင်က ပထမဂိုးသမားအဖြစ် ၁၀ စုနှစ်တစ်ခုကျော်ကစားလာတဲ့ ပီတာဆက်ချ်ကို ရဲရဲဝံ့ဝံ့ပဲ အရန်ခုံပို့ပစ်လိုက်ပါတယ်။ ဒါကြောင့် ပီတာဆက်ချ်လည်း အာဆင်နယ်ကို ပြောင်းရွှေ့သွားခဲ့ပါတယ်။ ဒီကိစ္စဟာ ဘောလုံးလောကမှာ ဖြစ်ရိုးဖြစ်စဉ်မို့ ထူးခြားတဲ့ကိစ္စရပ်မဟုတ်ပေမယ့် ကော်တွိုက်စ်ဟာ မကြာသေးခင်က သူနဲ့ ချယ်လ်ဆီးအသင်းကြား ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကုန်ဆုံးရင် လာလီဂါကိုသာ ပြန်သွားနိုင်ပြီး သူဟာ စပိန်သားတစ်ဝက်ဖြစ်နေတဲ့ ကစားသမားပါလို့ပြောခဲ့တာကြောင့် ကော်တွိုက်စ်ဟာ ပီတာဆက်ချ်လို ချယ်လ်ဆီးကို အကြာကြီးသစ္စာခံမယ့်သူမဟုတ်ဘူးဆိုတဲ့ ဝေဖန်မှုတွေလည်း လျှံတက်လာလာပါတယ်။ ကော်တွိုက်စ်ရဲ့ ဒီပြောစကားဟာ မန်ယူနည်းပြဖြစ်နေတဲ့ မော်ရင်ဟိုကိုပါ ရိုက်ခတ်မှုရှိခဲ့ပြီး မော်ရင်ဟိုဟာ ရောင်းမှားဝယ်မှားဖြစ်တဲ့ နည်းပြတစ်ဦးသာဖြစ်ကာ သူ့ကြောင့် ချယ်လ်ဆီးအသင်းကစားသမားကောင်းတွေ အများကြီး ဆုံးရှုံးခဲ့တယ်ဆိုတဲ့ နောက်ဆက်တွဲ ပြစ်တင်သံတွေလည်း ထွက်လာခဲ့ပါတယ်။ မော်ရင်ဟိုဟာ ဒီဘရိုင်း၊ လူကာကူ၊ ပီတာဆက်ချ်တို့လို ထိပ်တန်းကစားသမားတွေကို ထုတ်ရောင်းခဲ့သူဖြစ်ပါတယ်။

### အာဆင်နယ်ရဲ့ ချိုမြိန်တဲ့အောင်ပွဲ

အာဆင်နယ်အသင်းအတွက် အခက်ခဲဆုံးသော ပရီမီယာလိဂ်ပြိုင်ဘက်ဟာ ချယ်လ်ဆီးဆိုရင် ဘောလုံးပရိသတ်တွေအားလုံး လက်ခံမယ့် အဖြေတစ်ရပ်ဖြစ်လာပါလိမ့်မယ်။ အာဆင်နယ်ဟာ ချယ်လ်ဆီးကို အိမ်ကွင်း၊ အဝေးကွင်းနှစ်ခုလုံးမှာ လုံးဝအနိုင်မရတာ ငါးနှစ်ရှိပြီဖြစ်ပြီး အဲဒီထဲမှာ ရှစ်ပွဲအထိ ရှုံးနိမ့်ခဲ့ကာ နှစ်ပွဲသရေ ရလဒ်ထွက်ပေါ်ခဲ့တာကြောင့် စက်တင်ဘာ ၂၄ ရက် ချယ်လ်ဆီးကို သုံးဂိုးပြတ်နဲ့ အနိုင်ယူပြနိုင်ခဲ့တာက အာဆင်နယ်အတွက် တကယ်ချိုမြိန်တဲ့ အောင်ပွဲဖြစ်ခဲ့မှာပါ။ အာဆင်နယ်ဟာ ချယ်လ်ဆီးကို ဒီပွဲမတိုင်မီ နောက်ဆုံးအနိုင်ယူနိုင်ခဲ့တာက ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၉ ရက် ငါးဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ နည်းပြကြီး ဝင်းဂါးရဲ့ အာဆင်နယ်ကို ကိုင်တွယ်တဲ့ နည်းပြသက်တမ်းနှစ်(၂၀) ပြည့်မြောက်တဲ့အချိန်မှာ အခုလို ချယ်လ်ဆီးကို ပြန်လည် အနိုင်ရရှိခဲ့တာက အာဆင်နယ်အတွက် အနိုင်ဆိုတဲ့ ရလဒ်ထက်သာလွန်တဲ့အောင်ပွဲတစ်ခု ဖြစ်မှာ သေချာလို့နေပါတယ်။

### အခြားထူးခြားသတင်းများ

မန်စီးတီးနည်းပြဂွါဒီယိုလာက အောက်တိုဘာ ၂ ရက် စပါးအသင်းနဲ့ ယှဉ်ပြိုင်ရမယ့် ပရီမီယာလိဂ်ပွဲစဉ်(၇)မှာ စီးတီးနိုင်ပွဲဆက်ဦးမလားဆိုတဲ့ မေးခွန်းကို အဖြေပေးနိုင်ဖို့ ခုကတည်းက စိတ်လှုပ်ရှားတယ်လို့ ပြောကြားလိုက်ခြင်း၊ ဒေးဗစ်ဖလားပြိုင်ပွဲမှာ ဗြိတိန်မှ အန်ဒီမာရေးကို အနိုင်ကစားပြီး အာဂျင်တီးနားအသင်းကို ဗိုလ်လုပွဲပို့ဆောင်ပေးခဲ့သူ နာမည်ကျော်တင်းနစ်ကစားသမား ဒယ်ပေါ်ထရိုကို ဘိုဘွန်နာပရိသတ်တွေက ရေပိုက်တွေနဲ့ လိုက်လံပက်ဖြန်းခဲ့တာကြောင့် ပေါ်ထရိုတစ်ယောက် တန်ဒေးလ်တာဝါက အလျင်အမြန် ထွက်ခွာသွားခဲ့ရခြင်း၊ မက်ဆီမပါရင် အသက်မဲ့သွားနိုင်တယ်လို့ မှန်းဆခံခဲ့ရတဲ့ ဘာစီလိုနာတိုက်စစ်ပိုင်းဟာ ဆာဂိုဂျီယိုရောဘတ်တို-ဆွာရက်ဇ်-နေမာတို့ အစွမ်းနဲ့ ဂီဂျွန်ကို ငါးဂိုးပြတ်အနိုင်ကစားပြီး သံသယတွေကို ရပ်တန့်စေခဲ့ခြင်း၊ လက်စ်ပါးမက်စ်နဲ့ ပွဲစဉ်မှာ လူစားလဲခံခဲ့ရတဲ့ ရီးယဲလ်မက်ဒရစ်စတား စီရိုနယ်လ်ဒိုက ဇီဒန်းရဲ့ ဆုံးဖြတ်ချက်အတွက် စိတ်ဆိုးဒေါသထွက်စရာအကြောင်းမရှိဘူးလို့ တုံ့ပြန်လိုက်ခြင်း စတဲ့ သတင်းတွေက ဒီရက်သတ္တပတ်ရဲ့ အနည်းငယ် ထူးခြားမှုရှိတဲ့ သတင်းတွေအဖြစ် ကျန်ရစ်နေမှာဖြစ်ပါတယ်။

**မေလှသင်း**
**ရေးသားသည်**

# အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်း အမျိုးသားနှင့် အမျိုးသမီးအသင်း ဗိုလ်လုပွဲတက်

ဗီယက်နမ် စက်တင်ဘာ ၂၆

ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ ကျင်းပလျက်ရှိသည့် ငါးကြိမ်မြောက် အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲ၏ ပိုက်ကျော်ခြင်းသုံးယောက်တွဲပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲများနှင့် ဆီမီးဖိုင်နယ်ပွဲများကို ယနေ့ကျင်းပရာ မြန်မာပိုက်ကျော်ခြင်း အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့ ဗိုလ်လုပွဲတက်ရောက်သွားသည်။

အမျိုးသားပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စုပွဲစဉ်များ၌ လာအိုအသင်းကို နှစ်ပွဲပြတ်၊ အိမ်ရှင်ဗီယက်နမ်ကို နှစ်ပွဲပြတ်၊ တောင်ကိုရီးယားကို နှစ်ပွဲပြတ်ဖြင့် သုံးပွဲစလုံးအနိုင်ရပြီး အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်တက်ခဲ့သည်။ ဆီမီးဖိုင်နယ်တွင် မြန်မာက ဘရူနိုင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရခဲ့ပြီး အခြားပွဲတွင် လာအိုက အင်ဒိုနီးရှားကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရခဲ့သည်။

ဗိုလ်လုပွဲတွင် မြန်မာနှင့် လာအိုတို့ တွေ့ဆုံနေသည်။ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စုပွဲတွင် တရုတ်ကို နှစ်ပွဲပြတ်အနိုင်ရပြီး ဗီယက်နမ်ကို နှစ်ပွဲပြတ်ရှုံးနိမ့်ခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲများတွင် မြန်မာက လာအိုကို နှစ်ပွဲပြတ်၊ ဗီယက်နမ်က ဖိလစ်ပိုင်ကို နှစ်ပွဲပြတ် အနိုင်ရခဲ့ပြီး မြန်မာနှင့် ဗီယက်နမ်တို့ ဗိုလ်လုပွဲကစားရမည်ဖြစ်သည်။

ဗိုလ်လုပွဲများကို စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အာရှသဲသောင်ပြင် အားကစားပြိုင်ပွဲကို ပိုက်ကျော်ခြင်းနှင့် ဗိုဗီနမ်အားကစားနည်း နှစ်မျိုး၌သာ ယှဉ်ပြိုင်မည်ဖြစ်သည်။

**(ဖိုးသော်ဇင်)**

## စက်တင်ဘာ ၂၈ ရက်နေ့ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ် အုပ်စုအဆင့်ပွဲစဉ်များ

| | | | |
|---|---|---|---|
| မိုနာကို | - | လေဗာကူဆင် | နံနက်-၁း၁၅ |
| မော်စကို | - | စပါး | နံနက်-၁း၁၅ |
| ဒေါ့မွန် | - | ရီးယဲလ်မက်ဒရစ် | နံနက်-၁း၁၅ |
| စပို့တင်းလစ္စဘွန်း | - | လီဂီယာဝါဆော | နံနက်-၁း၁၅ |
| ကိုပင်ဟေဂင် | - | ဘရူးဂ် | နံနက်-၁း၁၅ |
| လက်စတာ | - | ပေါ်တို | နံနက်-၁း၁၅ |
| ဆီဗီလာ | - | လိုင်ယွန် | နံနက်-၁း၁၅ |
| ဒိုင်နမိုဇာဂရက် | - | ဂျူဗင်တပ် | နံနက်-၁း၁၅ |

**မောင်မောင်ဇော်**

# ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ်(၄)အား စီရင်ချက်(အမိန့်)ချမှတ်

**နေပြည်တော် စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဉာဏ်လင်းဦးက ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ တအာင်း(ပလောင်)အမျိုးသားပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်နှင့် ယင်းမဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစိုင်းသန်းစိန်(ခ)ဦးထွန်းအောင်တို့ ရရှိသောမဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲများပါရှိခဲ့လျှင် လျှောက်ထားသူကသာ မဲအများဆုံးရရှိသူဖြစ်၍ မိမိအား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ကြေညာပေးပါရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၇၊ ၆၈ အရ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက်တွင် ကန့်ကွက်လွှာတင်သွင်းထားမှုကို ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၄/၂၀၁၅)ဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့သည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ဦးစန်းရွှေ (ဥပဒေကျွမ်းကျင်သူ)နှင့် ဦးဝင်းမော် (ဥပဒေကျွမ်းကျင်သူ)တို့က ခုံအဖွဲ့ဝင်များအဖြစ် ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့(၁)က ဆက်လက်ကြားနာစစ်ဆေးပြီးနောက် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် လျှောက်ထားခံရသူ(၁) ဦးအေးမောင် "တအာင်း(ပလောင်) အမျိုးသားပါတီ"အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်ကြောင်း ဆုံးဖြတ်ပြီး လျှောက်ထားသူ ဦးဉာဏ်လင်းဦး (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၏ ကန့်ကွက်လွှာကို စရိတ်နှင့်တကွ ပယ်ကြောင်းနှင့် ရှေ့နေစရိတ်ကျပ်သုံးသောင်း သတ်မှတ်သည့် စီရင်ချက်(အမိန့်)ချမှတ်ခဲ့ကြောင်း သိရှိရသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲခုံရုံးများမှ ဆုံးဖြတ်ချက်(အမိန့်)ချမှတ်ပြီးသော ရွေးကောက်ပွဲကန့်ကွက်လွှာအမှုပေါင်းမှာ စက်တင်ဘာ ၂၆ ရက်အထိ ၃၃ မှုရှိပြီး အပြီးသတ်အမိန့်ချမှတ်ပြီး နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာခဲ့သော အမှုပေါင်းမှာ ၂၃ မှု ရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘိန်းစာမှုန့်များနှင့် စိတ်ကြွရူးသွပ်ဆေးများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၆**

ကော့သောင်းမြို့နယ် ဘာလိအော်ကျေးရွာအရှေ့ဘက် ချောင်းဘေး၌ စက်တင်ဘာ ၂၄ ရက်က ရပ်ထားသည့် မသင်္ကာဖွယ်သစ်သားလှေနှင့်အတူ အိုင်ယ်နှင့် ထိန်လင်းတို့နှစ်ဦးအား ရာအိမ်မှူးနှင့်အဖွဲ့က စစ်ဆေးမေးမြန်းရာ ၎င်းတို့ဝှက်သိမ်းထားသည့်နေရာမှ ဆာလာအိတ်ဖြင့်ထည့်လျက် ဘိန်းစာမှုန့် ၂၇ ဒသမ ၄၆၅ ကီလိုကိုလည်းကောင်း၊ အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၃၄)ကော့သောင်းနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကော့သောင်းမြို့နယ် (၁၀) မိုင်ကျေးရွာအနီး(၁၁)မိုင် တိုးဂိတ်ရှေ့ ဘုတ်ပြင်း-ကော့သောင်း လမ်းမပေါ်တွင် စိုးဝင်းမောင်နှင့်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၇၀ ကိုလည်းကောင်း၊ ထို့အတူ စက်တင်ဘာ ၂၅ ရက်က မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့အထွက် သာစည် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ဒို့ညီနောင် ခရီးသည်တင် မှန်လုံယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၇၀ ကို လည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



အိုင်ယ်နှင့် ထိန်လင်းတို့ နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့် အတူတွေ့ရစဉ်။

**(ကြေးမုံ)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း တရားမဝင်သစ်များ သိမ်းဆည်းရမိမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ သစ်တောဦးစီးဌာနသည် နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် သဘာဝသစ်တောသယံဇာတများ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တရားမဝင် သစ်တောထွက်ပစ္စည်းခိုးယူထုတ်လုပ်မှုများပပျောက်စေရန် တရားမဝင်သစ်ရှာဖွေဖော်ထုတ်ဖမ်းဆီးလျက်ရှိသည့် နည်းလမ်း(၅)ခုဖြစ်သော စီမံချက်ချမှတ်ဖမ်းဆီးခြင်း၊ သတင်းရယူစုံစမ်းဖော်ထုတ်ဖမ်းဆီးခြင်း၊ ပြည်သူလူထု/မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဖမ်းဆီးခြင်း၊ ပုံမှန်အစီအစဉ်ဖြင့် ဖမ်းဆီးအရေးယူခြင်း၊ ပြည်ပသို့ခိုးယူသယ်ဆောင်နိုင်သည့်လမ်းကြောင်းများ၌ ပိတ်ဆို့ဖမ်းဆီးခြင်းတို့ကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အခြားဌာနဆိုင်ရာများ၏ ပူးပေါင်းပါဝင်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် တရားမဝင်သစ်မျိုးစုံ - ၄၆၁၅၃ ဒသမ ၀၅၈၄ တန် ဖမ်းဆီးရမိခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဧပြီလမှ ဩဂုတ်လအထိ ပူးပေါင်းအဖွဲ့များဖြင့် တရားမဝင်သစ်ဖမ်းဆီးအရေးယူခြင်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းမှ ၂၀၁၆ ခုနှစ် ဧပြီလအတွင်း - ၇၅၇၇ ဒသမ ၂၅၁၅ တန်၊ မေလအတွင်း- ၃၅၂၅ ဒသမ ၁၃၆၇ တန်၊ ဇွန်လအတွင်း- ၃၁၈၅ ဒသမ ၆၃၉၄ တန်၊ ဇူလိုင်လအတွင်း-၂၇၉၆ ဒသမ ၂၁၂၁ တန်နှင့် ဩဂုတ်လအတွင်း- ၂၀၂၄ ဒသမ ၀၇၃၈ တန်တို့ကို သိမ်းဆည်းရမိခဲ့ပြီး စုစုပေါင်းတရားမဝင်သစ်-၁၉၁၀၈ ဒသမ ၃၁၃၅ တန်ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မီးပန်း၊ ပြောက်အိုး၊ မီးရှူး၊ မီးဒိုင်းများ ပစ်ဖောက်ခြင်းပြုလုပ်ပါက အရေးယူမည်

**ရန်ကုန် စက်တင်ဘာ ၂၆**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်းရှိ ရပ်ကွက်အသီးသီးရှိ လမ်းများ၊ လူစည်ကားရာနေရာများအပါအဝင် မည်သည့်နေရာဒေသတွင်မဆို သီတင်းကျွတ်၊ တန်ဆောင်တိုင်ပွဲတော်ကာလများတွင် အများပြည်သူများ အထိတ်တလန့်မဖြစ်စေရန်နှင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကို ထိခိုက်မှုမဖြစ်စေရန်အတွက် မီးပန်း၊ ပြောက်အိုး၊ မီးရှူး၊ မီးဒိုင်းများ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်းနှင့် ပစ်ဖောက်ကစားခြင်းများ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာမှုမရှိပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အင်းစိန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၆ ရက်စွဲဖြင့် တားမြစ်ချက်ထုတ်ပြန်ထားကြောင်း သိရသည်။ **(၆၈၄)**

# နေအိမ်မှဆင်းလာသည့် (၁၃)နှစ်အရွယ် ကျောင်းသူတစ်ဦးအား ရထားရဲတပ်ဖွဲ့က မိဘများထံ ပြန်လည်အပ်နှံ

**ရန်ကုန် စက်တင်ဘာ ၂၆**

ရထားရဲတပ်ဖွဲ့ အမှတ်(၁၃)တပ်ခွဲ တပ်စု(၁)(ရန်ကုန်)မှ တပ်စုမှူးဒုရဲအုပ် အောင်ဘိုဘိုဦးနှင့်အဖွဲ့သည် စက်တင်ဘာ ၂၆ ရက် နံနက်က ရန်ကုန်ဘူတာ ယာဒ်ဝင်းအတွင်း လုံခြုံရေးတာဝန် ဆောင်ရွက်စဉ် မိဘအုပ်ထိန်းသူမပါဘဲ အသက်(၁၃)နှစ်ခန့် ကျောင်းသူတစ်ဦးက တောင်ငူသို့ သွားလို၍ စုံစမ်းနေကြောင်း တွေ့ရှိသဖြင့် မေးမြန်းရာ ၎င်းသည် အမှတ်(၂)ဆက်သွယ်ရေးတပ် လိုင်းခန်း၌ နေထိုင်သူဖြစ်ပြီး အဌမတန်း အလက(၃) ဒဂုံတွင် ပညာသင်ကြားနေသူဖြစ်ကြောင်း၊ မိဘများနှင့် စိတ်ဆိုးပြီး နေအိမ်မှ ဆင်းလာကြောင်း သိရ၍ မိဘများထံ ဆက်သွယ်အကြောင်းကြားခဲ့ရာ နံနက် ၁၁ နာရီခွဲတွင် မိခင်ဖြစ်သူနှင့် အလက(၃)ဒဂုံမှ ကျောင်းအုပ်ဆရာမကြီးတို့ရောက်ရှိလာသဖြင့် တပ်စုမှူး ဒုရဲအုပ်အောင်ဘိုဘိုဦးက ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

**(ရထားရဲတပ်ဖွဲ့)**

❑

**ဖခင်အမည်မှန်**

ဘားအံမြို့ အထက(၅) ဒသမတန်း(က)မှ မပြည့်ဖြိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးမောင်အထွေး [၃/ဘအန(နိုင်)၁၁၈၃၄၉]ဖြစ်ပါကြောင်း။ **ဦးမောင်အထွေး**

**ဝေါမြို့နယ်အသင်း(ရန်ကုန်)**

**သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးပွဲ၊ ဂါထာသက်န်းဆက်ကပ်လှူဒါန်းပွဲ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားလွှာ**

ဝေါမြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးပွဲ၊ ဂါထာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲအား ၁၃၇၈-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁)ရက်၊ (၂-၁၀-၂၀၁၆) ရက်နေ့ (တနင်္ဂနွေနေ့)၊ နံနက် (၈း၃၀) နာရီတွင် အသင်းတည်ရှိရာ စမ်းချောင်းမြို့နယ်၊ ကိုးထပ်ကြီးဘုရားဝင်း အတွင်းရှိ ရွှေတောင်တိုက်သစ်ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ/ အသင်းသားများ၊ ဝေါမြို့နယ်သူ/ဝေါမြို့နယ်သားများ အလှူငွေလှူဒါန်းမည့်အလှူရှင်များ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အလှူငွေလှူဒါန်းလိုသူများအနေဖြင့် အောက်ဖော်ပြပါ အမှုဆောင်များထံ ဆက်သွယ်စာရင်းပေးပို့လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်လှူဒါန်းရန် -

ဦးသိန်းကျော် (၀၉-၅၁၅၅၉၅၅)၊ ဦးကျော်မင်း (၀၉-၅၃၁၀၅၉၂၃)၊ ဦးတင်ကြည် (၀၉-၅၃၁၀၄၄၄၅)၊ ဦးမြင့်လွင် (၀၉-၅၀၆၅၅၆၂)၊ ဦးရင်ထွေး (၀၉-၅၀၂၆၁၁၅)၊ ဦးစိုးဝင်း (၀၉-၅၁၅၂၃၄၀)။

အမှုဆောင်အဖွဲ့၊ ဝေါမြို့နယ်အသင်း (ရန်ကုန်)။

ရွှေတောင်တိုက်သစ်၊ ပရိယတ္တိစာသင်တိုက်၊ ဗားကရာတိုက်၊ ဗတိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**

**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ပဲဒက်ကျေးရွာတွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံ(၁)ရုံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းလိုင်စင်ရ မြန်မာနိုင်ငံသား ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။

တင်ဒါစတင်ရောင်းချမည့်နေ့ -၂၄-၉-၂၀၁၆

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၅-၁၀-၂၀၁၆ (၁၆း၀၀) နာရီ

တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၁၈-၁၀-၂၀၁၆ (၁၀း၀၀)နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ထားဝယ်မြို့ ဖုန်း-၀၉-၄၉၈၇၃၄၀၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၀၊ မြေကွက်အမှတ်(၁၃၄၁)ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်မှာ ဦးအောင်မောင်း(IGU-115905) [၁၂/လမန(နိုင်)၀၉၅၅၇၈]အမည်ဖြင့် ချပေးထားသော မြေကွက်ဖြစ်ပြီး ၎င်းထံမှ အရပ်ကတိစာချုပ် အစဉ်အဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်ဝင်းထွဋ် [၁၂/လမတ(နိုင်)၀၃၁၉၃၁]က ၎င်းတစ်ဦးတည်းပိုင်ဆိုင်ပြီး အပေါင်အနှံအရှုပ်အရှင်း(လုံးဝ)ကင်းရှင်း၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ၎င်းထံမှ ကျွန်ုပ်သည် အထက်ပါမြေအား အပြီးအပိုင်ဝယ်ယူရန် စရန်တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်မေ(ခ)ဒေါ်ဝင်းလှိုင်**

**ဖုန်း-၀၉-၄၂၁၇၅၇၇၄၅၊ ၀၉-၇၇၉၉၃၃၀၈၀**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ်-၁၃ယ/၆၇၆၃ ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှိုင်လှိုင်ဝင်း [၉/ပမန(နိုင်)၁၇၁၂၇၉] (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထောက်များဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၆-၉-၂၀၁၆ရက်ထုတ် ကြေးမုံသတင်းစာကြော်ငြာ စာမျက်နှာ(၄) ပါ ကန့်ကွက်နိုင်ပါသည် ကြေညာချက်တွင် မြေကွက်အမှတ်(၁၃၁၄) အစား(၁၃၄၁)ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

**ဒေါ်ယဉ်မေ(ခ)ဒေါ်ဝင်းလှိုင်**

**ဖုန်း-၀၉-၄၂၁၇၅၇၇၄၅၊ ၀၉-၇၇၉၉၃၃၀၈၀**

**ကန့်ကွက်နိုင်ပါသည်**

ပဲခူးတိုင်းဒေသကြီး၊ စာကလေးကွင်းကျေးရွာ၊ မြေကွက်အမှတ်(၁၃၃၆)၊ မြေတိုင်း(၂၄)၊ ရပ်ကွက်ကြီး(၈)၊ ဧရိယာ ပေ(၆၀×၈၀)ရှိ မြေသည် ဦးမြအောင် [၃/ဘအန(နိုင်)၀၁၇၉၁၀]မှ လွန်ခဲ့သောနှစ်(၂၀) ခန့်မှ အမည်ပေါက် ပိုင်ဆိုင်ခဲ့ပါသည်။

သက်ဆိုင်ရာသို့ မြေငှားဂရန်ရရှိ ရေးလျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ **ဆက်သွယ်ရန်ဖုန်း-၀၉-၅၆၆၁၇၀၂၊ ၀၉-၇၃၀၃၂၂၈၃**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ အောင်ပန်းစိန်ကျေးရွာနေ ဦးဌေးလွင် [၁၂/သခန(နိုင်)၀၀၀၂၆၂]၊ ဦးဝင်းခိုင်[၁၂/သခန(နိုင်)၀၀၀၂၆၃]၊ ဦးဟိန်းကိုကို[၁၂/သခန(နိုင်)၁၀၃၅၈၆]တို့၏ဖခင် ဦးလွှဟိန်းနှင့် ဦးဝင်းထိန်[၁၂/သခန(နိုင်)၀၅၃၇၀၆]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ရမည်းသင်းမြို့၊ အမှတ်(၇)၊ အထက(သစ္စေး)၊ ဒသမတန်းတွင် ပညာသင်ကြားနေသော မအေးအေးချို၏ ဖခင်အမည်မှန်မှာ ဦးညွှန့်ဝင်း [၈/ပခန(နိုင်)၁၆၄၈၆၄] ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

ရမည်းသင်းမြို့၊ အမှတ်(၁) အထက၊ ဒသမတန်း(F)တွင် ပညာသင်ကြားနေသော မသွယ်သွယ်ဦး၏ ဖခင်အမည်မှန်မှာ ဦးကြယ်နီ(ခ) ဦးသိန်းစိုး [၇/ဖမန(နိုင်)၀၅၀၇၂၇] ဖြစ်ပါသည်။

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

Toyota Vitz Taxi

2008, 2G/----, ကားသန့်

Ph:09-973300643,

09-965170142

**မြေကွက်ရောင်းမည်**

ပေ(၆၀×၈၀)၊ မြောက်ဒဂုံ၊ ဗိုလ်မှူးဗထူးအိမ်ရာဝင်းအနီး၊ ပြည်သာယာလမ်းနှင့်ပြည်မြန်မာလမ်းကြား၊ ဗိုလ်မှူးဗထူးလမ်းမကြီးအတွင်းလမ်း၊ လုံးချင်းရပ်ကွက်၊ သိန်း(၂၁၀၀)

**ဖုန်း-၀၉-၈၆၁၈၆၁၃**

**မြေကွက်ရောင်းမည်**

ပေ(၅၀×၆၀)၊ နဝရတ်လမ်း၊ လှိုင်သာယာ(၅)ရပ်ကွက်၊ ဘုရင့်နောင်တံတားနှင့်နီး၊ FMI အိမ်ရာဝင်းအနီး၊ သိန်း(၁၁၀၀)

**ဖုန်း-၀၉-၈၆၁၈၆၁၃**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်ဦးမြင့်ဦး [၁၄/ငပတ(နိုင်)၀၇၉၈၉၉]ပိုင် ပုသိမ်သူ(၅)၈၆၁၅ရေယာဉ်၏ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပေးပါရန်။ **ဦးမြင့်ဦး ဖုန်း-၀၉-၃၁၁၇၇၂၉၅**

## သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ရှားမှု ဂုဏ်ပြုပွဲကျင်းပ

**သံဖြူဇရပ် စက်တင်ဘာ ၂၆**

နှစ်စဉ် မိုးရာသီကာလတွင်ဖြစ်ပွားလျက်ရှိသည့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုနှုန်း လျော့နည်းကျဆင်းစေရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာန နှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာ ရှင်များမှပူးပေါင်း၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများလုပ်ဆောင်ခြင်းကို သံဖြူဇရပ်မြို့နယ်အတွင်း အပတ်စဉ်စနေနေ့တိုင်း နေအိမ်များ၊ ဘုန်းတော်ကြီး ကျောင်း၊ စာသင်ကျောင်းများတွင် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ရာ ယခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု သိသိသာသာလျော့နည်းခဲ့ ကြောင်း သိရသည်။

သံဖြူဇရပ်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ကြသည့် လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများ၊ စေတနာရှင်များအား ဂုဏ်ပြုပွဲကို စက်တင်ဘာ ၂၄ ရက် ညနေ ၆ နာရီက မွန်ဓမ္မာရုံ တွင် ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲသို့ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ ပြည်နယ်အစိုးရ အဖွဲ့ ဝင်ဝန်ကြီး ဦးထွန်းဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လင်းနှင့် ဌာန ဆိုင်ရာများ၊ မြို့နယ်ဆရာဝန်အသင်းဝင်များ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူး များနှင့် လူမှုရေးအဖွဲ့အစည်းဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးမှ အမှာစကားပြောကြားပြီး မြို့နယ် ကုသရေးဦးစီးဌာနမှူးက ဂုဏ်ပြုစကားပြောကြားရာတွင် “ကျန်းမာရေးဌာန နှင့် လူမှုရေးဆိုင်ရာအဖွဲ့များ၊ စေတနာရှင်များပြည်သူများ ညီညွတ်တက်ကြွ စွာ ပူးပေါင်းဆောင်ရွက်မှုကြောင့် ယခုနှစ်တွင် ရောဂါဖြစ်ပွားမှုမှာ လွန်စွာ လျော့နည်းသွားကြောင်း၊ ထိုကဲ့သို့ လူမှုရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် လူအင်အား၊ ငွေကြေးအင်အား၊ ပစ္စည်းအား၊ နည်းပညာအားနှင့် လုပ်ပေးလို သည့်စိတ်ဓာတ်အားနှင့် လုပ်ဆောင်နိုင်ခဲ့ခြင်းကြောင့် အောင်မြင်မှုရရှိခဲ့ခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိက လူမှုရေးအဖွဲ့ဝင် များအတွက် လုပ်အားပေးဝတ်စုံများ ချီးမြှင့်ပြီး ဂုဏ်ပြုစကားပြောကြားခဲ့သည်။ ယင်းနောက် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းတွင် တက်ကြွစွာ ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ရပ်ကွက်(၁၁)ခုမှ အုပ်ချုပ်ရေး မှူးများ၊ စေတနာရှင်အလှူရှင်များကို ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းများပေးအပ်ခဲ့ပြီး အရပ်ဘက်လူမှုရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခိုင်စိုးက လုပ်ငန်းဆိုင်ရာငွေကြေးသုံးစွဲမှုကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(သံဖြူဇရပ်)**

## ပညာတန်ဆောင်နှင့် တော်ဝင်ဖောင်ဒေးရှင်းတို့ပူးပေါင်း ဆောင်ရွက်သည့် ထူးချွန်ဆရာရွေးချယ်သည့်စာမေးပွဲကျင်းပ

**ကျောင်းကုန်း စက်တင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်း မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းခန်းမ၌ စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက ပညာတန်ဆောင်နှင့် တော်ဝင်ဖောင်ဒေး ရှင်းတို့ ပူးပေါင်းဆောင်ရွက်ချီးမြှင့်မည့် မြို့နယ် အဆင့် ထူးချွန်ဆရာရွေးချယ်ချီးမြှင့်နိုင်ရေးအတွက် ရေးဖြေစာမေးပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။



ကျောင်းကုန်းမြို့နယ်အတွင်း အခြေခံပညာ ကျောင်းအသီးသီးရှိ အခြေခံပညာအဆင့်သင် ဆရာ ဆရာမများအနက် ဆရာတစ်ဦး၏ ကိုယ်ရည် ကိုယ်သွေးပြည့်ဝပြီး သင်ကြားမှုစွမ်းရည်မြင့်မား၍ ဘက်စုံထူးချွန်သည့် ဆရာ၊ ဆရာမများအဖြစ် ရွေး ချယ်ဂုဏ်ပြုချီးမြှင့်နိုင်ရန်ရည်ရွယ်၍ ပညာတန် ဆောင်နှင့် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သည့် ထူးချွန်ဆရာဆု တတိယ အကြိမ် ရွေးချယ်ခြင်းဖြစ်ရာ ရေးဖြေစာမေးပွဲကို နံနက် ၁၀ နာရီမှ ၁၂ နာရီထိ ဖြေဆိုခဲ့ကြပြီး ဆရာ ကြီးဦးချစ်ထွေးဦးဆောင်သောအဖွဲ့က ကြီးကြပ်စစ် ဆေးခဲ့ကြသည်။

လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းကို မွန်းလွဲ ၁ နာရီ တွင် မြို့နယ်ပညာရေးမှူးဦးဆောင်သောအဖွဲ့က စစ်ဆေးခဲ့ကြကြောင်းနှင့် စာရင်းရှိ မူလတန်း ၁၆ ဦးတွင် ၁၁ ဦးဖြေဆိုပြီး ငါးဦးပျက်ကွက်ခဲ့ကြောင်း ဆရာဦးချစ်ထွေး၏ပြောပြချက်အရ သိရသည်။

မြို့နယ်အဆင့်တွင် ထက်၊ လယ်၊ မူ သုံးဆင့်စလုံး ၌ ပထမရရှိသူသုံးဦးက ခရိုင်အဆင့်သို့လည်း ကောင်း၊ ခရိုင်အဆင့်တွင် ပထမရရှိသူသုံးဦးက တိုင်းအဆင့်သို့လည်းကောင်း၊ တိုင်းအဆင့်တွင် ပထမရရှိသူသုံးဦးက ဗဟိုအဆင့်သို့လည်းကောင်း ဆက်လက်ဖြေဆိုကြရမည်ဖြစ်ပြီး ဗဟိုအဆင့်တွင် ထက်၊ လယ်၊ မူ သုံးဆင့်စလုံး၌ ပထမဆုငွေ ကျပ်သိန်း ၄၀၊ ဒုတိယဆုငွေ ကျပ်သိန်း ၂၀ နှင့် တတိယဆုငွေ ကျပ် ၁၀ သိန်းစီဖြင့် စုစုပေါင်းကျပ်ငွေ သိန်း ၂၁၀ ချီးမြှင့်မည်ဖြစ်ပြီး ထက်၊ လယ်၊ မူ ဆရာသုံးဦးစီဖြင့် ထူးချွန်ဆုရှင်ကိုးဦးအား ရွေးချယ်ချီးမြှင့်မည်ဖြစ် ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာအသုံးပြုနိုင်ရန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းနှင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးတို့ ပူးပေါင်းဆောင်ရွက်

**ဒလ စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်လျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်းနှင့် မြို့နယ်လျှပ်စစ်မန် နေဂျာရုံးတို့ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြို့ နယ်အတွင်း ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိရေး၊ ဗို့အားပြည့်မီစွာ အသုံးပြုနိုင်ရေး နှင့် ပြည်သူများ လျှပ်စစ်အန္တရာယ်မှ ကင်းဝေး စေနိုင်ရေးတို့အတွက် မြို့နယ်လျှပ်စစ်ဓာတ်အား ခွဲရုံမှ ကျောင်းစုရပ်ကွက်(လေးတိုင်စင်)အထိ တည်ဆောက်ထားသော 33KV ဓာတ်အားလိုင်း အား အရွယ်အစားကြီး၍ ဝန်အားပိုမိုနိုင်နင်းသော 160mm(square) ACOC ဟုခေါ်သော ကာဗာ ပါသည့်ကြိုးများဖြင့် အရှည် ၂ ဒသမ ၄ မိုင် ခန့် လဲလှယ်တပ်ဆင်ခြင်းနှင့် ဟောင်းနွမ်းချို့ယွင်း နေသောဓာတ်တိုင်များကို ကွန်ကရစ်ကျောက်တိုင် ၁၅၇ တိုင် အစားထိုးခြင်းလုပ်ငန်းများကို စက်တင် ဘာ ၁ ရက်မှစတင်၍ ဆောင်ရွက်ပေးလျက်ရှိ ကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားလိုင်းတည် ဆောက်ခြင်းလုပ်ငန်းများအား ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်း ကောင်းကင် ဓာတ်အားလိုင်းတည်ဆောက်ရေးဌာနမှ အင်ဂျင် နီယာ ဦးသန်းလင်းဦးဆောင်၍ ဝန်ထမ်းများ၊ ကျွမ်း ကျင်လုပ်သားများဖြင့် ယခင်တည်ဆောက်ထား သော ဟောင်းနွမ်းချို့ယွင်းဓာတ်တိုင်နေရာတွင် ကွန်ကရစ်ကျောက်တိုင်(၁၅၇)တိုင် အစားထိုး ပေးခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ ထို့အတူ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်အတွင်းရှိ ရပ်ကွက်နေပြည်သူများ ဗို့အားပြည့်ဝစွာရရှိစေ ရေးအတွက် ထရန်စဖော်မာခြောက်လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများအား ကျန်စစ်သားရပ် ကွက်တွင်တစ်လုံး၊ အုံ့ကြီးအနောက်ရပ်ကွက်တွင် နှစ်လုံး၊ တပင်ရွှေထီးရပ်ကွက်တွင်တစ်လုံး၊ ဗိုလ်ရန် ပြေရပ်ကွက်တွင် တစ်လုံးနှင့် သမ္မတရပ်ကွက်တွင် တစ်လုံး စုစုပေါင်းထရန်စဖော်မာခြောက်လုံးကို တည်ဆောက်ပေးထားကြောင်း၊ အရင်ကျောက် တိုင်၊ သစ်သားတိုင်များနေရာ၌ 10 m ခန့်ရှည်သော ကွန်ကရစ်ကျောက်တိုင် (၁၆၆)တိုင် အစားထိုး ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအား ဖြင့် လျှပ်စစ်အန္တရာယ်မှ ပြည်သူများကင်းဝေးစေ ရန်၊ ဗို့အားလိုင်းပြည့်မီစွာ အသုံးပြုနိုင်ရန်နှင့် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေ ရန်ရည်ရွယ်၍ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ ကြောင်း စက်တင်ဘာ ၂၂ ရက်တွင် မြို့နယ်လျှပ်စစ် မန်နေဂျာ ဦးအောင်ကျော်မိုးက ပြောကြားခဲ့သည်။

အဆိုပါ လျှပ်စစ်ဓာတ်အားလိုင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့် အညီဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် စက်တင် ဘာ ၁ ရက်မှစတင်၍ အကောင်အထည်ဖော်ဆောင် ရွက်လျက်ရှိရာ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူ များအနေဖြင့် တစ်ပတ်လျှင် သုံးရက်ကို ဓာတ် အားလိုင်းအားပိတ်၍ ဆောင်ရွက်ပေးလျက်ရှိ ကြောင်း၊ အောက်တိုဘာ ၃၁ ရက်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း၊ ယင်းကြောင့် လျှပ်စစ်ဓာတ် အားလိုင်းကို ခေတ္တဖြတ်တောက်ခြင်းဖြစ်ကြောင်း မိဘပြည်သူများသိရှိစေရန် တောင်းပန်ထား ကြောင်း သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

## မန္တလေးအနုပညာရပ်ဝန်းမှ ဖျော်ဖြေတင်ဆက်မည့် ပရဟိတရန်ပုံငွေပဒေသာကပွဲ အောက်တိုဘာ ၁၃ ရက် တွင်ကျင်းပမည်

**မန္တလေး စက်တင်ဘာ ၂၆**

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့ ပေးအပ်လှူဒါန်းနိုင်ရန်အတွက် မိတ်ကပ်အလှ ဖန်တီးရှင်များ၊ ဒီဇိုင်နာများ၊ ပန်းအလှဖန်တီးရှင်များ ပူးပေါင်းတင်ဆက်သည့် မန္တလေးအနုပညာရပ်ဝန်းမှ ဖျော်ဖြေတင်ဆက်ကပြမည့် ရန်ပုံငွေပဒေသာကပွဲ ကြီးကို အောက်တိုဘာ ၁၃ ရက် ညနေ ၄ နာရီခွဲမှ ၉ နာရီခွဲထိ မန္တလေးမြို့တော် ခန်းမ (၁)တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပဒေသာကပွဲတွင် မိတ်ကပ်အလှဖန်တီးရှင်များ၊ ဒီဇိုင်နာများ၊ ပန်းအလှ ဖန်တီးရှင်များနှင့်အတူ အလှမယ်များ၊ ကာယအလှမယ်၊ ကာယဗလမောင်၊ အိပ်မက်ဆုံရာနှင့် Myanmar IDOL မှ အဆိုတော်များလည်းပါဝင်ပြီး အဆို အက၊ ပြဇာတ်များဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကာ Star & Model နှင့် NYM တို့မှ မော်ဒယ်လေးများ၏ ဖျော်ဖြေတင်ဆက်မှုများလည်း ပါဝင်မည် ဖြစ်သည်။

အဆိုပါပရဟိတရန်ပုံငွေပွဲအား Linn Entertainment နှင့် Kiss Entertainment တို့မှ ပူးပေါင်းကာ စီစဉ်ကျင်းပခြင်းဖြစ်ပြီး ပဒေသာကပွဲမှ ရရှိမည့် အကျိုးအမြတ်များအားလုံးအား ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့ ပေးအပ် လှူဒါန်းမည်ဖြစ်သဖြင့် ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ရန်ပုံငွေပဒေသာကပွဲ ကြီး ဖြစ်မြောက်ရေးကော်မတီ ဖုန်း ၀၉-၂၅၆၂၆၂၆၄၂ နှင့် ၀၉-၄၃၀၁၄၄၇၂ တို့ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(၀၀၂)**



## တောင်သူပညာပေးဆွေးနွေးပွဲနှင့် ကွင်းသရုပ်ပြပွဲကျင်းပ

**မိုးညှင်း စက်တင်ဘာ ၂၆**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ နန့်မွန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ တောင်သူ ပညာပေးဆွေးနွေးပွဲနှင့် ကွင်းသရုပ်ပြပွဲကို စက်တင် ဘာ ၂၁ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်

ဆွေးနွေးပွဲတွင် မိုးညှင်းခရိုင် စိုက်ပျိုးရေးဌာနမှ ဦးစီးအရာရှိ ဦးအောင်လွင်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်မျိုးစေ့တာဝန်ခံမှ မျိုးကောင်း မျိုးသန့်ထုတ်လုပ်ရေးအကြောင်းအရာများကိုလည်း ကောင်း၊ ပြည်နယ်မြေအသုံးချရေးတာဝန်ခံမှ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေးနှင့် ပြည်နယ် သီးနှံကာကွယ်ရေးတာဝန်ခံမှ ပိုးမွှားရောဂါကာ ကွယ်နှိမ်နှင်းရေးနည်းပညာများကိုလည်းကောင်း ဆွေးနွေးဟောပြောကြပြီး တက်ရောက်လာကြသော တောင်သူဦးကြီးများ၏ တင်ပြဆွေးနွေးမှုအပေါ် သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နန့်မွန်းကျေးရွာကွင်းအမှတ် (၄၁၃) ရှိ တောင်သူဦးမြင့်အောင်၏ လယ်မြေတွင် စိုက်ပျိုး ထားသော ဆင်းဧကရီ(၃) မျိုးသန့်မျိုးစေ့စံပြကွက်၌ မျိုးကွဲနုတ်ပယ်ခြင်း၊ ပိုးမွှားကင်းထောက်ခြင်းများကို လက်တွေ့သရုပ်ပြခဲ့ပြီး တက်ရောက်လာကြ သောတောင်သူ ၆၅ ဦးတို့အား တစ်ဦးလျှင် ကွန်ပေါင်း ဓာတ်မြေဩဇာတစ်အိတ်နှုန်းဖြင့် အသီးသီးကူညီ ထောက်ပံ့ပေးခဲ့ကြကြောင်း သိရသည်။

**(၀၅၈)**

# ပဲနွယ်ကုန်းမြို့၌ စည်ပင်ယာယာခွင့်ပြုချက်ရယူခြင်းမရှိဘဲ အဆောက်အအုံများဆောက်လုပ်နေသဖြင့် အခွန်ဆုံးရှုံးမှုများရှိနေ



မိုင်းပျဉ်းမြို့နယ်အုပ်ချုပ်ရေးမှူးဖလား အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲကျင်းပ

**ပဲခူး စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့တွင် အိမ်သစ်ဆောက်လုပ်ခြင်း၊ အထပ်မြင့်အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများအား မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ အဆောက်အအုံများဆောက်လုပ်နေသဖြင့် နိုင်ငံတော်မှ အခွန်နစ်နာဆုံးရှုံးရခြင်းများ ရှိနေကြောင်း သိရသည်။

ဒေသတွင်း အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ရာတွင် တရားဝင်ခွင့်ပြုချက် လိုင်စင်ရယူရာ၌ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ အိမ်အနားလေးရပ်ထောက်ခံချက်၊ အဆောက်အအုံ သို့မဟုတ် အိမ်ပုံစံဖြင့် သတ်မှတ်တန်ဖိုးပေးသွင်းပြီး မြို့နယ်စည်ပင်သာယာခွင့်ပြုချက်ဖြင့် ဆောက်လုပ်နိုင်သော်လည်း မြို့နယ်စည်ပင်သာယာ ခွင့်ပြုချက်တရားဝင် ရယူထားခြင်းမရှိဘဲ ဆောက်လုပ်နေကြခြင်းဖြစ်သည်။

"အခုစည်ပင်ကိုတရားဝင် ခွင့်ပြုချက်မယူဘဲ ဆောက်နေကြတဲ့တိုက်တွေနဲ့ သံထည်အဆောက်အအုံတွေကို ဆောက်လုပ်နေတာတွေရှိနေတယ်။ ဝန်ထမ်းကို အသိပေးထားပြီး ဆောက်လုပ်နေတာမျိုးက ဥပဒေချိုးဖောက်ခြင်းဖြစ်တယ်။ ဒါတရားမဝင်ဘူး။ တရားဝင်အဆောက်အအုံဆောက်လုပ်ခွင့်နဲ့ ဆောက်ရင် နိုင်ငံတော်ကို တရားဝင်အဆောက်အအုံဆောက်လုပ်ခွင့် အခွန်ပေးဆောင်ရမယ်။ ဒါမှတရားဝင်ဖြစ်မယ်။ နိုင်ငံတော်အတွက် အခွန်နစ်နာအောင် မလုပ်သင့်ဘူး။ သံထည် ပေ ၃၀၊ ပေ ၅၀ အဆောက်အအုံဆို ငွေငါးသိန်းကနေ ၁၀ သိန်းကြားနိုင်ငံတော်ကို အခွန်သွင်းရမယ်။ ဝန်ထမ်းကို နားလည်မှုနဲ့ အသိပေးလိုက်တာမျိုးဆိုလည်းမဖြစ်သင့်ပါဘူး" ဟု မြို့ခံအင်ဂျင်နီယာတစ်ဦးကပြောသည်။

မြို့နယ် စည်ပင်သာယာမှ တရားဝင်ခွင့်ပြုမိန့်ပေးသော အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့်အား အစိမ်းရောင်ဗီနိုင်းဖြင့် အဆောက်အအုံရှေ့တွင် ခွင်ပြုသည့်နေ့စွဲအမိန့်အား အများထင်သာမြင်သာရှိသောနေရာတွင်ကပ်ထားပြီး အိမ်ရှင်မှ လုပ်ငန်းအား တရားဝင် စတင်ဆောက်ရွက်နိုင်ပြီဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း နေအိမ်အဆောက်အအုံများ ဆောက်လုပ်ခြင်းများတွင် လမ်းမြေပေါ်ကျူးကျော်နေသော အဆောက်အအုံများနှင့် ဈေးဆိုင်များ အများအပြားရှိနေကြောင်းလည်း သိရသည်။

ယင်းပြဿနာများအား ဖြေရှင်းဆောင်ရွက်ရာတွင် ယခင်ကတည်းကအရေး ယူဆောင်ရွက်ခြင်းမရှိခဲ့သောကြောင့်အချိန်ကြာမြင့်လာသောအခါမှ ရှင်းလင်းဆောက်ရွက်ရာတွင် အခက်အခဲများစွာရှိနိုင်သည်။ နေအိမ်၊အဆောက်အအုံ စဆောက်စဉ်ကတည်းကဥပဒေနှင့် ညီညွတ်မှုရှိ-မရှိ စည်ပင်သာယာကအနီးကပ်ကြည့်ရှုလမ်းညွှန်သင့်ကြောင်း မြို့ခံရပ်မိရပ်ဖတစ်ဦးက ပြောပြသည်။

"အိမ်ရှင် တော်တော်များများက မြို့ထဲအိမ်ဆောက်တဲ့ လမ်းမြေပါနေသလား၊ အန္တရာယ်ကင်းတဲ့ အဆောက်အအုံဖြစ်ရဲ့လားဆိုတာ စဆောက်စဉ်ကတည်းက ကြည့်ရမယ်။ ဥပဒေနဲ့ ညီညွတ်မှုမရှိရင် တားမြစ်ရမယ်။ နောက်မှ ပြဿနာလိုက်ရှင်းနေရတာမျိုးကကြာလေ ရှုပ်လေရှင်းရခက်တယ်"ဟုယင်းကဆိုသည်။

နိုင်ငံတော် တည်ဆောက်ရေးတွင် အစိုးရအသစ်မှ ရုန်းကန်ကြိုးစားနေချိန်အတွင်း သက်ဆိုင်ရာအောက်ခြေတွင်တာဝန်ယူရသော ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်မှ ရသင့်ရထိုက်သောအခွန်များနစ်နာဆုံးရှုံးမှုများမရှိရအောင်တာဝန်ကျေစွာပါဝင်ဆောင်ရွက်မှသာမြို့ရွာများဖွံ့ဖြိုးတိုးတက်ပြီးလမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးတွင်အထောက်အကူဖြစ်စေနိုင်ကြောင်းဒေသခံများကဝေဖန်လျက်ရှိသည်။ **(၄၂၈)**

## မိုင်းပျဉ်းမြို့နယ်အုပ်ချုပ်ရေးမှူးဖလား အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲကျင်းပ

**မိုင်းပျဉ်း စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ်အုပ်ချုပ်ရေးမှူးဖလား အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲကို မြို့မအားကစားကွင်း၌ စက်တင်ဘာ ၂၄ ရက်က စတင်ကျင်းပခဲ့သည်။

ချစ်ကြည်ရေးပွဲအဖြစ် ဇရာအိုအသင်းနှင့် ကညာပျို အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကညာပျိုအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းနောက် အဖွင့်ပွဲစဉ်အဖြစ် ဆင်မောင်းကျေးရွာအသင်းနှင့် ဝန်ထမ်းပေါင်းစုံအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဝန်ထမ်းပေါင်းစုံအသင်းက ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲတွင် မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ဘောလုံးအသင်း ကိုးသင်းနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက တစ်သင်း စုစုပေါင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲများကို စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## တွံတေးမြို့နယ်၌ ဓမ္မစကူးသင်တန်းဖွင့်လှစ်

**တွံတေး စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် တွံတေးဝကျေးရွာအုပ်စု အဂါတ်တန်းကျောင်းစုကျေးရွာ ပန်းဉယျာဉ် ကျောင်းတိုက်တွင် ကျောင်းတိုင်ဆရာတော် ဦးဥတ္တရက ဦးစီး၍ ပထမအကြိမ် ဓမ္မစကူးသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၄ ရက် ညနေ ၃ နာရီက စတင်ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ပန်းဉယျာဉ်ကျောင်းတိုက်ဆရာတော် ဦးဥတ္တရက ဓမ္မစကူးသင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းမိန့်ကြားခဲ့သည်။ အဆိုပါသင်တန်းသို့ အဂါတ်တန်းကျောင်းစု ကျေးရွာမှ အလှူရှင်များနှင့် ကျောင်းသား၊ ကျောင်းသူ ၁၄၀ တက်ရောက်လျက်ရှိပြီး သင်တန်းကို အပတ်စဉ် တနင်္ဂနွေနေ့ နံနက် ၈ နာရီ မှ ညနေ ၃ နာရီ အထိ သင်တန်းဆရာငါးဦးတို့မှ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"ယခုလို ဓမ္မစကူးသင်တန်းတွေ ကျေးရွာမှာ ဖွင့်လှစ်တာကောင်းပါတယ်။ ဒါမှ ခေတ်လူငယ် လူရွယ်တွေ ဘာသာတရားနှင့် ကိုယ်ကျင့်သိက္ခာများနှင့် ပြည့်စုံပြီး အရာရာကို စဉ်စားတွေးခေါ်လာနိုင်မှာပါ။ ကြီးသူကိုရိုသေ၊ ငယ်သူကိုသနားတတ်လာမှာပါ" ဟု ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလှစိန်က ပြောသည်။

**မျိုးလှိုင်(တွံတေး)**

## စစ်ကိုင်းတိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန စာရေးဝန်ထမ်းအခြေခံသင်တန်းဆင်းပွဲကျင်းပ

**မုံရွာ စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်တွင်းအခွန်များဦးစီးဌာန လက်အောက်ရှိ ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေရန် ရည်ရွယ်ပြီး စာရေးဝန်ထမ်းအခြေခံသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းအမှတ်စဉ်(၃) ဆင်းပွဲကို စက်တင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းအား ဩဂုတ် ၁၅ ရက်မှ စက်တင်ဘာ ၂၃ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ရာ တိုင်းဒေသကြီးအတွင်းရှိ ပြည်တွင်းအခွန်များ ဦးစီးဌာနများမှ သင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးက သင်တန်းတွင် ထူးချွန်ဆုရရှိခဲ့သည့် ဟုမ္မလင်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဦးဇော်မိုးနိုင်အား ဆုချီးမြှင့်ခဲ့သည်။ **ဖိုးချမ်း(မုံရွာ)**

## အနုပညာဗီဇကိုဖော်ထုတ်ပေးသည့် ဆေးရောင်ခြယ်အရုပ်ကလေးများကို တွင်ကျယ်စွာပြုလုပ်ရောင်းချလာ



**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေးမြို့တွင် ရတနာပုံတက္ကသိုလ်အနီးနှင့် မနောရမ္မ ခေတ်မီကစားကွင်းအနီးတွင် ဆေးခြယ်အရုပ်ကလေးများကို ဝယ်ယူကာ ဆေးခြယ်နိုင်ကြောင်းသိရသည်။

အနုပညာကို မြတ်နိုးသူများမှာ စိတ်နှလုံးနူးညံ့သည်ဟု ဆိုထားသည်။ အနုပညာ အခြေခံဗီဇ ရှိသမျှ လောကအလှကို ထူးကဲစွာ ရှုမြင်ခံစားတတ်ကြသည်။ မန္တလေးမြို့ပေါ် ခေတ်မီကစားကွင်းနှင့် တက္ကသိုလ်ကျောင်းအနီးနေရာများတွင် အနုပညာဗီဇကို ဖော်ထုတ်ပေးသည့် ဆေးရောင်ခြယ်အရုပ်ကလေးများကို တွင်ကျယ်စွာ ပြုလုပ်ရောင်းချလျက်ရှိသည်။ ဆေးရောင်ခြယ်အရုပ်ကလေးများကို မိုစနစ်ဖြင့် ခေတ်မီပတ်တီးကို အသုံးပြုကာ ပြုလုပ်ထားသည်။

မိုအတွင်းသို့ ပတ်တီးထည့်ပေးပြီး အကြားအလပ်မရှိအောင်ပြုလုပ်ပေးရသည်။ ငါးမိနစ်၊ ၁၀ မိနစ်ခန့် ကြာပါက ပတ်တီးခွါကာ အခြောက်လှန်းပေးရုံဖြင့် လှပသော ဆေးရောင်ခြယ်အရုပ်ကလေးများ ရရှိသည်။ဆေးရောင်းခြယ် အရုပ်အမျိုး ၄၀ ခန့် ပြုလုပ်သည်။ အများအားဖြင့် စနိုးဝိုက်ပုံ၊ စုံတွဲပုံ၊ စူပါမန်းပုံ၊ မင်္ဂလာဆောင်အတွဲ၊ အမျိုးသား လူငယ်တစ်ဦးတည်းပုံ၊ အမျိုးသမီးတစ်ဦးတည်းပုံ၊ အိမ်နောက်ခံရှုခင်းပုံနှင့်အတူ အခြားစိတ်ဝင်စားစရာ အရုပ်များကို ပြုလုပ်ရောင်းချကြသည်။

ဆေးရောင်ခြယ်အရုပ်ဖြစ်သည့်အတွက် ဆေးရောင်ခြယ်သည့် ခုံကလေးများကို ချထားပေးရသည်။ ဝယ်ယူသူကိုယ်တိုင် ကိုယ်ပိုင်အရုပ်ကို စိတ်ဝင်တစား စိတ်ကြိုက်ဆေးရောင်ခြယ်ရသည်။ ဆေးစုတ်တံနှင့်ဆေးကို အရုပ်ရောင်းသူမှ အရံသင့်ချထားပေးကာ ဆေးခြယ်သည့် နမူနာဓာတ်ပုံလေးများပါ ချထားပေးရသည်။ အရုပ်တစ်ခုလျှင်ငွေကျပ် ၂၀၀၀၊ ၂၅၀၀ ပေးရသည်။ ထိုဈေးနှုန်းမှာ ဆေးအတွက်ပါ ထည့်သွင်းတွက်ချက်ရောင်းချခြင်းဖြစ်သည်။

ဆေးရောင်ခြယ်သူများမှာ နမူနာပြထားသည့် ဓာတ်ပုံထဲကအတိုင်းဆေးခြယ်သလို ကိုယ့်စိတ်ကူးဖြင့် စိတ်ကြိုက်ဆေးခြယ်သည်လည်းရှိသည်။ဆေးခြယ်ရန်အတွက် ရေဆေးကို အသုံးပြုပြီး ဆေးခြယ်အရုပ်အတွက် ရေဆေးကို တရုတ်ပြည်မှဝယ်ယူရသည်။ ဆေးခြယ်အရုပ်ပြုလုပ်သည့် မိုနှင့် ပတ်တီးကို ရန်ကုန်တွင်မှာယူကာ မန္တလေးမြို့တွင် ကိုယ်ပိုင်အိမ်တွင်းမှုလုပ်ငန်းအနေဖြင့် တွင်ကျယ်စွာပြုလုပ်ရောင်းချလျက်ရှိသည်။

အများအားဖြင့် တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများ၊ လူငယ်များ အများစုဝယ်ယူဆေးခြယ်ကြသည်။ ကိုယ့်အနုပညာဗီဇအတိုင်း စိတ်ကြိုက်ဆေးရောင်ခြယ်ကာ ကိုယ့်လက်ရာကို ကိုယ့်အိမ် စာကြည့်စားပွဲများတွင် အလှထားခြင်း မိတ်ဆွေသူငယ်ချင်းများကို အမှတ်တရ လက်ဆောင်ပေးခြင်းများပြုလုပ်ကြသည်။ လက်ရှိကာလတွင် အနုပညာဗီဇကို ဖော်ထုတ်ပေးသည့် ဆေးခြယ်အရုပ်ကလေးများကို တွင်ကျယ်စွာရောင်းချပေးနေရသည်။ အထူးသဖြင့် တက္ကသိုလ်ကျောင်းအနီးနေရာများနှင့် ခေတ်မီကစားကွင်းနေရာများတွင် အားထားရောင်းချကြသည်။ စာမေးပွဲမရှိသည့် ကာလများတွင် ဆေးခြယ်အရုပ်ကလေးများကို တစ်နေ့လျှင် ငွေကျပ် ၁၅၀၀၀၀ မှ ၂၀၀၀၀၀ ဖိုးအထိ ပုံမှန်ရောင်းရပြီး စိတ်တိုင်းကျ ဆေးခြယ်သူများပြားလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

# အနောက်ဆယ်လံကျေးရွာ မြေနေရာသစ်သို့ပြောင်းရွှေ့နိုင်ရေး ကွင်းဆင်းကြည့်ရှု

**ပခုက္ကူ စက်တင်ဘာ ၂၆**

ပခုက္ကူမြို့နယ် ပေါက်တောအုပ်စု အနောက်ဆယ်လံကျေးရွာမြေနေရာသစ်ပြောင်းရွှေ့နိုင်ရေးအတွက် မြို့နယ်သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့သည် စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းကြည့်ရှုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပခုက္ကူမြို့နယ် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြင့်ခိုင်၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်နိုင်၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းဌေးတို့သည် အဖွဲ့ဝင်များလိုက်ပါလျက် အဆိုပါကျေးရွာ မြစ်ကမ်းပါးပြိုကျမှုအခြေအနေကို စက်လှေဖြင့်ကြည့်ရှုပြီး မြေကမ်းပါးပြိုကျမှု၊ မြစ်ရေစီးကြောင်းပြောင်းလဲမှုအခြေအနေကြောင့် ကျေးရွာသစ်ပြောင်းရွှေ့ရန်လျာထားသည့်မြေနေရာအား ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးကော်မတီအဖွဲ့သည် ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် ယာယီဆောက်လုပ်ထားသော အမှတ်(၈၀) မူလွန်ကျောင်းတွင်တွေ့ဆုံရာ မြစ်ကြောင်းပြောင်းလဲမှုဖြစ်စဉ်နှင့် ရေစီးကြောင်းပြောင်းလဲမှုကြောင့် ဧရာဝတီမြစ်ရေသည် ရွာကိုဦးတိုက်စီးဆင်းလျက်ရှိသောကြောင့် မြစ်ကမ်းပါးများပြိုကျလျက်ရှိပြီး အန္တရာယ်များသည့်အတွက် လာမည့်နှစ်ရေတက်ကာလမရောက်မီ ရွာအားရွှေ့ပြောင်းနိုင်ရေးနှင့် မြေနေရာသစ်ရရှိရေးကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာသည် ၂၀၁၆ ခုနှစ် ဧရာဝတီမြစ်ရေကြီးမြင့်စဉ်ကာလတွင် ကျေးရွာ၏ မူလွန်ကျောင်းနှင့် အိမ်ထောင်စု ၂၆ စုမှာ မြစ်ကမ်းပါးပြိုကျမှုအန္တရာယ်ကြောင့် ကျောင်းနှင့်အိမ်များကိုဖျက်၍ စုပုံထားရကြောင်း သိရသည်။

ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်မှုအဆင်ပြေစေရန် ယာယီကျောင်းဆောက်လုပ်ပေးထားပြီး အိမ်ထောင်စု ၂၆ စုမှလည်း နီးစပ်ရာဆွေမျိုးတော်စပ်သူများ၏ အိမ်တွင်နေထိုင်ရကြောင်း သိရသည်။ မြို့နယ်သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် အိမ်ထောင်စု ၂၆ စုအား အိမ်ထောင်စုတစ်စုလျှင် ဆန်လေးပြည်၊ ဆီ ၅၀ ကျပ်သား၊ စားသောက်ကုန်နှင့် အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်အောင်ဝင်း**



# အခမဲ့ကျန်းမာရေး ကွင်းဆင်းကုသခြင်းနှင့် အသိပညာပေးဟောပြောပွဲ ကျင်းပ



**သရက် စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကြာကန်ကျေးရွာတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျေးရွာနေပြည်သူများအား ကျေးရွာအရောက်အခမဲ့ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများ ကွင်းဆင်းဆေးကုသခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းအခမ်းအနားကို စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ကျေးရွာစာသင်ကျောင်း၌ကျင်းပရာ ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီတာစိုးက သွေးတိုးရောဂါနှင့် ဇီကာဗိုင်းရပ်စ်ရောဂါအကြောင်း အသိပညာပေးဟောပြောပေးခဲ့ပြီး မြို့နယ်ကျန်းမာရေးမှူး ဦးသိန်းနိုင်က သန့်ငါးသန့်အကြောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် မြို့နယ်သူနာပြု(၁) ဒေါ်နီုရင်းက ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားပေးပြီး ကျန်းမာရေးမှူး အဆင့်(၁) ဒေါ်ထွေးရီက တီဘီရောဂါအကြောင်းကိုလည်းကောင်း၊ သွားဆရာဝန် ဒေါက်တာစိုးလင်းနိုင်က သွားနှင့်ခံတွင်းအကြောင်း သိကောင်းစရာများကိုလည်းကောင်း ပြောကြားပေးခဲ့သည်။

ယင်းနောက် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီတာစိုး၊ သွားဆရာဝန် ဒေါက်တာစိုးလင်းနိုင်၊ ဒေါက်တာနှင်းဝေဝေလွင်နှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ပေးရာ အထွေထွေရောဂါ ၄၃၅ ဦး၊ သွားဝေဒနာရှင် ၄၃ ဦးတို့အား အခမဲ့ကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# မုံရွာမြို့အုတ်ကန်တောရစာသင်တိုက်တွင် သာသနာ့ဝင်စိစစ်ရေးကတ်ပြားများ ဆက်ကပ်

**မုံရွာ စက်တင်ဘာ ၂၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ အုတ်ကန်တောရစာသင်တိုက်တွင် စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီက မုံရွာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးကျော်ထွန်းနှင့် ဝန်ထမ်းများက စာသင်သံဃာတော်များအား သာသနာ့ဝင်စိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆက်ကပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သာသနာ့ဝင်စိစစ်ရေးကတ်ပြားများ ဆက်ကပ်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၊ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်တို့ တက်ရောက်အားပေးခဲ့ပြီး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က ဆရာတော်ကြီးများထံ သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ပြီး သာသနာ့ဝင်စိစစ်ရေးကတ်ပြားများအား သံဃာတော်တစ်ပါးချင်းအား ဆက်ကပ်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# မိုးညှင်းမြို့နယ် နမ့်ပရုံကျေးရွာတွင် ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ပထမအကြိမ်ကျင်းပ

**တာမိုးညဲ စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် တာမိုးညဲမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ကြီးမှူးပြုလုပ်သည့် ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ပထမအကြိမ်ကို စက်တင်ဘာ ၂၃ ရက်က နမ့်ပရုံ အ. မ. က (မူလွန်) ကျောင်းခန်းမ၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူး ဦးမင်းမင်းစိုးက ယနေ့ခေတ်အချိန်တွင် ပညာရေးဖြင့် နိုင်ငံတော်ကိုတည်ဆောက်အံ့ဟူသည့်ဆောင်ပုဒ်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများသည်လည်း ပညာခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်ရန်အတွက် အခြေခံကောင်းများကို အမြဲလေ့ကျင့်နေကြရမည်ဟု အဖွင့်မှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်အေးက ကျောင်းသား၊ ကျောင်းသူများ၏ စာဖတ်စွမ်းရည်များနှင့် အသိပညာဗဟုသုတများ တိုးပွားလာစေရန်အတွက် ရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်ကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။

ယင်းနောက် ပြိုင်ပွဲကိုဆက်လက်ကျင်းပရာ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ဆဋ္ဌမတန်းမှ မနူးနူးအောင်က 'စာဖတ်ကြစို့' ကဗျာခေါင်းစဉ်ဖြင့် အကောင်းဆုံးဆု၊ ပုံပြောပြိုင်ပွဲတွင် ပဉ္စမတန်းမှ မအိသီရိဇော်က 'ယုန်နှင့်လိပ်' ပုံပြင်ဖြင့် အကောင်းဆုံးဆုအသီးသီး ရရှိသည်။ အလားတူပြိုင်ပွဲများကို တာမိုးညဲမြို့အတွင်းရှိ အခြေခံပညာကျောင်းများတွင် ဆက်လက်ကျင်းပပေးမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းလှဝင်းအောင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တံတားဦးပြည်သူ့ဆေးရုံတွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**တံတားဦး စက်တင်ဘာ ၂၆**

အောက်တိုဘာ(၁)ရက်တွင်ရောက်ရှိမည့် (၅၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တံတားဦးမြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးတိုးလွင်အနီးကပ်ကြီးကြပ်၍ တံတားဦးမြို့မရဲစခန်းမှူး ဒုရဲမှူးဌေးဝင်းဦးဆောင်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ အရာရှိငါးဦးအပါအဝင်တပ်ဖွဲ့ဝင် ၁၂ ဦး၊ တံတားဦးမြို့မရဲစခန်းမှ အရာရှိနှစ်ဦးနှင့် တပ်ဖွဲ့ဝင် ၂၂ ဦး၊ လေဆိပ်နယ်မြေရဲစခန်းမှ အရာရှိနှစ်ဦးနှင့် တပ်ဖွဲ့ဝင်ကိုးဦး၊ ချောင်းခွနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်ခုနစ်ဦး၊ တံတားဦးရဲတပ်ဖွဲ့ဝင်မိသားစု ၁၉ ဦးတို့က စက်တင်ဘာ ၂၄ ရက် နံနက် ၇ နာရီမှ ၉ နာရီအထိ ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်သော တံတားဦးမြို့ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ခြုံနွယ်များ၊ ပေါင်းမြက်များကို တပျော်တပါး စုပေါင်းခုတ်ထွင် ရှင်းလင်းခဲ့ကြသည် ။

အဆိုပါ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာသို့ တံတားဦးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတိုးလွင်၊ မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ဦး၊ တံတားဦးမြို့မရဲစခန်းမှူး ဒုရဲမှူးဌေးဝင်းတို့က စုပေါင်းသန့်ရှင်းရေးပြုလုပ်နေသော ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**



# မြန်မာ့ကုမ္ပဏီဆိုင်ရာကဏ္ဍအတွက် ထိရောက်စွာ ပြုပြင်ပြောင်းလဲပေးမည့် ဥပဒေသစ်

မောင်ငြိကာ

မြန်မာနိုင်ငံဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုအားကောင်းလာစေဖို့ သိသာထင်ရှားတဲ့ စီးပွားရေးဆိုင်ရာ ဖြေလျှော့မှုတွေနဲ့ ပြုပြင်ပြောင်းလဲမှုတွေ တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။ စီးပွားရေးဆိုင်ရာ ဖြေလျှော့မှုတွေ ဆောင်ရွက်ရာမှာ အထောက်အကူပြုစေမယ့် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်ဖို့လည်း အချိန်သင့်ပြီဖြစ်ပါသည်။ ဒေသတွင်းမှာရှိတဲ့ ပတ်ဝန်းကျင်နိုင်ငံတွေမှာ ကုမ္ပဏီဥပဒေ ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ လုပ်ခဲ့ပြီးတဲ့နောက် သိသာထင်ရှားတဲ့ စီးပွားရေးတိုးတက်လာမှုတွေ ပေါ်ထွက်ခဲ့တာကိုလည်း တွေ့ခဲ့ရပြီးဖြစ်ပါတယ်။

အဲဒီလို ကုမ္ပဏီဥပဒေကို ပြုပြင်ပြောင်းလဲတဲ့အခါ ကုမ္ပဏီလွယ်လွယ်ကူကူထူထောင်နိုင်ဖို့ အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေအပေါ် သက်ရောက်နေတဲ့ ဥပဒေဆိုင်ရာ ဝန်ထုပ်ဝန်ပိုးတွေ လျှော့ချပေးဖို့၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ပိုမိုအားကောင်းလာစေဖို့နဲ့ ကုမ္ပဏီရဲ့ရှယ်ယာတွေကို စီမံခန့်ခွဲတဲ့အခါ ပြောင်းလွယ်ပြင်လွယ်ရှိစေဖို့ ဆောင်ရွက်ခဲ့ကြတာကို တွေ့ရပါတယ်။ ဒီလိုဆောင်ရွက်ချက်တွေထဲမှာ စီးပွားရေးလုပ်ငန်းတစ်ခု လွယ်လွယ်ကူကူ စတင်ထူထောင်လုပ်ကိုင်နိုင်ဖို့၊ စွန့်စားတီထွင်လုပ်ကိုင်မှုတွေကို ထောက်ကူပေးဖို့နဲ့ ပုဂ္ဂလိကကဏ္ဍကို အားကောင်းမောင်းသန်ဖွံ့ဖြိုးတိုးတက်စေဖို့ ဦးတည်ဆောင်ရွက်ခဲ့တာကိုလည်း တွေ့ရှိရပါတယ်။

### မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ

မြန်မာနိုင်ငံမှာ လက်ရှိကျင့်သုံးဆဲဖြစ်တဲ့ ၁၉၁၄ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေဟာ သက်တမ်းရာကျော်ခဲ့ပြီဖြစ်ပါတယ်။ ဒီဥပဒေဟာ ဒေသတွင်းမှာရှိတဲ့စင်ကာပူ၊ မလေးရှား၊ ဟောင်ကောင်စတဲ့ နိုင်ငံတွေမှာ ကျင့်သုံးနေတဲ့ ကုမ္ပဏီဥပဒေများနဲ့ အခြေခံဝိသေသချင်း တူညီမှုများစွာရှိတာ တွေ့ရပါတယ်။ သို့ပါသော်လည်း မြန်မာနိုင်ငံရဲ့ဥပဒေမှာပါရှိတဲ့ ပြဋ္ဌာန်းချက်အချို့ဟာ ၁၉ ရာစုအချိန်က စီးပွားရေးဝန်းကျင်အတွက် ရေးဆွဲခဲ့တာဖြစ်လို့ များစွာခေတ်နောက်ကျနေပြီး ဝန်ထုပ်ဝန်ပိုးဖြစ်စေမယ့် ဥပဒေလိုလားချက်တွေ ပါရှိနေတာလည်း တွေ့ရပါတယ်။ ဒီလို လိုလားချက်တွေထဲမှာ ကုမ္ပဏီရဲ့နာမည်ပြောင်းချင်ရင် သမ္မတထံက အတည်ပြုချက်ရယူရတာ၊ ကုမ္ပဏီရဲ့ လုပ်ငန်းရည်ရွယ်ချက် ပြောင်းချင်ရင်တရားရုံးရဲ့ အတည်ပြုချက် ရယူဖို့ လိုအပ်တာ စတာတွေလည်း ပါဝင်နေပြန်ပါတယ်။

### ထိထိဝင်ဝင် ပြုပြင်ပြောင်းလဲ

မြန်မာနိုင်ငံရဲ့ ကုမ္ပဏီအက်ဥပဒေနဲ့ဆင်တူတဲ့ အခြားနိုင်ငံတွေကတော့ သူတို့ရဲ့ကုမ္ပဏီဥပဒေများကို ခေတ်မီစီးပွားရေးလုပ်ငန်းများရဲ့ ပကတိအခြေအနေနဲ့ ကိုက်ညီအောင် နိုးနိုးကြားကြား ပြုပြင်ပြောင်းလဲထားခဲ့ကြပြီးဖြစ်ပါတယ်။ ကုမ္ပဏီဥပဒေများကို ထိထိဝင်ဝင် ပြုပြင်ပြောင်းလဲမှုတွေဟာ ပြီးခဲ့တဲ့နှစ်အနည်းငယ်ကတည်းက အရှိန်ရထားပြီးဖြစ်ပါတယ်။ စင်ကာပူနိုင်ငံက ကုမ္ပဏီအက်ဥပဒေအသစ်ကို ၂၀၁၅ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပြီး ဟောင်ကောင်ကလည်း ကုမ္ပဏီဆိုင်ရာ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ကို ၂၀၁၄ ခုနှစ်မှာ ထုတ်ပြန်ခဲ့တဲ့အပြင် မလေးရှားနိုင်ငံကလည်း လွန်ခဲ့တဲ့ လအနည်းငယ်အတွင်းက ကုမ္ပဏီအက်ဥပဒေသစ်ကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဥပဒေသစ်တွေရဲ့ အဓိကပြောင်းလဲချက်တွေဟာ ယူနိုက်တက်ကင်းဒမ်း၊ ဩစတြေးလျနဲ့ နယူးဇီလန်နိုင်ငံ အစရှိတဲ့ ဥပဒေကျောရိုးတူညီတဲ့နိုင်ငံတွေမှာ ကျင့်သုံးခဲ့တဲ့ စမ်းသပ်ကျင့်သုံးဆောင်ရွက်မှု အယူအဆအရ ဖြစ်ပေါ်လာခဲ့တဲ့ အတွေ့အကြုံနဲ့ ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေရဲ့ ရလဒ်တွေကို အခြေခံဆောင်ရွက်ထားကြကြောင်းလည်း တွေ့ရပါတယ်။

### ကုမ္ပဏီများ ဥပဒေ(မူကြမ်း)

ထိုနည်းတူပါပဲ မြန်မာနိုင်ငံအနေနဲ့လည်း ကုမ္ပဏီတွေရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ နိုင်ငံစီးပွားရေးရဲ့ ကဏ္ဍစုံမှာ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်စေဖို့ အလားတူ သိသာထင်ရှားတဲ့ ပြုပြင်ပြောင်းလဲမှုကို စတင်တော့မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(မူကြမ်း)ကို နိုင်ငံတကာ အတွေ့အကြုံတွေအပြင် စင်ကာပူ၊ မလေးရှား၊ ဟောင်ကောင်စတဲ့နိုင်ငံတွေမှာ ဆောင်ရွက်ခဲ့တဲ့ ကုမ္ပဏီဥပဒေ ပြုပြင်ပြောင်းလဲမှုရလဒ်တွေကို သုံးသပ်ပြီး ပြင်ဆင်ရေးဆွဲခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(မူကြမ်း)မှာ အောက်ပါအတိုင်း အဓိကကပြောင်းလဲမှု ပါဝင်လာမှာဖြစ်ပါတယ်။

(၁) ပုဂ္ဂလိက ကုမ္ပဏီများကို ဒါရိုက်တာတစ်ဦး၊ ရှယ်ယာပိုင်ရှင်တစ်ဦးနဲ့ ဖွဲ့စည်းတည်ထောင်ခွင့်ပြုမှာဖြစ်တဲ့အတွက် များစွာလွယ်ကူရှင်းလင်းသွားမှာဖြစ်ပါတယ်။

(၂) ကုမ္ပဏီအငယ်စားတွေအပေါ် နှစ်စဉ် နှစ်ပတ်လည်အစည်းအဝေးကျင်းပရခြင်း၊ နှစ်စဉ်ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ ပေးပို့ရခြင်းစတဲ့ လိုအပ်ချက်တွေ ဖယ်ရှားပေးသွားမှာဖြစ်ပါတယ်။

(၃) အစည်းအဝေးကျင်းပခြင်းအစား ရှယ်ယာပိုင်ရှင်များနဲ့ ဒါရိုက်တာများ သဘောတူလက်မှတ်ရေးထိုးထားတဲ့ စာနှင့် ရေးသားထားသောဆုံးဖြတ်ချက်ကိုလည်း လက်ခံပေးသွားမှာဖြစ်ပါတယ်။

(၄) သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းတင်ပြရခြင်းလိုအပ်ချက်ကိုလည်း ပယ်ဖျက်ပေးပြီး ကုမ္ပဏီရဲ့ ဖွဲ့စည်းပုံစည်းမျဉ်းကိုသာ တင်ပြဖို့ လိုအပ်တော့မှာဖြစ်ပါတယ်။

(၅) ကုမ္ပဏီတွေအနေနဲ့ မိမိတို့ရဲ့ ရှယ်ယာတိုးခြင်း၊ လျှော့ခြင်းဆိုင်ရာ ကိစ္စရပ်တွေကို လွယ်ကူလွတ်လပ်စွာ ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။

(၆) ကုမ္ပဏီတွေရဲ့ စီမံခန့်ခွဲမှုတွေဟာ နိုင်ငံတကာ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု စံနှုန်းတွေနဲ့ ကိုက်ညီသွားအောင် ကုမ္ပဏီဒါရိုက်တာတွေရဲ့ ဥပဒေဆိုင်ရာ တာဝန်ဝတ္တရားတွေကိုလည်း ထည့်သွင်းပြဋ္ဌာန်းသွားမှာဖြစ်ပါတယ်။

### ဝန်ထုပ်ဝန်ပိုးဖြစ်နေတဲ့ စည်းမျဉ်းစည်းကမ်းတွေ

အဆိုပါပြုပြင်ပြောင်းလဲမှုတွေဟာ ကုမ္ပဏီတွေရဲ့စီမံဆောင်ရွက်မှုနဲ့ ကော်ပိုရိတ်ဆိုင်ရာကိစ္စရပ်တွေကို ခေတ်နဲ့အညီ ဖြစ်ပေါ်ပြောင်းလဲစေမှာဖြစ်ပါတယ်။ ကုမ္ပဏီတွေဟာ ဥပဒေဆိုင်ရာ လိုအပ်ချက်တွေကို ရှင်းလင်းစွာ သိမြင်စေမှာဖြစ်ပြီး မိမိရဲ့အခြေအနေပေါ် မူတည်ကာ ကုမ္ပဏီအတွင်း လွတ်လပ်စွာ ဆုံးဖြတ်ဆောင်ရွက်ခွင့်တွေရရှိသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ကုမ္ပဏီတွေရဲ့ ပွင့်လင်းမြင်သာရှိမှု၊ ဒါရိုက်တာတွေရဲ့ တာဝန်ခံမှုနဲ့ ကုမ္ပဏီရဲ့ ရင်းနှီးမြှုပ်နှံသူတွေကို ပိုမိုထိရောက်စွာ အကာအကွယ်ပေးနိုင်မှုတွေကိုလည်း တိုးတက်ဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ကုမ္ပဏီတွေအဖို့ ရှင်းလင်းပြတ်သားမှုမရှိဘဲ ဝန်ထုပ်ဝန်ပိုးဖြစ်နေခဲ့တဲ့ စည်းမျဉ်း စည်းကမ်းတွေကြောင့် ဥပဒေလိုက်နာကျင့်သုံးမှု အားနည်းခဲ့ရတဲ့အဖြစ်နဲ့ နှစ်ပေါင်းများစွာ ကြုံတွေ့နေရတာဖြစ်တဲ့အတွက် ဒီလိုပြုပြင်ပြောင်းလဲမှုတွေ လိုအပ်နေတာ ကြာခဲ့ပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ စီးပွားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေကို ခေတ်နဲ့အမီလိုက်နိုင်ဖို့ များစွာလုပ်ဆောင်ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာ့ဘဏ်ရဲ့ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းနဲ့ ပတ်သက်ပြီး စိစစ်ချက်တွေဖြစ်တဲ့ ဘယ်လောက်လွယ်လွယ်ကူကူ ကုမ္ပဏီထောင်နိုင်တယ်၊ အငယ်စားရှယ်ယာဝင်များကို ဘယ်လောက်အကာအကွယ်ပေးနိုင်တယ်၊ ပဋိညာဉ်စာချုပ်တွေကို ဘယ်လိုအသက်ဝင်အောင် လုပ်နိုင်တယ်စတဲ့ အဆင့်တိုင်းတာချက်မှာ အဆင့် ၁၆၇ မှာရှိနေပါတယ်။ ကုမ္ပဏီဥပဒေအခြေခံချင်း တူညီကြတဲ့ ဒေသတွင်းနိုင်ငံတွေကို ပြန်ကြည့်လိုက်ရင် မလေးရှားအဆင့် ၁၆၊ ဟောင်ကောင် အဆင့်၅၊ စင်ကာပူအဆင့် ၁ စသည့်ဖြင့် မိမိတို့ထက် အဆင့်မြင့်များစွာ ရှိနေတာကိုလည်း တွေ့ရပြန်ပါတယ်။ ဒီရလဒ်တွေဟာ မြန်မာနိုင်ငံအတွက် အရေးကြီးတဲ့ သင်ခန်းစာတွေပဲဖြစ်ပါတယ်။ သုတေသနပြုလေ့လာချက်တွေအရ စီးပွားရေးလုပ်ဆောင်မှု အဆင့်သတ်မှတ်ချက် ကောင်းကောင်းရရှိမှုဟာ ကုမ္ပဏီထူထောင်မှု တိုးတက်များပြားလာခြင်းနဲ့ စီးပွားရေးတိုးတက်မှု အင်အားကောင်းမွန်လာခြင်းအပေါ်မှာ မူတည်တယ်လို့လည်း တွေ့ရှိရပါတယ်။

### (၂၁)ရာစုရဲ့ ခေတ်မီစီးပွားရေးဝန်းကျင်တစ်ရပ်ဆီသို့

ယခုရေးဆွဲထားပြီးဖြစ်တဲ့ ကုမ္ပဏီဥပဒေသစ်ဟာ အဆိုပါအခြေအနေများကို ဖန်တီးနိုင်ဖို့ ကုမ္ပဏီမှတ်ပုံတင်ခြင်း၊ ကုမ္ပဏီအငယ်စားများအတွက် စည်းမျဉ်း စည်းကမ်းများ လျှော့ချပေးခြင်း၊ ကုမ္ပဏီရေးရာကိစ္စတွေမှာ လုပ်သာကိုင်သာရှိမှု ပိုကောင်းအောင် ဆောင်ရွက်ပေးထားခြင်းနဲ့ စည်းမျဉ်းစည်းကမ်းလိုက်နာမှု တိုးတက်စေခြင်းတို့နဲ့ အထောက်အကူပြုထားတာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေသစ်ဟာ မြန်မာနိုင်ငံကို ကုမ္ပဏီများ စီမံခန့်ခွဲမှုနဲ့ စည်းမျဉ်း စည်းကမ်းဆိုင်ရာ ကဏ္ဍသစ်နဲ့အတူ (၂၁)ရာစုရဲ့ ခေတ်မီစီးပွားရေးဝန်းကျင် တစ်ရပ်ဆီသို့ မကြာမီ စတင်ခေါ်ဆောင်သွားတော့မှာဖြစ်ပါတယ်။

## ဘုရားကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်



**ထားဝယ် စက်တင်ဘာ ၂၆**

အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် (၅၂) နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှဦးစီး၍ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကြီး စံရွှေမြင့်နှင့်တပ်ဖွဲ့ဝင်များ၊ တိုင်းအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးတင်ဦး၊ တိုင်း/ခရိုင်/မြို့နယ်တပ်ဖွဲ့ဝင်များ၊ ကမ္ဘာ့လှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့ ဒုတိယရဲအုပ်တင့်နိုင်ဝင်းဦးစီးသောတပ်ဖွဲ့ဝင်များ စုစုပေါင်း ၁၃၆ ဦးတို့က ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၄ ရက် နံနက် ၇ နာရီမှ ၉ နာရီထိ ထားဝယ်မြို့ လောကမာရဇိန်ဘုရားကြီးဝင်းအတွင်း၌ သစ်ပင်ခြုံနွယ်များ၊ မြက်ပင်များ၊ အမှိုက်သရိုက်များကို စုပေါင်းအင်းအားဖြင့် ခုတ်ထွင်းဖယ်ရှား ရှင်းလင်းပေးလျက်ရှိပြီး ရွှေတောင်စားစေတီတော်ရင်ပြင်တွင် သန့်ရှင်းရေးများပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူပင် ထားဝယ်ခရိုင် ရေဖြူမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသက်လွင်ဦးစီး၍ တပ်ဖွဲ့ဝင် ၂၁ ဦးက ရေဖြူမြို့ပြည်သူ့ဆေးရုံဝင်းအတွင်း၌လည်းကောင်း၊ လောင်းလုံးမြို့နယ် မောင်းမကန်နယ်မြေရဲစခန်းမှူး ရဲအုပ်သက်ဦး ဦးစီး၍ တပ်ဖွဲ့ဝင် ၃၇ ဦးက မောင်းမကန်ကျေးရွာ အမှတ်( ၁၂ )ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင်လည်းကောင်း သစ်ပင်ခြုံနွယ်များ၊ မြက်ပင်များ၊ အမှိုက်သရိုက်များကို စုပေါင်းအင်းအားဖြင့် သန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ထားဝယ်(ပြန်/ဆက်)**

# မတ္တရာမြို့နယ်၌ SME လုပ်ငန်း အကြောင်းသိကောင်းစရာများဆွေးနွေး

**မတ္တရာ စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် SME လုပ်ငန်းအကြောင်း သိကောင်းစရာများဆွေးနွေးပွဲကို စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက မတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးစိုးဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး စက်မှုကြီးကြပ်ရေးနှင့် စက်ပစ္စည်းစစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ဌာနခွဲမှူး ဒေါ်သူဇာမောင်က SME ဌာနအကြောင်းနှင့် SME လုပ်ငန်းများအား ပံ့ပိုးကူညီပေးမှုများအကြောင်းကို အကျယ်တဝင့် ဆွေးနွေးတင်ပြခဲ့သည်။

ယင်းနောက် တက်ရောက်လာသောဌာနဆိုင်ရာများနှင့် SME လုပ်ငန်းရှင်များမှ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆန်စက်၊ သစ်စက်၊ အုတ်စက်၊ ငါးမွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ရပ်ကွက်ကျေးရွာများရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ မှ အထူးကုဆရာဝန်ကြီးများအဖွဲ့ ပုဗ္ဗသီရိမြို့နယ်အတွင်းသို့ ကွင်းဆင်းဆေးကုသခြင်းများ ဆောင်ရွက်


**နေပြည်တော် စက်တင်ဘာ ၂၆**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ပြည်သူများအား အခမဲ့ကွင်းဆင်းဆေးကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းကို နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ မှ အထူးကုဆရာဝန်ကြီးများအဖွဲ့က စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီမှစတင်၍ ပုဗ္ဗသီရိမြို့နယ် ခုတင် ၅၀ ဆံ့ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းဆေးကုသရာတွင် နေပြည်တော် ခုတင် ၁၀၀၀ မှ ဆေးရုံအုပ်ကြီး ဒေါက်တာသီတာလှဦးဆောင်၍ နေပြည်တော်ကလေးအထူးကုဆေးရုံနှင့် နေပြည်တော် မျက်စိ၊ နား၊ နှာခေါင်း၊ အထူးကုဆေးရုံကြီးတို့မှ အထူးကုဆရာဝန်ကြီးများက ဆေးပညာ၊ ခွဲစိတ်၊ သားဖွားနှင့်မီးယပ်၊ ကလေး၊ ဦးနှောက်နှင့်အာရုံကြော၊ သွားနှင့်ခံတွင်း၊ အစာအိမ်နှင့်အူလမ်းကြောင်း၊ အသည်း၊ မျက်စိနှင့်ခါတ်မှန် စသည့်ဘာသာရပ်ဆိုင်ရာအလိုက် မြို့နယ်အတွင်းရှိ စုစုပေါင်းလူနာ ၂၁၈ ဦးအား ဆေးကုသပေးခဲ့ပြီး လိုအပ်သည့်ဆေးဝါးများအား အခမဲ့ပေးခြင်းနှင့် လူနာ ၃၁ ဦးအား နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံသို့ ပို့သရန်ညွှန်ကြားခဲ့ခြင်းများပြုလုပ်ပေးခဲ့သည်။

ယင်းအပြင် အသည်းအထူးကုဆရာဝန်ကြီး ဒေါက်တာတင့်လွင်ကလည်း အသည်းရောင်အသားဝါအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး သိရှိလိုသည်များမေးမြန်းမှုအပေါ် တက်ရောက်လာကြသူများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရွှေရဲရင့်**



# စစ်တောင်းမြစ်အရှေ့ဘက်ကမ်းဒေသများမိုးရာသီခရီးသွားရာတွင် အခက်အခဲများစွာကြုံတွေ့နေ

**ရေတာရှည် စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် စစ်တောင်းမြစ်သည် မြောက်မှတောင်သို့စီးဆင်းကာ မိုးရာသီကာလရောက်တိုင်း မြစ်အရှေ့ဘက်ကမ်းဒေသမှ ကျေးရွာပေါင်းများစွာသည် ခက်ခဲစွာသွားလာကြရကြောင်း ဒေသခံများနှင့်တွေ့ဆုံစဉ် ပြောကြား၍ သိရသည်။

ဇေယျသိမ်၊ ရဲကုန်း၊ ဘုရားကုန်း၊ ကြာအင်းကုန်း၊ ဒေါင်းအင်းကုန်း၊ ပိတောက်ကုန်း၊ ကဲလင်းဆိပ် အစရှိသည့် ကျေးရွာအုပ်စုများစွာရှိပြီး မြစ်ကူးကူတို့များမှတစ်ဆင့်သာ ခရီးသွားလာကြရပြီး အထက်တန်းကျောင်းတွင် ပညာသင်ကြားသူများ အနေဖြင့် မြို့ပေါ်၌ အိမ်ငှားများထားကာ နေကြရသည်ဟု ဘုရားကုန်းကျေးရွာအုပ်စု ရသေ့ဆိပ်ကျေးရွာဒေသခံတစ်ဦးက ပြောကြားသည်။

"လမ်းတွေကအလွန်ဆိုးတယ်၊ မြစ်နဖူးလမ်းအတိုင်း မဖြစ်မနေသွားကြရတာ။ ကျန်းမာရေးမကောင်းတဲ့သူတွေဆို စက်လှေငှား မြစ်အနောက်ဘက်ကမ်းရောက်မှ ပုခက်နဲ့ထမ်းပြီး မြို့ပေါ်ဆေးရုံတွေကိုသွားကြရတယ်"ဟု ယင်းဒေသခံကပင် ဆက်၍ပြောသည်။ ပွင့်လင်းရာသီ ရေနည်းပါးချိန်၌ ယာယီမြစ်ကူးတံတားများကတစ်ဆင့်သွားလာကြရ၍ အချိန်တိုအတွင်းသွားလာနိုင်ကြသော်လည်း ယခုလို မိုးတွင်းကာလ ခရီးသွားလာကြရတွင် မြစ်ကူးကူတို့များမှတစ်ဆင့် အချိန်ကြာမြင့်စွာစောင့်ဆိုင်းပြီး သွားလာကြရကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# (၂၂)ကြိမ်မြောက်မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**ထားဝယ် စက်တင်ဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ ရက် နံနက် ၈ နာရီခွဲတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ သဘင်ဂီတပညာရှင်များ၊ အကဲဖြတ်ဒိုင်များ၊ (ထားဝယ်/မြိတ်/ကော့သောင်း) ခရိုင်များမှ ပြိုင်ပွဲဝင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးသည် နိုင်ငံတစ်ဝန်းလုံးရှိ အနုပညာရှင်များအား ဖော်ထုတ်သည့်ပွဲဖြစ်ကြောင်း၊ ရိုးရာယဉ်ကျေးမှုအနုပညာများကို ထိန်းသိမ်းခြင်းဆိုသည့်ဦးတည်ချက် သိရှိထားသော အနုပညာစွမ်းရည်ကိုအခြေပြုပြီး တိုင်းဒေသကြီးဂုဏ်ဆောင်အနုပညာရှင်များ တက်လှမ်းနိုင်သူများဖြစ်အောင် ကြိုးစားရန်မှာကြားပြီး အကဲဖြတ်ဒိုင်လူကြီးများ၊ ကြီးကြပ်ဆောင်ရွက်ပေးသည့် အနုပညာရှင်များအားလုံးကို ကျေးဇူးတင်ကြောင်းပြောကြားကာ တိုင်းဒေသကြီး (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးက ပြိုင်ပွဲကြီးအတွက် စီစဉ်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ပြိုင်ပွဲအခမ်းအနားကို ထားဝယ်ရိုးရာအဖွဲ့က သမီးပျိုများ၏ ကျေးလက်ရိုးရာ ရေအိုးရွက်အက၊ ထားဝယ်ရိုးရာယဉ်ကျေးမှုအကအဖွဲ့မှ ရခိုင်တိုင်းရင်းသားအက၊ ဝင်းကဖော်ကျေးရွာမှ ကရင်တိုင်းရင်းသားရိုးရာအကဖြင့် ဖျော်ဖြေပြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို စက်တင်ဘာ ၂၅ ရက်မှ စက်တင်ဘာ ၂၆ ရက်ထိ ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)လူငယ်တွေ့ဆုံဆွေးနွေးပွဲ တာချီလိတ်၌ ကျင်းပ

**တာချီလိတ် စက်တင်ဘာ ၂၆**

မြန်မာနိုင်ငံလူငယ်မူဝါဒတွင် လူငယ်များကိုယ်တိုင်ပါဝင်နိုင်ရေးအတွက် လူငယ်ကိုယ်စားလှယ်များရွေးချယ်နိုင်ရန်နှင့် လူငယ်များ၏အသံများ ပါဝင်စေရန်အတွက် လူငယ်မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများ၊ စစ်တမ်းကောက်ယူမှုများ၊ လူငယ်ဖိုရမ်များကို လူငယ်များက တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)လူငယ်တွေ့ဆုံဆွေးနွေးပွဲ (Youth Forum) ကို စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီက တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အဖွင့်အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူနိုင်က အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးသူများအား ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ယင်းနောက် တာချီလိတ်လူငယ်ကွန်ရက်အဖွဲ့မှ တာဝန်ခံ ဒေါ်မေဇာခြည်လင်းက လူငယ်တွေ့ဆုံပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားဖြစ်မြောက်ရေး ကဏ္ဍအလိုက်အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးသူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့သည်။

အဆိုပါလူငယ်တွေ့ဆုံဆွေးနွေးပွဲအား ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ တာချီလိတ်ခရိုင်မှ လူငယ် ၁၂၀၊ ကျိုင်းတုံခရိုင်မှ လူငယ် ၄၀ နှင့် မိုင်းဆတ်ခရိုင်မှ လူငယ် ၄၀ စုစုပေါင်းလူငယ် ၂၀၀ တို့က လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်ငြိမ်းချမ်းရေး၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်ပညာရေး၊ လူငယ်လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ၊ လူငယ်နှင့်သဘာဝပတ်ဝန်းကျင် စသည့်အကြောင်းအရာများကို စက်တင်ဘာ ၂၄ ရက်မှ ၂၅ ရက်ထိ ကောင်းမွန်သော အကြံပြုချက်များရရှိရေးအတွက် ဆွေးနွေးသွားခဲ့ကြကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# မိုးစပါးများပိုးမွှားရောဂါကင်းရှင်းပြီး အောင်မြင်ဖြစ်ထွန်းနေ

**ကျောက်ကြီး စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်သည် မိုးစပါးနှင့် ဆောင်းရာသီသီးထပ်ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်သော မြို့နယ်တစ်ခုဖြစ်သည်နှင့်အညီ ယခုနှစ်မိုးစပါးစိုက်ဧကကိုလည်း သတ်မှတ်လျာထားချက်အတိုင်း ၇၂၄၇၈ ဧကကို စိုက်ခင်း၊ ကြဲခင်း၊ အစေ့ချကိရိယာများဖြင့် စိုက်ပျိုးထားခဲ့ရာ ရာနှုန်းပြည့်စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် မိုးစပါးများမှာ တစ်မြို့နယ်လုံး အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး အချို့စပါးခင်းများ စပါးနှံများထွက်ရှိနေသည်ကိုတွေ့ရှိရပြီး ပိုးမွှားရောဂါကျရောက်မှုကင်းရှင်းပြီး စိုက်ပျိုးထားသည့်စပါးခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ

စက်တင်ဘာ ၂၇၊ ၂၀၁၆



ရေဝတီတိုင်းဒေသကြီး မအူပင်ခရိုင်ရဲတပ်ဖွဲ့သည် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မအူပင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်လွင်၊ မြို့မစခန်းမှူး ဒုရဲမှူး သိန်းနိုင်အေး အမှတ် (၈၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (မအူပင်) ဒုရဲမှူးကျော်စိုးမိုးတို့ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်မိသားစုများ စုပေါင်း၍ မအူပင်ခရိုင်အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြပြီး ဆေးရုံကြီးပတ်ဝန်းကျင်တွင် စက်တင်ဘာ ၂၁ ရက်က ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- (မအူပင်ခရိုင် ပြန်/ဆက်)

# ဒေသတွင်းရှိစာကြည့်တိုက်များစုပေါင်းပြီး သထုံတွင် စာကြည့်တိုက်များကွန်ရက် စတင်ဖွဲ့စည်း

**သထုံ စက်တင်ဘာ ၂၆**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စာကြည့်တိုက်များစုပေါင်းဖွဲ့စည်းထားသည့် မြို့နယ်စာကြည့်တိုက်များကွန်ရက်ကို စက်တင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းက သထုံမြို့နယ် နောင်ကုလားကျေးရွာ ဘုရားလေးကျောင်းတိုက်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

"ကွန်ရက်ဆိုတော့ ချိတ်ဆက်နေတာဖြစ်လို့ တစ်ဦးအခက်အခဲကို တစ်ဦးက ဝိုင်းဝန်းဖြေရှင်းရလွယ်ကူတယ်။ သထုံမှာ စာကြည့်တိုက်တည်ထောင်ထားတဲ့သူတွေက စနစ်တကျ တည်ထောင်ထားတာတွေရှိသလို ဝါသနာအရတည်ထောင်ထားသူတွေလည်းရှိတယ်။

'တည်ထောင်ထားပြီး မလည်ပတ်နိုင်တာတွေလည်းရှိတယ်။ စာကြည့်တိုက်တွေကို စနစ်တကျ ထူထောင်နိုင်မယ် တိုးတက်လာမယ်ဆိုရင် ဒေသတွင်းမှာရှိတဲ့ လူငယ်၊ လူကြီးအားလုံး စာပေကို စိတ်ဝင်စားလာမယ်။ ဒါဆို သူတို့တွေမှာ စာပေကရတဲ့ အသိပညာတွေတိုးလာရင် နိုင်ငံတိုးတက်လာမှာပဲ"ဟု မြို့နယ်စာကြည့်တိုက်ကွန်ရက်၏ဒုဥက္ကဋ္ဌ နောင်ကုလားဘုရားလေးကျောင်းတိုက်မှ ဦးက္ကန္ဒဝံသက မိန့်ကြားသည်။

သထုံမြို့နယ်အတွင်း ရှင်သန်နေသည့် ကျေးလက်စာကြည့်တိုက်ပေါင်း ၆၀ ခန့်ရှိသည့်အနက် မြို့နယ်စာကြည့်တိုက်ကွန်ရက်ကို စာကြည့်တိုက် ၂၀ ဖြင့် စတင်ဖွဲ့စည်းထားကာ အားလုံးပါဝင်နိုင်ရေး ဆက်လက် စည်းရုံးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကွန်ရက်မှ ဒေသတွင်း၌ ရပ်ရွာစာကြည့်တိုက်များ ဖြစ်ထွန်းပေါ်ပေါက်လာရေး ရှိပြီးသည့်စာကြည့်တိုက်များအား စနစ်တကျ ရေရှည်တည်တံ့စေရေး၊ စာဖတ်သူများ တိုးပွားပြီး အရည်အချင်း ပြည့်ဝသည့် လူချွန်လူကောင်းများ ထွက်ပေါ်လာစေရေးနှင့် ကွန်ရက်၏ အစီအစဉ်ဖြင့် စာပေဟောပြောပွဲများကိုလည်း အခွင့်အခါအားလျော်စွာ ပြုလုပ်နိုင်ရေးစသည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## စားသုံးသူအကာအကွယ်ပေးရေးနှင့် သိသင့်သိထိုက်သည်များ အသိပညာပေး ဟောပြော

**ဆိပ်ဖြူ စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မကျီးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)၌ စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၁၂ နာရီခွဲက မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပညာရေးဌာနနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းပြီး နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်၊ ဓာတ်ပုံပြပွဲနှင့် အသိပညာပေး ဟောပြောပွဲပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် မကျီးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်က စာဖတ်ခြင်းအကျိုးကျေးဇူးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများ ဟောပြောခြင်း၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးသန်းမြင့်ထွန်းက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာဥပဒေနှင့် ဖြစ်ပေါ်လာပုံအကြောင်းနှင့် ဒုတိယဦးစီးမှူး ဦးဇော်နေလင်းက စားသုံးရန်မသင့်သည့် အစားအစာများအကြောင်း အသိပညာပေးခြင်းများ ဟောပြောခဲ့ကြသည်။

အခမ်းအနာတွင် မြို့နယ်ပြန်/ဆက် ဦးစီးဌာနမှ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအကြောင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ စားသုံးရန်မသင့်သည့်အစားအစာများနှင့်သုံးစွဲရန်မသင့်သည့် အလှကုန်ပစ္စည်းများအကြောင်း အသိပညာပေးနံရံကပ်၊ ဓာတ်ပုံများပြသပေးခြင်း၊ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးခြင်းနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်ကျေးရွာပြည်သူများအားအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **ကိုမျိုး(ယောရော)**

## လဲချားမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာများအား ရန်ပုံငွေပေးအပ်

**လဲချား စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မြစိမ်းရောင် ကျေးရွာစီမံကိန်းရံပုံငွေ ပေးအပ်ပွဲကို စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အစီအစဉ်အရ လဲချားမြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ဆူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး နောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ(၆)ယူနစ် ကျေးရွာ ၁၀ ရွာအတွက် ကျပ်သိန်း ၁၈၀၀ ရန်ပုံငွေများကိုပေးအပ်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလုံကလက်ခံရယူခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေရရှိသည့် ကျေးရွာ ၁၀ ရွာမှ ပြည်သူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

## ကွမ်းလုံ၌ မော်တော်ယာဉ်နှင့် ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်များ ဆောင်ရွက်ပေး

**ကွမ်းလုံ စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးတွဲဖက်ပြည်နယ်ရုံး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာနနှင့် မြန်မာ့အာမခံလုပ်ငန်းတို့ ပါဝင်သောပူးပေါင်းအဖွဲ့ဖြင့် ကွမ်းလုံမြို့နယ်အတွင်းရှိ မော်တော်ယာဉ်နှင့် ယာဉ်မောင်းလိုင်စင် မှတ်ပုံတင်ခြင်းကို စက်တင်ဘာ ၂၃ ရက်မှ ၂၄ ရက်အထိ မြို့မစုဝေးကွင်း၌ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မော်တော်ယာဉ်၊ ထော်လာဂျီနှင့် သုံးဘီးဆိုင်ကယ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးခြင်း၊မော်တော်ဆိုင်ကယ်လိုင်စင်သက်တမ်းတိုးခြင်း၊ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းနှင့် (က)ယာဉ်မောင်းလိုင်စင်အသစ်အား စစ်ဆေးထုတ်ပေးခြင်းကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မိုင်းနိုင်ဇော်(စေမိ)**



# မြဝတီမြို့၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးရေးတို့အတွက် မှုခင်းပညာပေးပြခန်းယာဉ်ဖြင့်လှည့်လည်ဆောင်ရွက်



**မြဝတီ၊ စက်တင်ဘာ ၂၆**

ကရင်ပြည်နယ် မြဝတီမြို့တွင် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးရေးတို့အတွက် မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး တင်မျိုးထူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် ခရိုင်ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၃၂)မူးယစ် တပ်ဖွဲ့စုမှူးနှင့်တပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေးတပ်ဖွဲ့ဝင်များ၊ အမှတ် (၇၃) ယာဉ်ထိန်းတပ်စုမှူးတို့သည် မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် စက်တင်ဘာ ၁၉ ရက်မှစတင်ကာ စက်တင်ဘာ ၂၄ ရက်အထိ မြဝတီမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြဝတီမြို့ ဘုရင့်နောင်ဈေးကြီးတွင်လည်းကောင်း၊ စက်တင်ဘာ ၂၀ ရက်တွင် မြဝတီမြို့ မြစနိဒ္ဓိပန်းခြံဝင်းအတွင်လည်းကောင်း၊ မြဝတီမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း၊ စက်တင်ဘာ ၂၁ ရက်တွင် မဲ့ထော်သလေးကျေးရွာရှိ ဈေးတွင်လည်းကောင်း၊ ဖလူးကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းတွင်လည်းကောင်း၊ စက်တင်ဘာ ၂၂ ရက်တွင် အမှတ်(၃၅၇)ခြေမြန်တပ်ရင်းတွင်လည်းကောင်း၊ မြဝတီမြို့နယ်ဌေးရှမ်းကျေးရွာ အ-ထ-က ခွဲကျောင်းရှေ့တွင်လည်းကောင်း၊ မြဝတီမြို့နယ် ရွှေကုက္ကိုအထကခွဲကျောင်းရှေ့တွင်လည်းကောင်း၊ စက်တင်ဘာ ၂၃ ရက်တွင် သယ်န်းညီနောင်ကျေးရွာတွင်လည်းကောင်း၊ မြဝတီမြို့ ချစ်ကြည်ရေးတံတားအမှတ်(၁)ထိပ်၊ ကမ္ဘောဇဘဏ်အရှေ့တွင်လည်းကောင်း၊ မိဌာန်အောင်ဘုရားဝင်း ဈေးပွဲတော်တို့တွင်လည်းကောင်း ပညာပေးပြသခဲ့ပြီး စက်တင်ဘာ ၂၄ ရက်တွင် မြို့နယ်အဆင့် ဗိုလ်လုပွဲကျင်းပရာ ဘောလုံးကွင်း၌ နောက်ဆုံးနေ့အဖြစ် မှုခင်းပညာပေးပြခန်းယာဉ်အား အသိပညာပေးပြသခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ဆောင်ရွက်ခဲ့ရာ ပညာပေးပြသရာနေရာများ၌ လူဦးရေ ၂၀၀၀ နီးပါးခန့်လာရောက်လေ့လာကြည့်ရှုကြကြောင်း မြဝတီခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှသိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# ဓမ္မလွှမ်းသောနိုင်ငံတော်

မောင်သန္တာ(ရှေ့နေ)

ဓမ္မနှင့်အဓမ္မအဓိပ္ပာယ်ဖွင့်ရာတွင် ဓမ္မနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ထုတ် မြန်မာ့အဘိဓာန်စာအုပ်တွင် တရား၊ ဟုတ်မှန်သောဘာဝ၊ အကျိုးသင့်အကြောင်းသင့် ကောင်းစွာပြောတတ်သော စကားအစဉ်ဖြစ်သည့် ကျင့်ဝတ်၊ ဝိနည်းမှ ကြွင်းသော ဗုဒ္ဓ၏စကားတော်၊ အတတ်ပညာ၊ အကျင့်သီလသည် ဓမ္မ၊ သုဇာဟူ၍အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။ အဓမ္မမှာ ဓမ္မ၏ဆန့်ကျင်ဘက်ဖြစ်ပါသည်။

## မှတ်သားဖွယ်ရာအဆိုအမိန့်

စာရေးဆရာကြီး ပါရဂူက သိင်္ဂါလောဝါဒသုတ်၌ ညွှန်ကြားထားသည့်အတိုင်း မိဘ၊ သားသမီး၊ လင်ယောကျ်ား၊ ဇနီးမယား၊ မိတ်ဆွေသင်္ဂဟများ၊ လူသားအချင်းချင်း လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ဆောင်ရွက်ခြင်းများသည် ဓမ္မနှင့်ညီညွတ်သော လုပ်ငန်းများဖြစ်ကြောင်း၊ ထိုမှတစ်ပါး လူသားအချင်းချင်း စာနာထောက်ထားခြင်း၊ ချို့တဲ့မှုများကို အကူအညီပေးခြင်း၊ လောကီအကျိုး၊ လောကုတ္တရာအကျိုးများကို ဆောင်ရွက်ခြင်း၊ ကိုယ်ကျိုးမဖက်ဘဲ သူတစ်ပါးအကျိုးဆောင်ရွက်ခြင်း၊ တစ်ဖက်သားများအပေါ် နိုင်ထက်စီးနင်းမလုပ်ခြင်း စသည်များသည် ဓမ္မအလုပ်များဖြစ်ပြီး သူတစ်ပါးအပေါ် နိုင်ထက်စီးနင်းလုပ်ခြင်း၊ ကြီးနိုင်ငယ်ညှဉ်းသဘောဆောင်ခြင်း၊ ခေါင်းပုံဖြတ်အမြတ်ကြီး စားလုပ်ခြင်း၊ သူတစ်ပါး၏လုပ်အားဖြင့် မတရားအမြတ်ထုတ်ခြင်း၊ လိမ်ညာကောက်ကျစ်ခြင်း၊ ကိုယ့်ဖို့ကိုသာကြည့်ခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်း စသည်များကမူ ဓမ္မနှင့်ဆန့်ကျင်ဘက် အဓမ္မများဖြစ်ကြသည်ဟု ဆိုပါသည်။

တရုတ်ဒဿနပညာရှင်ကြီး တာအိုဗုက မိမိအတွက် လုပ်သင့်လုပ်ထိုက်သည့် တာဝန်ဝတ္တရားများကို စေတနာဖြူစင်စွာ တရားနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်းသည် ဓမ္မဖြစ်ကြောင်း၊ ယင်းအားဆန့်ကျင်လုပ်ကိုင်ဆောင်ရွက်ခြင်းသည် အဓမ္မဖြစ်ကြောင်း လူများနေ့စဉ် လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းဆောင်တာများတွင် ဓမ္မနှင့်အဓမ္မ ကိန်းအောင်းနေကြသည်ဟု ဆိုပါသည်။

## ခါးဝတ်ပုဆိုး

အကြင်သူသည် မိမိလုပ်ဆောင်သော အလုပ်များကို ဓမ္မနှင့်ညီညွတ်စွာ လုပ်ကိုင်လျှင် မိမိအနေဖြင့် စိတ်ချမ်းသာမှုကို လေလောဆယ်ရရှိပြီး အများ၏ ချစ်ခင်ကြည်ညိုလေးစားခြင်းကိုခံရသူ၊ ကူညီမည့်သူ ပေါများသူဖြစ်ပါသည်။ လောကီရော၊ လောကုတ္တရာအတွက်ပါ ကောင်းမွန်ပါသည်။ သို့ဖြစ်ပါ၍ လူအများ အနေဖြင့် ဓမ္မအလုပ်များဖြစ်သော တရားမှု၊ တရားသဖြင့် ဆောင်ရွက်မှု၊ ကောင်းမှုကို မြတ်နိုးမှု၊ တရားသောနည်းလမ်းတို့ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ ထိန်းသိမ်းစောင့်ရှောက်သွားသင့်ပါသည်။

## ဗုဒ္ဓ၏ဓမ္မတော်

ဓမ္မနှင့်ပတ်သက်၍ ဗုဒ္ဓတရားတော်တွင် "ဓမ္မော ဟဝေရိက္ခတိ ဓမ္မစရိ တရားစောင့်သူ၊ တရားကျင့်သူကို တရားက ပြန်စောင့်၏"ဟုလည်းကောင်း၊ "သဗ္ဗရသံ ဓမ္မရသော ဇိနာတိ တရားအရသာသည် အရသာအားလုံးကို အောင်နိုင်၏၊ သာလွန်၏"ဟုလည်းကောင်း၊ "နဣစ္ဆေယျ အဓမ္မေန သမိဒ္ဓိမတ္တနော မတရားသောနည်းဖြင့် မိမိ၏ပြည့်စုံကြွယ်ဝမှုကို အလိုမရှိသူ"ဟုလည်းကောင်း ညွှန်းဆိုထားပါသည်။

## ဓမ္မကျင့်ဝတ်စည်းမျဉ်း

ဓမ္မနှင့်အညီ(တရားတော်နှင့်အညီ)နေကြရန် အခြေခံစည်းမျဉ်းမှာ ငါးပါးသီလဖြစ်သည်။ သူတစ်ပါးအသက်ကို သတ်ခြင်းမှရှောင်ကြဉ်ရန်၊ သူတစ်ပါးပစ္စည်းကို ခိုးယူခြင်းမှရှောင်ကြဉ်ရန်၊ သူတစ်ပါးအားလိမ်လည်ခြင်းမှ ရှောင်ကြဉ်ရန်၊ သူတစ်ပါး သားမယားအား ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ရန်၊ အရက်သေစာသောက်စားခြင်းမှ ရှောင်ကြဉ်ရန် တို့ဖြစ်သည်။



ငါးပါးသီလလုံပါက ကိုယ်ကျင့်တရားများ အလိုလိုကောင်းမွန်ပြီး အဓမ္မမှုကို ရွံမုန်းနေမည်သာဖြစ်သည်။ အဓမ္မကို မည်သည့်အခါမျှ မပြုလုပ်တော့ချေ။

## နိုင်ငံနှင့်လူမျိုးပုံရိပ်

မြန်မာ့လူ့အဖွဲ့အစည်း၏ သဘောသဘာဝမှာ ယဉ်ကျေးသိမ်မွေ့ပြီး တရားဓမ္မ၏အဆုံးအမနှင့်အညီ နေထိုင်ကြသူများဖြစ်သည်။ သို့သော် မကြာသေးမီကာလများက ပယောဂအမျိုးမျိုးတို့ကြောင့် ဓမ္မမရှိတော့ဘဲ အဓမ္မစိတ်များလွှမ်းမိုးလာသည်ကို တွေ့ရသည်။ လူအချို့၏အဓမ္မစိတ်များ လွှမ်းမိုးမှုကြောင့် နိုင်ငံအတွင်း မဖြစ်သင့်မဖြစ်ထိုက်သော လူမဆန်သည့် လုပ်ရပ်များဖြစ်ပေါ်ခဲ့ကာ နိုင်ငံနှင့်လူမျိုး၏ပုံရိပ်ကို ကျဆင်းစေခဲ့ပါသည်။ ယခုအခါ အုပ်စုဖွဲ့အကြမ်းဖက်မှုများ၊ အနိုင့်အထက်စီးနင်းပြုလုပ်မှုများ၊ ရန်ပြုရန်ရှာပြုလုပ်ကာ သတ်ဖြတ်မှုကြီးများအထိ ကျူးလွန်လာကြသည်ကို သတင်းစာမျက်နှာများတွင် မြင်တွေ့ခဲ့ရပါသည်။ ယင်းသို့ဖြစ်ပေါ်လာခြင်းသည် အဓမ္မဝါဒထွန်းလာသည့် သဘောဖြစ်လာပါသည်။

စာရေးသူအနေဖြင့်မကြာသေးမီက နိုင်ငံရပ်ခြားတိုင်းပြည်တစ်ပြည်သို့ရောက်ရှိခဲ့ရာ ထိုနိုင်ငံတွင် ဆံပင်ညှပ်ခဲ့ပါသည်။ ဆံပင်ညှပ်ဆရာက မိမိအားမည်သည့် နိုင်ငံမှဖြစ်သည်ကို မေးမြန်းခဲ့ရာ မြန်မာနိုင်ငံမှဟု ဖြေကြားခဲ့ပါသည်။ ၎င်းမှာ အိန္ဒိယနိုင်ငံသား ဟိန္ဒူလူမျိုးဖြစ်သည်။ ၎င်းက "ခင်ဗျားတို့နိုင်ငံက ပြဿနာပေါင်းသောင်းခြောက်ထောင်ရှိတဲ့နိုင်ငံပဲ၊ ရဟန်းကတစ်မျိုး၊ လူကတစ်မျိုးနဲ့ အကြမ်းဖက်မှုတွေ အများကြီးရှိတယ်"ဟုပြောသောအခါ မိမိက "လူအားလုံးလုပ်နေတာမဟုတ်ဘူး။ ဒီလိုဖြစ်တာ မြန်မာနိုင်ငံလူဦးရေရဲ့ သုည ဒသမ ၁ ရာခိုင်နှုန်းတောင်မရှိဘူး"ပြန်ပြောကာ စကားဖြတ်လိုက်ပါသည်။

## တရားဥပဒေကပိတ်ပင်

ပြစ်မှုဆိုင်ရာဥပဒေ(ရာဇသတ်ကြီး)တွင် အဓမ္မမှုများကို ဆောင်ရွက်ကျူးလွန်လျှင် အရေးယူခံရမည်ဖြစ်ပြီး ပြစ်ဒဏ်ချမှတ်ခံရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ ယင်းသို့ပြဋ္ဌာန်းရာတွင် အစိုးရကို ဆန့်ကျင်ကျူးလွန်သောပြစ်မှုများ၊ အများပြည်သူကို ထိခိုက်စေသော ပြစ်မှုများ၊ လူကိုယ်ကိုထိခိုက်စေသော ပြစ်မှုများ၊ ပစ္စည်းကိုထိခိုက်စေသောပြစ်မှုများ၊ စာတန်းနှင့် ကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်းသောပြစ်မှုများ၊ အသရေဖျက်မှု၊ ရာဇဝတ်မှုမကင်းသော ခြောက်လှန့်မှု၊ စော်ကားမှုနှင့်စိတ်ငြိုငြင်စေမှု၊ ဘာသာသာသနာဆိုင်ရာ ပြစ်မှုများဟူ၍ ကဏ္ဍအလိုက်ပြစ်မှုများရှိသည်။

## ရဲတပ်ဖွဲ့မှကာကွယ်ပေးနိုင်

အဓမ္မမှုများ မဖြစ်ပွားစေရေး ရဲတပ်ဖွဲ့မှ အကာအကွယ်ပေးနိုင်ပါသည်။ မိမိအနေဖြင့် ၁၉၇၈ ခုနှစ် ရဲအရာရှိလောင်းသင်တန်း အမှတ်စဉ်(၁၂) ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)တွင် သင်တန်းတက်ရောက်အောင်မြင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အလုပ်သင်ဒုရဲအုပ်အဖြစ် တစ်နှစ်တိတိတာဝန်ထမ်းဆောင်ပြီးမှ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းဆောင်တာများ၊ ကျင့်ဝတ်များ၊ ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို အတော်အသင့်သိရှိခဲ့ရပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် မိမိရှေ့တွင် တစ်စုံတစ်ဦးကသော်လည်းကောင်း၊ အများကသော်လည်းကောင်း ဥပဒေနှင့်ဆန့်ကျင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ပြုလုပ်နေကြောင်း တွေ့ရှိရလျှင် ဖမ်းဆီးစစ်ဆေးပိုင်ခွင့်၊ ယုတ်စွအဆုံး ယင်းသို့ဆောင်ရွက်နိုင်ရန် သက်ာမကင်းဖြစ်လျှင်ပင် ဖမ်းဆီးစစ်ဆေးနိုင်ကြောင်း ဥပဒေအရ လုပ်ပိုင်ခွင့်များပေးထား၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ပိုင်ခွင့်မှာ မသေးလှကြောင်း တွေ့ရှိရပါသည်။ ယင်းသို့ လုပ်ပိုင်ခွင့်ပေးထားပြီး တစ်ဖက်တွင်လည်း ဖော်ပြပါအတိုင်း မဆောင်ရွက်လျှင် ပြစ်မှုဆိုင်ရာဥပဒေအရလည်းကောင်း၊ ရဲစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာဥပဒေအရလည်းကောင်း အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။

## ပြည်သူလူထုအကျိုး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သူ၊ နိုင်ငံသားများအနေဖြင့် နိုင်ငံ၏ တည်ဆဲဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားသည့် အချက်ကို မလိုက်နာ၊ မဆောင်ရွက်ဘဲ ပျက်ကွက်လျှင်သော်လည်းကောင်း၊ မပြုလုပ်ရဟု ပြဋ္ဌာန်းထားသည်များကို ပြုလုပ်လျှင်သော်လည်းကောင်း ပြုလုပ်မှု၊ ပျက်ကွက်မှုတို့အတွက် တရားဥပဒေနှင့်အညီ အရေးယူခြင်းခံကြရမည်ဖြစ်ပါသည်။ ယင်းသို့အရေးယူမှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဆောင်ရွက်ကြရပါသည်။ ရဲအရာရှိများအနေဖြင့် ပြစ်မှုနှင့်ပြစ်ဒဏ်များကို ကောင်းစွာသိရှိနားလည်မှသာလျှင် ရဲအရာရှိတစ်ယောက်အနေဖြင့် မိမိ၏အလုပ်ဝတ္တရားများကို ဆောင်ရွက်ရာ၌ ပြည်သူလူထု၏အကျိုးကို ကောင်းမွန်ကျေပွန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ရဲအရာရှိကောင်းတစ်ယောက်ဟု ခေါ်ဆိုနိုင်မည်ဖြစ်သည်။

ရဲအရာရှိတို့၏အရေးအကြီးဆုံးတာဝန်မှာ ပြစ်မှု(ရာဇဝတ်မှု)များ မဖြစ်ပွားအောင် တားမြစ်ခြင်း၊ ဖြစ်ပွားသော ပြစ်မှုများ၏ တရားခံအစစ်အမှန်ကို ရမိပေါ်ပေါက်အောင် စုံစမ်းခြင်း၊ တရားခံပေါ်ပေါက်ခဲ့လျှင် သက်ဆိုင်ရာဥပဒေအရ ပြစ်ဒဏ်ပေးနိုင်အောင် သက်သေများစုဆောင်ပြီး တရားစွဲတင်ရခြင်း၊ အများကို မိမိကိုယ်တိုင်စုံစမ်း၍ ပြစ်မှုကျူးလွန်သူတရားခံ၌ အပြစ်မရှိဟုထင်မြင်ယူဆလျှင် ပြစ်မှုဆိုင်ရာဥပဒေတွင် ဖော်ပြထားသော ကင်းလွတ်ချက်များနှင့်ကိုက်ညီသောကြောင့် သို့တည်းမဟုတ် လုံလောက်သော သက်သေမရှိ၊ တရားစွဲတင်မထိုက်ဟု ဆုံးဖြတ်ပြီးအမှုကို နောက်ဆုံးပိတ်သိမ်းကာ သက်ဆိုင်ရာမိမိအထက်အရာရှိများနှင့် မြန်မာနိုင်ငံရှေ့နေချုပ်ရုံးတို့ထံ အစီရင်ခံခြင်းစသည်တို့ ဆောင်ရွက်နိုင်သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို အင်အားအပြည့်အဝဖြင့် တိတိကျကျဆောင်ရွက်နိုင်ပါက ပြည်သူလူထုလုံခြုံမှုရှိပြီး မိမိတို့အိမ်ကို မိမိတို့တံခါးဖွင့်၍ပင် အိပ်နိုင်ကြမည်ဖြစ်သည်။

ယင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့အရာရှိများအထူးမွမ်းမံသင်တန်းတက်ရောက်စဉ် ထိုစဉ်က ရဲချုပ်က လူထုအခြေပြု ရဲလုပ်ငန်းကိုဆောင်ရွက်လျက်ရှိကြောင်း၊ မကြာခင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ လုံခြုံမှုအပြည့်အဝရရှိ၍ ညဘက်တွင် မိမိတို့အိမ်တံခါးများဖွင့်၍ အိပ်နိုင်ကြမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ကို အမှတ်ရမိသည်။ ထို့နောက် ထိုရဲချုပ်မှာ တာဝန်မှအနားယူသွားသည်။ ယခုလည်း ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက ယင်းကဲ့သို့ဖြစ်စေရန် ရည်မှန်းဆောင်ရွက်နေကြသော်လည်း ယနေ့ထက်တိုင် အကောင်အထည်မပေါ်သေးချေ။ အမှန်တွင် ပြည်သူနှင့်ပူးပေါင်းရမည်။ ပြည်သူ့အကူအညီကို ရယူရမည်။ ပြည်သူနှင့်တစ်သားတည်း နေကြရမည်။ ပြည်သူနှင့် ဆက်ဆံရာတွင် ကိုလိုနီစရိုက်အကျင့်ဆိုးကို ဖျောက်ရမည်။ အဂတိလိုက်စားမှုကင်းစင်ရမည်။ သို့မှသာ ရဲလုပ်ငန်းအောင်မြင်နိုင်မည်ဖြစ်သည်။

## ဓမ္မနှင့်အညီဆောင်ရွက်

လူသားတို့၏ ပင်ကိုယ်သဘာဝအရ မိမိတို့ ဆောင်ရွက်မှုများတွင် ဓမ္မနှင့်အဓမ္မတို့ ရောပြွန်းနေသည်ကို တွေ့ရသည်။ လောဘ၊ ဒေါသ၊ မောဟတရားများကို အရာရာတွင် ထိန်းထိန်းသိမ်းသိမ်း မဆောင်ရွက်နိုင်ကြချေ။ မိမိ၏လုပ်ဆောင်မှုသည် တရားကင်းမဲ့သော အဓမ္မလုပ်ဆောင်မှုမျိုးဖြစ်ပါက တစ်နေ့မဟုတ် တစ်နေ့ ဥပဒေအရ အရေးယူခြင်းခံရနိုင်ကြောင်း မှတ်ယူထားသင့်သည်။ အရေးယူအပြစ်ပေးခြင်းခံရလျှင် လူပင်ဖြစ်သော်လည်း လူရာမဝင်၊ အမြဲတမ်းမိမိကိုယ်ကိုမိမိ သိမ်ငယ်စိတ်များဖြင့် အများ၏ဝိုင်းပယ်ခြင်းကို ခံရနိုင်ကြောင်းစိုးရိမ်နေရမည်။ သို့ဖြစ်၍ မိမိ၏လုပ်ဆောင်မှုတိုင်း လုပ်ဆောင်မှုတိုင်းတွင် တရားနှင့်အညီ ဓမ္မနှင့်အညီဆောင်ရွက်ပြီး ဓမ္မကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာထိန်းသိမ်းစောင့်ရှောက်ကာ လုပ်ဆောင်မှုတိုင်းတွင် သတိပြုဆောင်ရွက်သွားရန် အကြံပြုလိုသည်။ သို့မှသာ ဓမ္မလွှမ်းသော နိုင်ငံတော်ကြီးဖြစ်ပေလိမ့်မည်။ အရာရာတွင် ဓမ္မဖြင့်ဆောင်ရွက်ကာ အစိုးရကို အကူအညီပေးသင့်သည်။

အဓမ္မမှုများကို ပြုလုပ်မိမည့် အချိန်အခါရောက်လျှင် "ငါမဟုတ်တာမလုပ်၊ ငါမဟုတ်တာမလုပ်။ ငါမဟုတ်တာမလုပ်" ဟု စိတ်ထဲတွင်ရေရွတ်ပြီး ဓမ္မနှင့်အညီသာ ဆောင်ရွက်သင့်သည်။ နိုင်ငံသူနိုင်ငံသားများအနေဖြင့် မိမိတို့၏စိတ်ဓာတ်များကို ပြုပြင်ပြောင်းလဲကာ တရားသောနည်းလမ်းဖြင့်သာ ဆောင်ရွက်လိုစိတ်များ ထားရှိသွားရန်လိုအပ်သည်။ ဤလောကတွင် ဓမ္မနှင့်အဓမ္မဒွန်တွဲနေတတ်ရာ အရာရာတွင် ဓမ္မနှင့်အညီသာ ဆောင်ရွက်မည်ဆိုပါက မိမိမိသားစု၊ မိမိရပ်ရွာ၊ မိမိမြို့၊ မိမိတိုင်းခရိုင်၊ မိမိနိုင်ငံတော်နှင့် ကမ္ဘာကြီးတစ်ခုလုံးပါ ဗြဟ္မစိုရ်တရားထွန်းကားပြီး အေးချမ်းသာယာ၍ နေချင်စဖွယ်ကမ္ဘာကြီးဖြစ်ပေါ်လာပါမည်။ ထို့ကြောင့် ဓမ္မနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း သန္နိဋ္ဌာန်ချမှတ်ပြီး ဓမ္မကိုခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာထားရှိနေထိုင်သွားကြကာ နိုင်ငံတော်ကို တည်ဆောက်ကြဖို့ တိုက်တွန်းချင်ပါသည်။

# ကြော်ငြာ


**နန်းဦးကျော် အင်းလေးဖောင်တော်ဦးဘုရားပွဲ**

● အင်းလေးဖောင်တော်ဦးပွဲ၊ အလိုတော်ပေါက်၊ တောင်ကြီး မွေတော်ကက္ကူ၊ ထမ့်စမ်းဂူ၊ မြို့မဈေး၊ ရှဥ္ဇာမဏိစေတီ၊ ပင်းတယ ရွှေဥမင်၊ ပုန်းတလုတ်ကန်၊ ကုံလုံ၊ ကလောနီးဘုရား၊ မြင်းမထိဂူ (၄)ရက်
● အင်းလေးဖောင်တော်ဦးပွဲ၊ တောင်ကြီး မွေတော်ကက္ကူ၊ ထမ့်စမ်းဂူ၊ ပင်းတယ၊ ကလော၊ အောင်ပန်း၊ လှိုင်ကော် တောင်ကွဲစေတီ၊ ထီးပွင့်ကန်၊ ထီးဆဲခါးရေတံခွန် (၆)ရက်။ (၁၄-၁၀-၂၀၁၆)ထွက်မည်။
● ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ခမီ၊ စက်စဲ (၅)ရက်။ ဆက်၍-မြိတ်(ဘိတ်)ပါ (၇)ရက်။
● မြဝတီနှင့် ဘားအံဘုရားစုံဖူး (၃)ရက်။ ဆက်၍-မော်လမြိုင်ဘုရားစုံဖူး၊ ကျိုက္ခမီ၊ စက်စဲ (၄)ရက်။
● ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ၊ သီဟိုဠ်ရှင် (၄)ရက်။ ● မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် (၄)ရက်။
● မော်လမြိုင်ဘုရားစုံဖူး၊ ကျိုက္ခမီ၊ စက်စဲနှင့် ဘားအံဂူ(၅)ဂူပါ (၂)ရက်(သောကြာ)

ဖုန်းဆိုးတန်း 01-391577, သန်လျင် 09-5122961, 09-254340569, ကျောက်မြောင်း 09-254821597

**ရွှေကြေးစည် မှ အင်းလေးပွဲ / ကျိုက္ခမီဆွမ်းမျှော်ပွဲ သို့**

▲ အင်းလေးပွဲ၊ တောင်ကြီး၊ မွေတော်ကက္ကူ၊ ထမ့်စမ်းဂူ၊ ပင်းတယ
▲ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ
▲ ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ၊ မန္တလေး၊ ပြင်ဦးလွင်အနီ
Oct 7,14,15 အပတ်စဉ်သောကြာ
▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ကျောက်စိမ်းဘုရား
▲ ကျိုက္ခမီဆွမ်းမျှော်ပွဲ၊ မော်လမြိုင်၊ စက်စဲ၊ ဖွားလပိုတောင်။
▲ (ကျိုက်ထီးရိုး-နေ့စဉ်) (သာမညာ၊ မြဝတီ၊ မဲဆောက်-အပတ်စဉ်သောကြာ)
▲ (ပြည်အနီ၊ အကောက်တောင်) (ဓလွန်) (ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ မျော်ရစ်)

ဖုန်းဆိုးတန်း 01-240860/01-372290 ဖုန်း 09-49282825, 09-421029191

**သန်းရွှေနှင့်ဆောင်းရင်းရှား ၅ သိတင်းကျွတ်ဘုရားစုံဖူး**

● အင်းလေးဖောင်တော်ဦးပွဲ၊ တောင်ကြီး၊ ပင်းတယ၊ ကုံလုံ၊ ထမ့်စမ်းလိုဏ်ဂူ၊ မွေတော်ကက္ကူ(၄)ရက် ● လှိုင်ကော်ပါ (၆)ရက်။ Oct 14, 21, 28 ထွက်မည်
● ပုဂံ၊ ပုပ္ပါး (စွယ်တော်လေးဆူ) ပြည့်ငါးပြည့် (၄)ရက်။ ● မန္တလေး၊ မုံရွာ၊ ပြင်ဦးလွင် (၄)ရက်၊ အားလုံးပါ (၇/၁၀)ရက်။ ● ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ (၆)ရက်
● ရခိုင်၊ မြောက်ဦး၊ ကျောက်တော်၊ စစ်တွေ၊ ငပလီ (၆)ရက်။
● မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ (ကျိုက်ထီးရိုး) (၂/၃)ရက်။ ကျိုက်ထီးရိုး၊ ချောင်းသာ နေ့စဉ်
● ဓလွန်၊ နေပြည်တော်၊ ပြည်၊ အကောက်တောင်...(နေ့ချင်းပြန်)...(ဝနေ/တနင်္ဂနွေ)

အမှတ်(၄၂)၊ ရွှေဘုံသာ(အထက်) Ph: 01-380141, 01-241863, 09-43043109, 09-73251422


**မြေကွက်ရောင်းမည်**

ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ အကွက်အမှတ်(၃၄)၊ ဧရိယာ ၂၀၃၁၂. ၈၂ စတုရန်းပေ ဆက်သွယ်ရန်ဖုန်း -၀၁-၆၉၆၀၆၉ ၀၉-၄၂၁၀၇၀၁၇၇

**ဖခင်အမည်မှန်**

ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ်၊ နတ်စဉ်ဝကျေးရွာအုပ်စု၊ အလကခွဲ အဌမတန်းမှ မောင်မိုးကျော်သူ၏ ဖခင်အမည်မှန်မှာ ဦးဝင်းခိုင်[၁၄/ကလန(နိုင်)၀၉၀၈၈၅] ဖြစ်ပါကြောင်း။


**ရွှေအိုးကြီး**

မြဝတီ၊ ဘားအံ၊ ဇင်းကျိုက် Oct(7,14,28) Hotel/Visa (75000)
ရခိုင်၊ မြောက်ဦး၊ စစ်တွေ၊ ငပလီ Oct(14) Hotel (130000)
09421073634, 777636630

**RUBY** ကားစီးလုံးငှားသည်
519100
09-51-77212, 535100
Saloon, Van ကားများ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**DADDY (ဒယ်ဒီ)** Travels & Tours
မြဝတီ၊ မဲဆောက်၊ ဘားအံ
(၂ညအိပ်/၃ရက်) ၁၀၀၀၀၀ိ/
(Oct 14,28 ထွက်မည်)
Ph:09-448001903

**MEGA TWO STAR Car Rental**
Hiace, Alphard, Saloon ကားမျိုးစုံ ငှားရမ်းနိုင်ပါသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။
01-400600, 09-5141446, 5032762

**ကား** မျိုးစုံ
(Alphard/Crown/MarkII/Hiace ...)
Ph: 09795549249, 095418126



လူကြီးမင်းတို့၏ ထုတ်ကုန်ပစ္စည်းများတွင်အသုံးပြုလျက်ရှိသော Lable Sticker များအတွက်



သတင်းကောင်းလေး ပေးပါရစေ

**LABEL PRINTING** SERVICE.

Lable Sticker ဆိုင်းအမျိုးမျိုး နှင့် ဒီဇိုင်းပုံစံ အမျိုးမျိုးတို့ကို ဂျပန်နည်းပညာများကို အသုံးပြုပြီး ကောင်းမွန်သော ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ Lable Sticker များကို အလိပ်အနေဖြစ်၄င်း အရွက်အနေဖြစ် ၄င်း လူကြီးမင်းတို့ စိတ်တိုင်းကျ ဒီဇိုင်း ပုံစံများအတိုင်း မှန်ကန်သော ဈေးနှုန်းဖြင့် နိုင်ငံတကာစံနှုန်းမီ စတင် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

**Main Label**
Label Printing Services

No.38A, Ka Naung Min Thar Gyi Road,
Hlaing Thar Yar Industrial Zone(1),
Hlaing Thar Yar Township,Yangon.
Tel: +95 1 682034



**KEMBANGAN - GROUP OF MEDICAL CENTRES**

နိုင်ငံတကာအဆင့်မီ အရေပြား အလှ အပနှင့် ကျန်းမာရေး ဆိုင်ရာ ဝန်ဆောင်မှုများ

- ဝက်ခြံနှင့် အမာရွတ်အမျိုးမျိုးကုသခြင်း
- နင်းခူရောဂါအမျိုးမျိုးကုသခြင်း
- ခရုသင်း သမင်ဖြူကုသခြင်း၊
- ဂျွတ်ပွေးနာ(Psoriasis)ကုသခြင်း
- ဓာတ်မတည့်ခြင်းကြောင့် အရေပြားယားယံခြင်း၊
- မွေးကျွတ်နာ၊ အင်ပြင်၊ ရေယုံနာ၊
- လက်သည်း ခြေသည်းမှိုစွဲခြင်း၊
- အနာစက်များ ပေါက်ခြင်း
- ခရုသင်း၊ သမင်ဖြူရောဂါကို ရောင်ခြယ်ဆဲလ် အစားထိုးကုသခြင်း
- အရေပြားရောဂါအမျိုးမျိုးအတွက် Excimer Laser ဖြင့်ကုသခြင်း
- ပွေး၊ ဝဲ၊ ညှင်း၊ ယားနာနှင့် အရေပြားရောဂါ အမျိုးမျိုးအတွက် တိုင်ပင်ဆွေးနွေးကုသခြင်း။



မျက်နှာ အသားအရေ ကုသမှု
30% Off
27-9-2016 ~ 8-10-2016

နိုင်ငံတကာအဆင့်မီ ကျွမ်းကျင်သော ဆရာဝန်ကြီးများနှင့် သင့်တင့်မျှတသောဈေးနှုန်းဖြင့် ကုသပေးနေပါသည်။

အမှတ်-၁၁၄၊ ကွယ်ကဘောဆေးရုံ(၅)လွှာ၊ မင်းကြီးလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁ ၆၄၇၀၉၉၊ ၀၉ ၄၂၈၀၀၃၂၉၅

Kembangan Hospital-Insein



**ရေကူးကန်ဆောက်ပြီး ခဏလေး နဲ့စိတ်မညစ်ချင်ရင် ကွန်ကရစ်နဲ့ရေကူးကန်ဆောက်ပါ**




**ရေကူးကန်ဆောက်ပြီး တသက်လုံး စိတ်ချမ်းသာချင်ရင် SUPER RICH MAN နဲ့ဆောက်ပါ**




**SUPER RICH MAN SWIMMING POOL SPECIALIZED COMPANY** (၂၉/ဘီ) တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေ။ 401518, 8604064



ကြော်ငြာ


NELC
Don't Worry, Just Speak!



Preschool
( ၂-နှစ်ခွဲ မှ ၅-နှစ် )

မြောက်ဥက္ကလာပကျောင်းခွဲ
အောက်တိုဘာလ တွင် ဖွင့်မည်။

အမှတ်-၁၁၅၁၊ သီတာလမ်း၊ ၂-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ဖုန်း-09 960604700
ဗိုလ်အောင်ကျော်-01 256516~7 စမ်းချောင်း-01 501947/09 8612639 မရမ်းကုန်း- 09 73065345
သုဝဏ္ဏ - 09 960603700 ပြင်ဦးလွင်-09 400306019 မန္တလေး-09 91023900
လားရှိုး-082 26611 တာချီလိတ်-084 52572

"မေသူမောင်" "ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့"
ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင် အမှတ်-ပခ-၀၀၅၅
*(၁၄)ညအိပ်(၁၅)ရက်၊သံဝေဇနီယလေးဌာန၊အဝိဇဟိတလေးဌာန၊
(Hotel-3-Night)
(11.Nov)ခါတ်တော်တိုက်ဖွင့်ပွဲ၊ (25.Dec) (20.Jan) (5.Feb)
(22.Feb) (22.Mar) (12.Apr)
*(၁၀)ညအိပ်(၁၁)ရက်၊သံဝေဇနီယလေးဌာန၊(27.Nov)to(07.Dec)
ဘုန်းကြီးကျောင်းတည်း/ဟိုတယ်တည်းခရီးစဉ်ဖြစ်ပါသည်။
*Hotel.သီးသန့်၊(၇)ညအိပ် (၈)ရက် ထွက်ခွါမည့်ရက်များ -
(25.Dec) (10.Mar)(11.Apr)
ရုံးချုပ်-အမှတ်(8/H)ဆင်မလိုက်အဆင့်မြင့်ကွန်ဒိုကမာရွတ်မြို့နယ်၊
ရန်ကုန်ဖုန်း-၀၉၇၉၅၀၁၂၄၇၀၊၀၉၅၀၁၂၄၇၀၊၀၉၇၃၂၄၁၆၈၇၊
၀၉၄၃၁၁၂၄၂၇၀၁-၂၀၅၉၂၈၊၀၂၇၆၀၂၄၊၀၉၄၄၄၀၁၀၂၇၀

Wonderful Days Travels & Tours
See Travelling, Feel Happy



+ အင်းလေးဖေါင်တော်ဦး ခရီးစဉ် Oct - 14
+ တောင်ကြီး ခရီးစဉ် Oct - 28, Nov - 11
+ ပုဂံ ခရီးစဉ် Oct - 14, 28
+ ငွေဆောင် ခရီးစဉ် Oct - 14, 28
+ မြဝတီ၊ မဲဆောက် ခရီးစဉ် Oct - 14, 28
Ph: 09 257 900 416 ~7 ~ 8
09 731 93 262, 09 731 78 716.
အမှတ်(၂၄)၊ ငုဝါလမ်း၊ အလုံမြို့နယ်။

Certificate in Financial Management October 9th စမည်။
ဒေါ်ရွှေရွှေမြင့် B.Com (Hons)., M.Com., Cert in Government Financial Management
Sunday (4:30 pm to 7:30 pm)

Certificate in Project Management October 20th စမည်။
ဦးသုရိန်(Mr. Surendra Verma) (MBA & IT, Staffardshire University,UK),Area Manager, ABE (UK)
Thurday & Friday (6:00 pm to 8:00 pm)

Certificate in Customer Service Management October 22nd စမည်။
Dr.ဒေါ်ပင်းသီတာ Ph.D နှင့် Asst.Prof ဦးပင်းမင်းသိမ်း (Principal of YCTC), Saturday (5:00 pm to 8:00 pm)

YCTC Business Institute
အမှတ် (၂၄)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ် (PARK ROYAL HOTEL အနီး)
Ph : 01-393076, 09-420118100
09-250640429

အမြန်ရောင်းမည်
မြေကွက်လှလှ၊ ထောင့်ကွက်၊ ကမ္ဘာအေး ဂမုန်းပွင့်နောက်၊ ပေ(၉၀×၆၀) (ဘိုးဘွား)
ဖုန်း-၀၉-၇၇၃၂၄၀၀၇၁

သိန်း(၇၀၀)ထိုက်သူရမည်။



24'x63' ထောင့်ကွက်၊ လမ်းမျက်နှာစာနှစ်ဖက်၊ နေရာကောင်း၊ လမ်းကောင်း၊ တစ်ထပ်တိုက်သစ် (အဆင့်မြင့်ပြင်ဆင်ပြီး) ကားများများရပ်နားနိုင်၊ ၇၂-ရပ်ကွက်၊ တောင်ဒဂုံ၊စက်မှုဇုန်အနီး။ ဖုန်း- 0973106574, 09250283165

မြေညီတိုက်ခန်းရောင်းမည်
- စမ်းချောင်းမြို့နယ်၊ လမ်းသန့် (လမ်းမနီး)
- ပေ(၁၂နံ×၅၀)မြေညီ(ထပ်ခိုး)ပါ
- အောက်ထပ်-ကြွေပြားပြည့်ခင်း/တပ် (Hall)
- အပေါ်ထပ်-1MBR,1BR,2(A/C) လျှာထိုးပြည့်၊ ဘိုထိုင်၊ ရေပူရေအေး
- အဆင့်မြင့်ပြင်ဆင်ပြီး၊ အသင့်နေ(သန့်)
- ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ (ပွဲစားမလို)
ဖုန်း-၀၉-၅၆၆၁၁၂၇၊ ၀၉-၅၁၈၅၇၅၀


အခန်းငှားမည်
ပုဇွန်တောင်၊ ရေကျော်လမ်းမ၊ ပေ(၁၃×၆၀) မြေညီထပ်၊ ငှားမည်(ကြော်ငြာမလို)
ဖုန်း-၀၉-၃၃၉၉၇၇၃၉၊ ၀၉-၉၇၉၁၀၉၇၉၆

DSS Steel
GI ဟောလိုပိုက်နှင့်သံပြွမ်းဖြန့်ချိရေး
၂၅၇၊ ၂၅၈ ကျိုင်းတုံလမ်းနှင့်ထားဝယ်လမ်းထောင့် စက်မှုဇုန်(၁)၊ တောင်ဒဂုံ။
Ph : 09-5113546 , 09-976644550

Garage Sale
ရေမွှေး၊ အလှကုန်၊ ကျားဝတ်ရုပ်အကျီ၊ အိတ်၊ မဝတ်လုံချည်၊ အကျီနှင့်အိမ်သုံးပစ္စည်းများရောင်းချပါမည်။
နေ့ရက် - ၁-၁၀-၂၀၁၆မှ ၂-၁၀-၂၀၁၆အထိ
အချိန် - နံနက် ၉နာရီမှ ညနေ ၄နာရီထိ
နေရာ - ၂၁၊ သစ္စာဥယျာဉ်လုံးချင်းအိမ်ရာ၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာ၊ ဖုန်း-၀၉-၇၉၅၇၄၂၈၄၄

Scaffolding& Pipe Support
ပြွမ်း၊ T တိုင် - ငှားရန်ရှိသည်
ဆက်သွယ်ရန်ဖုန်းနံပါတ်
၀၉-၇၉၅၅၆၆၇၃၈,၀၉-၉၆၅၀၅၉၈၈၅၇


ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHANICAL CAR PARKING










TPW
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46
အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

Topsyne® Herbal Cream



'သုံးစွဲသူများ' အတွက် အထူးကံစမ်းမဲ
(1.5.2016) မှ (30.4.2017) အထိ
1,000,000ကျပ် (1)ဆု
400,000ကျပ် (2)ဆု
300,000ကျပ် (2)ဆု
100,000ကျပ် (5)ဆု
50,000ကျပ် (10)ဆု
20,000ကျပ် (20)ဆု

'ရောင်းချသူများ' အတွက် အထူးကံစမ်းမဲ
(1.5.2016) မှ (30.4.2017) အထိ
1,000,000 ကျပ် (1)ဆု
300,000 ကျပ် (2)ဆု
200,000 ကျပ် (2)ဆု
100,000 ကျပ် (10)ဆု

Apple Production Co., Ltd. - (09) 86 18081, 49 316408

# ကြော်ငြာ

**Fully Light** ခရီးသွားကုမ္ပဏီ
လူကြီးမင်းတို့ သွားလိုရာခရီးအား
အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်..
လိပ်စာ – ဒဂုံစင်တာ(၁)၊ ဘီဆောင်–စ၀၁၊ မြေနီကုန်း၊ စမ်းချောင်း။
01-503815 ,09-333 777 82,09-42 101 3085

**GOLDEN STAR**
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

**MIHARA TRAVELS & TOURS**
➡ မြဝတီ - မဲဆောက် - ဘားအံ ခရီးစဉ်
➡ ပုဂံ - ညောင်ဦး - ပုပ္ပါး ခရီးစဉ်
အပတ်စဉ်
ခရီးစဉ်မျိုးစုံအတွက် ကားစင်းလုံးငှား ဝန်ဆောင်မှုပေးပါသည်။ (၃)ယောက်မှ (၃၄)ယောက်စီး အထိ
Ph: 09-49218700, 09-5025400, 09-43124072

**သုခလမ်းညွှန်** Travels & Tours
Scania ကားဖြင့်နေ့ချင်းပြန်ခရီးစဉ်များ
ငပလီနေ့စဉ် VIP သွားပြန် ၄၂၀၀၀
ချောင်းသာ နေ့စဉ် VIP သွားပြန် ၂၂၀၀၀
ကျိုက်ထီးရိုးနေ့စဉ် VIP နှစ်ထပ်ကားသွားပြန်
အောက်ထပ်-20000/ ပေါ်ထပ်-15000
Phone-09-252929722/ 33/ 44/ 55/ 66









**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်လှလှ**

**မူလတန်းပြဆရာမ(ငြိမ်း)၊ အထက(၆) ပုသိမ်မြို့**

**အသက် (၇၆) နှစ်**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်-ဒေါ်ချိုချိုတို့၏ အစ်မကြီးဖြစ်သူ ဒေါ်လှလှ အသက် (၇၆)နှစ် မူလတန်းပြ ဆရာမ(ငြိမ်း)၊ အထက(၆) ပုသိမ်မြို့သည် ၂၅-၉-၂၀၁၆ ရက် (တနင်္ဂနွေနေ့)တွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး နန့်ကြင်ကြည်**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်လှလှ**

**မူလတန်းပြဆရာမ(ငြိမ်း)၊ အထက(၆) ပုသိမ်မြို့**

**အသက် (၇၆) နှစ်**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်-ဒေါ်ချိုချိုတို့၏ အစ်မကြီးဖြစ်သူ ဒေါ်လှလှ အသက် (၇၆) နှစ် မူလတန်းပြဆရာမ(ငြိမ်း)၊ အထက(၆) ပုသိမ်မြို့သည် ၂၅-၉-၂၀၁၆ ရက် (တနင်္ဂနွေနေ့)တွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ဇနီး ဒေါ်သိန်းယဉ်**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်လှလှ**

**မူလတန်းပြဆရာမ(ငြိမ်း)၊ အထက(၆) ပုသိမ်မြို့**

**အသက် (၇၆) နှစ်**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်-ဒေါ်ချိုချိုတို့၏ အစ်မကြီးဖြစ်သူ ဒေါ်လှလှ အသက် (၇၆) နှစ် မူလတန်းပြဆရာမ(ငြိမ်း)၊ အထက(၆) ပုသိမ်မြို့သည် ၂၅-၉-၂၀၁၆ ရက် (တနင်္ဂနွေနေ့)တွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်လှလှ**

**မူလတန်းပြဆရာမ(ငြိမ်း)၊ အထက(၆) ပုသိမ်မြို့**

**အသက် (၇၆) နှစ်**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်-ဒေါ်ချိုချိုတို့၏ အစ်မကြီးဖြစ်သူ ဒေါ်လှလှ အသက် (၇၆)နှစ် မူလတန်းပြ ဆရာမ(ငြိမ်း)၊ အထက(၆) ပုသိမ်မြို့သည် ၂၅-၉-၂၀၁၆ ရက် (တနင်္ဂနွေနေ့)တွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**

**ဘုရား၊ ရဟန်း သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးခင်မောင်(ပြည်မြို့) (၅၅)နှစ်**

ပြည်မြို့၊ တရုတ်စုရပ်ကွက်၊ အမှတ် (၁၇၂၃)၊ နဂါးရုံလမ်းနေ (ဦးလုံးမောင်-ဒေါ်အေးမြသိန်း)တို့၏သား၊ (ဦးထွန်းထွန်း)-ဒေါ်မြသန်းတို့၏သားသမက်၊ ဒေါ်မော်မော်ထွန်း၏ခင်ပွန်း၊ မောင်ခိုင်မြ၏ ချစ်လှစွာသောဖခင်သည် ၂၅-၉-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၆ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးစိန်ဝင်း(လှော်ကား)**

**အသက်(၉၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၃၆-အေ)၊ (၅/၆ လွှာ)နေ [ဒေါ်ကြည် (မြန်မာ့သစ်လုပ်ငန်း)]၏ ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ လှော်ကားကျေးရွာနေ (ဦးသူတော်-ဒေါ်လှခင်)တို့၏သား၊ ဦးခင်မောင်လေး-ဒေါ်အေးအေးဝင်း၊ ဒေါ်ခိုင်ခိုင်ဝင်း (ရွှေသံလွင်ကုမ္ပဏီ)၊ ဒေါ်မြတ်မြတ်ဝင်း (ရွှေမာလာစတိုး)၊ ဦးထွန်းထွန်းဝင်း(PSL)-ဒေါ်လေးနွယ်တို့၏ချစ်လှစွာသောမွေးသဖခင်၊ မောင်ကောင်းညွန့်ဇော်၊ မောင်ပြည့်ဖြိုးကျော်၊ မသိမ့်နန္ဒာဆုတို့၏ ချစ်လှစွာသော အဘိုးသည် ၂၅-၉-၂၀၁၆ (တနင်္ဂနွေနေ့) ည ၉း၁၅ နာရီတွင် အကယ်ဒမီဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၆ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ စမ်းချောင်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးကျော်ဝင်း (၆၈)နှစ်**

**ကျော်-(ပုလင်းခွံရောင်းဝယ်ရေး)**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ သဇင်ရေကျော်ကျေးရွာနေ (ဦးထွန်းခင်-ဒေါ်အေးသင်)တို့၏ သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းနေ (ဦးဘမြင့်-ဒေါ်စိန်စိန်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြင်တော်သာလမ်း၊ (၄/တောင်)ရပ်ကွက်၊ အမှတ်(၆၇)နေ ဒေါ်စန်းစန်းဝင်း၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုမောင်မောင်ကျော်ဝင်း-မမြတ်မြတ်ဖူး၊ ကိုငြိမ်းကျော်ဝင်း-မနွယ်နွယ်ဝင်း၊ ကိုကျော်စွာ-မသီဂီကျော်ဝင်း၊ ကိုမျိုးမင်းသိန်း-မဖြူဖြူကျော်ဝင်းတို့၏ ကျေးဇူးရှင်ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၂၆-၉-၂၀၁၆ (တနင်္လာနေ့) နံနက် ၆း၄၀နာရီတွင် ရန်ကုန်ပါရမီအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၁၀-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြင်တော်သာလမ်း၊ (၄/တောင်)ရပ်ကွက်၊ အမှတ် (၆၇) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ တန်ဆောင်၊ရေတွင်းရေကန် ဒါယိကာမကြီး**

**ဒေါ်နုစိန်(စစ်တွေ) (၇၉)နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ (ကသ-၃၄)၊ ရွှေသာလမ်းနေ (ဦးမောင်သာဒိုး-ဒေါ်မသာဦး)တို့၏ သမီး၊ (ဦးကျော်လှဦး-ဒေါ်မစိန်ဦး)တို့၏သမီးချွေးမ၊ ရွှေပန်းထိမ်ဆရာကြီး (ဦးအောင်ထွန်းမြ)၏ ချစ်လှစွာသောဇနီး၊ ဦးမောင်သိန်းလှ(ရတနာရွှေဆိုင်)-ဒေါ်ချိုချိုမာ(အလ-ပြ)၊ ဦးရွှေဘသိန်း(ရတနာရွှေဆိုင်)တို့၏မွေးစားမိခင်၊ ဒေါက်တာလှစိုး (UN, Physitian)-ဒေါ်မိုးပန်းဖြူတို့၏ချစ်လှစွာသောမိခင်၊ ကိုဇော်ခင်-မအေးစုမွန်၊ ကိုဟိန်းရဲလင်း-မမြတ်အေးခင် (ရတနာရွှေဆိုင်)၊ မဆုမြတ်ပွင့်ဖြူ (BE Civil)၊ မအေးမြတ်ခိုင် (GTC)တို့၏အဘောင်ရှင်၊ ရွှေဖူးမေ၏အဖီးရှင်သည် ၂၆-၉-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၀း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် စစ်တွေမြို့ အာဂျိတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်လှလှ**

**မူလတန်းပြဆရာမ(ငြိမ်း)၊ အထက(၆) ပုသိမ်**

**အသက် (၇၆) နှစ်**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်-ဒေါ်ချိုချိုတို့၏ အစ်မကြီးဖြစ်သူ ဒေါ်လှလှ အသက် (၇၆)နှစ် မူလတန်းပြဆရာမ(ငြိမ်း)၊ အထက(၆) ပုသိမ်သည် ၂၅-၉-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁း၁၅ နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ**
**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**ဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်လှလှ**

**မူလတန်းပြဆရာမ(ငြိမ်း)၊ အထက(၆) ပုသိမ်**

**အသက် (၇၆) နှစ်**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်-ဒေါ်ချိုချိုတို့၏ အစ်မကြီးဖြစ်သူ ဒေါ်လှလှ အသက် (၇၆)နှစ် မူလတန်းပြဆရာမ(ငြိမ်း)၊ အထက(၆) ပုသိမ်သည် ၂၅-၉-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁း၁၅ နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဖေမြင့်နှင့် ဇနီး ဒေါ်ခိုင်နွယ်ဦး မိသားစု**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

**ဦးငွေစိုး(မြစ်ကြီးနား) (၇၆)နှစ်**

**အထက်တန်းပြ-ငြိမ်း**

**အထက-၁၊ မြစ်ကြီးနား**

မြစ်ကြီးနားမြို့၊ မြို့မရပ်နေ (ဦးငွေ-ဒေါ်ခင်မေ)တို့၏သား၊ (ဦးဝ-ဒေါ်လှခင်)တို့၏ သားသမက်၊ ဦးခင်ညို၊ (ဒေါက်တာလွင်မြင့်)တို့၏ညီ၊ ဒေါ်ခင်တင့်၊ (ဦးတင်အေး)တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၃)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် (၆၀၁)နေ (ဒေါ်တင်တင်ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုခင်မောင်မြင့်-မဝင်းပပငြိမ်း၊ မောင်ဝင်းကိုကိုစိုး-မထွေးထွေးသန်းမြင့်တို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၂၆-၉-၂၀၁၆ (တနင်္လာနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ရန်ကုန်ရောက် အထက-၁၊ မြစ်ကြီးနားမှ တပည့်ဟောင်းများ လိုက်ပါပို့ဆောင်ကြပါရန်။

တပည့်ဟောင်းများ

**မခင်စပါယ်လွင် (၃၆)နှစ်**

**B,E,M.E (E.P)**

**တောင်ငူမြို့**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလ (၁၁)လမ်း၊ အမှတ် (၉၀၄)၊ ပထမထပ် (A)နေ (ဦးလွင်)၊ ဒေါ်ခင်ဝင်းရီတို့၏သမီးထွေး၊ ဦးသိန်းဇော် (ဒု-ညွှန်ကြားရေးမှူးချုပ်၊ အဆောက်အအုံဦးစီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-ဒေါ်သီတာလွင်၊ ဦးသူရလွင်-ဒေါ်ခင်နွယ်ဦး၊ ဦးကျော်ဖေယျလွင်တို့၏ညီမ၊ တူ/တူမ ခုနစ်ယောက်တို့၏ ချစ်လှစွာသော အဒေါ် မခင်စပါယ်လွင်သည် ၂၅-၉-၂၀၁၆ (တနင်္ဂနွေနေ့) ည ၁၀း၁၀နာရီတွင် ဂျပန်ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၆ရက် ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၆ (စနေနေ့) နံနက် ၇နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

**Rev. စောရှမိုအေးလှ(ခ)**

**စောစဲမိရယ် (၆၃)နှစ်**

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊တောင်သူကုန်းရပ်ကွက်၊ အောင်မင်္ဂလာ (၂) လမ်း၊ အမှတ်(၂၇-ခ)နေ (ဦးစောဇင်းဘတ်-နော်သရဲဖော)တို့၏ ဒုတိယသား၊ ဦးစောပီလေး၏ညီ၊ စောယိုအေးလာ၊ နော်စနိုးဘဲ(ခ)မမူ၊ စောယိုရှိုးယား၊ နော်မေဖော၊ နော်ဘွယ်ဖောတို့၏ အစ်ကို၊ နော်ထူးဖော-စောဟေတာဂေး၊ နော်သမီးဖော-ဆရာမိုက်ကယ်ကိုကိုမောင်၊ စောဆော်လမွန်အိုဖေထူး-နော်သဂေး၊ စောစိုင်းလတ်မဟူရာဝါး-နော်ဇာဇာမိုးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏ ချစ်ဘိုးဘိုး၊ သရာမူခရီစန်းသမန်၏ ချစ်လှစွာသော ခင်ပွန်း Rev.စောရှမိုအေးလှသည် ၂၅-၉-၂၀၁၆ (တနင်္ဂနွေနေ့) ည ၈း၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၇-၉-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

**Rita မနီနီလွင် (၄၈)နှစ်**

**(အင်းစိန်)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ ရတနာလမ်း၊ အမှတ် (၇၁)နေ ဦးသိန်းလွင်(ခ)ဦးတူလေး-ဒေါ်မေရင်တို့၏သမီး၊ ဒေါ်အေးအေးလွင် (လ/၁၂၊ အင်းစိန်)၊ ဒေါ်စန်းစန်းလွင်၊ (ဒေါ်သန်းသန်းလွင်)၊ ဒေါ်မြင့်မြင့်လွင်၊ ကိုသန့်လွင်-မသန်းသန်းမော်တို့၏ညီမ၊ မသင်းသင်းလွင်၏အစ်မ၊ မအိမြတ်နိုးဆင့် (ထ/၂၊ အင်းစိန်)၊ မောင်စွမ်းရည်လင်း (ထ/၂၊ အင်းစိန်) တို့၏ အဒေါ်သည် ၂၆-၉-၂၀၁၆ (တနင်္လာနေ့) နံနက် ၆း၂၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၈-၉-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ဝတ်ပြုဆုတောင်းခြင်းကို ၂-၁၀-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီထိ အထက်ပါနေအိမ်၌ အောက်မေ့ဆုတောင်းခြင်းရှိပါသည်။]

ကျန်ရစ်သူမိသားစု

**အနိစ္စ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးစိန်ဝင်း(လှော်ကား)**

**အသက် (၉၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၃၆-အေ)၊ (၅/၆)လွှာနေ [ဒေါ်ကြည် (မြန်မာ့သစ်လုပ်ငန်း)]၏ ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ လှော်ကားကျေးရွာနေ (ဦးသူတော်-ဒေါ်လှခင်)တို့၏ သား၊ (ဦးဖေကြီး-ဒေါ်ငွေစိန်)တို့၏ သားသမက်၊ (ဒေါ်မိ)၊ (ဒေါ်အေးတင်)တို့၏ မောင်၊ ဒေါ်အေးကြွယ်၊ ဦးကျော်ငြိမ်း-(ဒေါ်တီး)၊ ဦးကြီးမြင့်-ဒေါ်အေးသီတို့၏ အစ်ကို၊(ဦးရွှေဝင်း-ဒေါ်အေးအေး) တို့၏ ညီ၊ (ဦးတင်မောင်သန်း)-ဒေါ်လှလှမြင့်၊ (ဦးစိုးမောင်)-ဒေါ်အုံးတင်တို့၏အစ်ကို၊ ဦးခင်မောင်လေး-ဒေါ်အေးအေးဝင်း၊ ဒေါ်ခိုင်ခိုင်ဝင်း (ရွှေသံလွင်ကုမ္ပဏီ)၊ ဒေါ်မြတ်မြတ်ဝင်း (ရွှေမာလာစတိုး)၊ ဦးထွန်းထွန်းဝင်း (PSL)-ဒေါ်လေးနွယ်တို့၏ ချစ်လှစွာသောမွေးသဖခင်၊ မောင်ကောင်းညွန့်ဇော်၊ မောင်ပြည့်ဖြိုးကျော်၊ မသိမ့်နန္ဒာဆုတို့၏ ချစ်လှစွာသောအဘိုးသည် ၂၅-၉-၂၀၁၆ (တနင်္ဂနွေနေ့) ည ၉း၁၅ နာရီတွင် အကယ်ဒမီဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၆ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ စမ်းချောင်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဒေါ်အေးချို**

**အသက် (၆၅)နှစ်**

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)**

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ (၁၆/၃) ရပ်ကွက်၊ အမှတ် (၄၁၅/ခ) နေ (ဦးသိန်းမောင်-ဒေါ်မြညွန့်)တို့၏ သမီး၊ ဦးတင်လှ၏ဇနီး၊ (ဦးသွင်)-ဒေါ်စန်းရီတို့၏ညီမ၊ ဗိုလ်ကြီးဇင်မောင်ထွန်း၊ ကိုဗိုလ်ကျော်သူ-မသီတာဇင်တို့၏ မွေးသမိခင်၊ မောင်ကျော်ဇင်ထွဋ်၏ အဘွားသည် ၂၅-၉-၂၀၁၆ (တနင်္ဂနွေနေ့) ည ၁၁ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၆ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးမြင့်နိုင် (၄၈)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၁)လမ်း၊ အမှတ် (၆၀)၊ ပထမထပ်နေ ဦးမြအောင်-ဒေါ်အေးအေးမြင့်တို့၏ သားကြီး၊ (ဦးထိန်ဝင်း)-ဒေါ်တင်အုန်းရှိန်တို့၏သားသမက်၊ မောင်ဇေယျာမိုး-မဝတ်ရည်ဦး၊ မောင်အောင်မင်းခန့်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ သားသားလေး၏အဘိုး၊ ဦးရဲနိုင်-ဒေါ်ခင်မာလာ၊ မောင်ခင်လတ်-မလှလှစန်း၊ မောင်ရန်မျိုးအောင်-မအေးမြမြထွေး၊ (မောင်သန့်ဇင်ဦး)၊ မောင်ကျော်စိုးမိုးလှိုင်-မဆွေဇင်ဦး၊ မောင်အောင်ကျော်ဦး-မခင်သီတာဆွေတို့၏ အစ်ကိုကြီး၊ တူ/တူမ ငါးယောက်တို့၏ဘကြီး၊ ဒေါ်မွန်မွန်ဇင်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၅-၉-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၆(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၆ (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**ဦးကုန္ဒာစရိယ**

**သိက္ခာတော်(၁၁)ဝါ၊ သက်တော်(၇၆)နှစ်**

**(ဦးတင်ရှိန်၊ တိုင်းတရားသူကြီး-ငြိမ်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်မြို့နယ်၊ (၃၂)ရပ်ကွက်၊ ရွှေပြည်သာ(၂)လမ်း၊ အမှတ်(၁၃၆၈/အေ)နေ ရဟန်းအမ ဒေါ်ပြုံးကြည် (တာဝန်ခံသူနာပြုဆရာမကြီး-ငြိမ်း)၊ ဦးကျော်တင်ရှိန် (ဒုတိယအမြဲတမ်းအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်သီဂီအေး(ဒါရိုက်တာ၊ပြုံးကြည်မကုမ္ပဏီလီမိတက်)တို့၏ ဖခင်၊ မသင်းဝတ်ရည်ဖူး (Grade-5, Diplomatic School YGN)၏အဘိုး ဦးကုန္ဒာစရိယသည် ၂၆-၉-၂၀၁၆ (တနင်္လာနေ့) နံနက် ၇း၂၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း။ [ပျံလွန်တော်မူသွားသော ဦးကုန္ဒာစရိယအားရည်စူး၍ ၂-၁၀-၂၀၁၆ (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ငါးမာန်အောင်ဘုရားလမ်း၊ နိဗ္ဗာန်ဆိပ်ဦးကူးတို့ကျောင်းတိုက်၌ သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသဖြင့် ရေစက်သွန်းချတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ခင်မကြီး (၈၁)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၁၄)၊ မြေညီ(ဘီ)နေ (ဦးစိုးတင့်-ဒေါ်မြခင်)တို့၏သမီး၊ ဦးဘဉာဏ်၏ ဇနီး၊ ဦးခင်မောင်ညွန့်-ဒေါ်ခင်သီ (IKBZ လားရှိုး)၊ တကကလှဝင်း(မီးရထား)-ဒေါ်ခင်စီ၊ ဦးဆောင်း(ထွေ/အုပ်၊ မင်္ဂလာတောင်ညွန့်)၊ ဒေါ်ချစ်ချစ်၊ ဦးမြင့်အောင်-ဒေါ်ယဉ်ယဉ်(ထ-၂၊ တာမွေ)၊ (ဦးဌေးဝင်း)-ဒေါ်နွဲ့နွဲ့ထွေး (မ-၇၊ တာမွေ)၊ ဦးဇော်ရှိန်(မြို့/အိုး)-ဒေါ်သန္တာဝင်းတို့၏မွေးသမိခင်၊ မြေး ၁၃ယောက်၊ မြစ်လေးယောက်တို့၏အဘွား ဒေါ်ခင်မကြီးသည် ၂၆-၉-၂၀၁၆ (တနင်္လာနေ့) နံနက် ၆း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်အေးစိန်(ရမ်းဗြဲ-တောင်ကုတ်) (၇၅)နှစ်**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ ဂူတာရပ်ကွက်၊ ဂဝတ်နောက်လမ်းနေ ဦးဘိုးရင်၏ဇနီး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် (၁၇၃/၁၇၅)၊ (၃-ဘီ) နေ ဦးစိန်ရင်-ဒေါ်ခင်ဝင်းကြည်၊ ဦးဝါစိန်အောင်-ဒေါ်ခင်အေးရွှေ၊ ဦးထွန်းတင်- ဒေါ်ခင်သန်းဝင်း၊ မခင်သန်းရွှေ၊ ကိုနေလင်း-မခင်ယုဆွေတို့၏မွေးသမိခင်၊ မောင်ခင်မျိုးအောင်၊ မောင်နိုင်လင်းကို-မခင်ဆွေဦး၊ မောင်အောင်မြတ်ထွန်း၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၆-၉-၂၀၁၆ (တနင်္လာနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (ဗိုလ်တထောင်မြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၁၀-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ ဗိုလ်တထောင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ**

**ဦးသန်းကြိုင် (၇၁)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅၁)လမ်း၊ အမှတ်(၁၇၀-၁၇၂) ပထမထပ်နေ (ဦးဘစိန်-ဒေါ်အုံးကြည်)တို့၏သား၊ ဒေါ်ခင်သန်းအေး၏ခင်ပွန်း၊ ဦးဝင်းလှိုင်-ဒေါ်မေဒါတို့၏ညီ၊ ဦးမြင့်စိန်-(ဒေါ်အေးရွှေ)တို့၏အစ်ကို၊ (ဦးဝင်းထွဋ်)-ဒေါ်နီနီဝင်း၊ ဦးသန်းထိုက်၊ ဦးကိုကိုနိုင်တို့၏ဖခင်၊ မောင်သန့်ဇင်ဦး၏ အဘိုးသည် ၂၅-၉-၂၀၁၆ (တနင်္ဂနွေနေ့) ည ၈ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၆(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၆ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဒေါ်သီတာမြင့် (၅၆)နှစ်**

**B.E (Mech) 86.Batch**

**မန်နေဂျာ၊ပစ္စည်းစီမံဌာန၊ ရန်ကုန်(MOGE)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျောင်းကုန်းလမ်း၊ အမှတ် (၃၃)၊ ပထမထပ်နေ ဦးချိုနိုင် (National မိသားစုဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်း)၏ဇနီး၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်(အောက်လမ်း)၊ အမှတ်(၇၉/အေ)နေ (ဒုတိယဗိုလ်မှူးကြီးလှမြင့်-ဒေါ်နန်းယုံမြင့်)တို့၏သမီး၊ (ဦးငြိမ်းမောင်)-ဒေါ်ရီရီတို့၏သမီးချွေးမ၊ မအိသဉ္ဇာမော် (အထက-၂၊ စမ်းချောင်း)၏ မိခင်၊ ဒေါ်ကျင်ရွှေ၊ ဒေါ်လှသန်း၊ ဒေါ်လှဆန်း၊ ဒေါ်တူး၊ ဦးလှတိုး-ဒေါ်ပြုံး၊ ဦးကျော်ကျော်-ဒေါ်အုန်းမြင့်၊ ဒေါ်တင်တင်ဝါတို့၏ညီမ၊ မခိုင်ခိုင်ကျော်၊ မောင်နေမျိုးလင်း၊ မောင်အောင်ပြည့်ဖြိုးတို့၏ အဒေါ်သည် ၂၅-၉-၂၀၁၆ (တနင်္ဂနွေနေ့) ည ၇း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၆ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၆ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ကျောင်းကုန်းလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဒေါ်သီတာမြင့် (၅၆)နှစ်**

**B.E (Mech) 86.Batch**

**မန်နေဂျာ၊ ပစ္စည်းစီမံဌာန၊ ရန်ကုန်(MOGE)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျောင်းကုန်းလမ်း၊ အမှတ်(၃၃)၊ ပထမထပ်နေ ဦးချိုနိုင် (National မိသားစု ဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်း)၏ဇနီး၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်(အောက်)လမ်း၊ အမှတ်(၇၉/အေ)နေ (ဒုတိယဗိုလ်မှူးကြီးလှမြင့်-ဒေါ်နန်းယုံမြင့်)တို့၏သမီး၊ (ဦးငြိမ်းမောင်)-ဒေါ်ရီရီတို့၏သမီးချွေးမ၊ မအိသဉ္ဇာမော် (အထက-၂၊ စမ်းချောင်း)၏မိခင်၊ ဦးအောင်မြင့်ဦး-ဒေါ်စန်းရီ၊ (ဦးတော်မီမြင့်)-ဒေါ်မာလာမြင့်၊ ဦးဝင်းဇော်မြင့်တို့၏ညီမ၊ ဒေါ်နီလာမြင့်(အထက-၂၊ ပန်းဘဲတန်း)၊ ဦးရဲဇော်မြင့်၊ ဦးသန်းဆွေ-ဒေါ်စန္ဒာမြင့်တို့၏အစ်မ၊ တူ/တူမ ငါးယောက်တို့၏အဒေါ်သည် ၂၅-၉-၂၀၁၆ (တနင်္ဂနွေနေ့) ည ၇း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၆ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဦးအောင်ဆန်း(ခ)ဦးအောင်သူ (၅၃)နှစ်**

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊(ကျွန်း/တောင်)ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ်(၃၇)ပထမထပ်နေ (ဦးသိန်းဦး)-ဒေါ်ကြည်ညွန့်တို့၏ သား၊ ဦးမင်းသူ-ဒေါ်မြင့်မြင့်သန်းတို့၏မောင်၊ ဦးအောင်မိုး-ဒေါ်ဇင်မာလွင်၊ ဦးစိုးပိုင်-ဒေါ်အေးမြတ်စိုးအောင်၊ ဦးစိုးမင်း-ဒေါ်မလီဇာမင်းတို့၏အစ်ကို၊ တူ/တူမ ခုနစ်ယောက်၊ မြေးတစ်ယောက်တို့၏ဦးလေး ဦးအောင်ဆန်း(ခ)ဦးအောင်သူသည် ၂၆-၉-၂၀၁၆ (တနင်္လာနေ့) နံနက် ၀၀း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ညောင်ဦးတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘုရားတစ်ဆူနှင့် အုတ်ကျောင်းတစ်ကျောင်း ပြိုကျပျက်စီး လူနေအိမ်များ၌ ချောင်းသဲများဖုံးလွှမ်း

**ညောင်ဦး စက်တင်ဘာ ၂၆**

စက်တင်ဘာ ၂၂ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ညောင်ဦးမြို့နယ် တောင်ဘီလယ်ယာကျေးရွာအုပ်စုအတွင်းရှိ ဘုရားအမှတ် (၂၀၆၇)၏ မြောက်ဘက်ခြမ်းပြိုကျပျက်စီးခဲ့ပြီး အာနန္ဒာအုတ်ကျောင်း၏ မြောက်ဘက်ခြမ်းတွင်လည်း အနည်းငယ်ပြိုကျပျက်စီးမှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂၆ ရက်တွင် နံနက် ၁ နာရီခန့်မှ ညနေ ၄ နာရီထိ မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ညောင်ဦးမြို့နယ် လက်ပန်ခြေပေါ်ကျေးရွာအုပ်စု ဖက်တန်းကျေးရွာဘူတာ အဝင်မိုင်တိုင်အမှတ် ၄၀၆-၆/၇ကြားရှိ ရထားသံလမ်းအောက်ခံမြေသားအား ချောင်းရေတိုက်စားခဲ့မှုကြောင့် မန္တလေးမှ ပုဂံသို့ စက်တင်ဘာ ၂၅ ရက် ည ၉ နာရီတွင် ထွက်ခွာလာသည့် RBE-120 အစုန်ရထားသည် ဆက်လက်ထွက်ခွာ၍မရတော့သဖြင့် စက်တင်ဘာ ၂၆ ရက် နံနက် ၅ နာရီ ၁၀ မိနစ်တွင် အဆိုပါဘူတာအနီး ရပ်တန့်ထားခဲ့ရကြောင်း၊ နံနက် ၈ နာရီခွဲတွင် ညောင်ဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းမော်၊ ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးထွန်းထွန်းစိုးနှင့် တပ်ဖွဲ့ဝင် ကိုးဦး၊ တိုင်းမီးရထား (၁၁) မှ သံလမ်းအင်ဂျင်နီယာ ဦးဟန်တင်စိုးနှင့် ဝန်ထမ်းခုနစ် ဦး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးအောင်ကျော်စိုးရွှေ၊ ရေအရင်းအမြစ်ဦးစီးဌာနမှ ဦးထွန်းလင်းဝင်း၊ လက်ပန်ခြေပေါ်ရဲကင်းစခန်းမှူးနှင့်တပ်ဖွဲ့ဝင် ၁၀ ဦး၊ မီးရထားရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် လေးဦးတို့ပါဝင်သော ပူးပေါင်းအဖွဲ့က သဲအိတ်များဖြင့် ရေကာပြုလုပ်၍ ကာရံဆောင်ရွက်ပေးခဲ့ရာ မီးရထားမှာ နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ပုဂံဘူတာသို့ ဆက်လက်ထွက်ခွာသွားနိုင်ခဲ့ကြောင်း သိရသည်။

အလားတူ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ခက်လန်းကန်ချောင်းမှ ချောင်းရေများ တောင်ဖက်တန်းကျေးရွာသို့ အလုံးအရင်းဝင်ရောက်ခဲ့သည်။ အဆိုပါကျေးရွာတွင် **စာမျက်နှာ ၉ ကော်လံ ၅ သို့** ✪




မိုးရွာသွန်းမှုကြောင့် သုံးပေထုခန့်ရှိ ချောင်းသဲများဝင်ရောက်ဖုံးလွှမ်းမှုဖြစ်ပေါ်ခဲ့သည့် တောင်ဖက်တန်းကျေးရွာအတွင်းရှိ လူနေအိမ်တစ်အိမ်ကို တွေ့ရစဉ်။

# (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ပထမအကြိမ် ပဏာမရေကူး လူရွေးပြိုင်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၆**

(၂၉) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာရေကူးအားကစားနည်း အောင်မြင်မှုရရှိစေရေးအတွက် ရည်ရွယ်၍ ပထမအကြိမ် ပဏာမရေကူးလူရွေးပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် စက်တင်ဘာ ၂၁ ရက် ညနေ ၃ နာရီက အမျိုးသား မီတာ (၁၅၀၀) Free Style နှင့် အမျိုးသမီးမီတာ (၈၀၀) Free Style ပြိုင်ပွဲနှစ်မျိုးအား လည်းကောင်း၊ စက်တင်ဘာ ၂၄ ရက်တွင် အမျိုးသား အမျိုးသမီး မီတာ(၄၀၀) Free Style၊ အမျိုးသား အမျိုးသမီး မီတာ (၂၀၀) Backstroke၊ Breastroke၊ Butterfly နှင့် Individual Medley နှင့် အမျိုးသား အမျိုးသမီးမီတာ (၅၀) Backstrokeနှင့် Breaststroke **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✻



## တောင်ကြီး-ပင်လုံ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၆**

စက်ဘီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန်၊ စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်၊ မျိုးဆက်သစ်စက်ဘီးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၊ TFR စက်ဘီးကလပ်၊ ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ တောင်ကြီး-ပင်လုံ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၆ နာရီ၌ တောင်ကြီးမြို့ လွတ်လပ်ရေးကျောက်တိုင်ရှေ့တွင် ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက သေနတ်ပစ်ဖောက် တာလွှတ်ပေးခဲ့သည်။

အဆိုပါ စက်ဘီးအဖွဲ့တွင် အားကစားသမား ၁၅၀ ကျော် ပါဝင် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ○

# မြန်မာဖူဆယ်အသင်းများ ဆီးဂိမ်းတွင် အောင်မြင်မှုရရန် ပြင်ဆင်မည်



မြန်မာအမျိုးသမီး ဖူဆယ်အသင်း
၂၀၁၆ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် စက်တင်ဘာ ၂၆**

၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ကျင်းပမည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာဖူဆယ်အသင်းများ အောင်မြင်မှုရရှိရန် ပြင်ဆင်မည်ဖြစ်ပြီး အချိန်ယူလေ့ကျင့်မည်ဖြစ်သလို နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မလေးရှားအိုလံပစ်ကော်မတီသည် ဆီးဂိမ်းပြိုင်ပွဲတွင် ဖူဆယ်အားကစားနည်းကို ဘောလုံးနှင့်အတူ ကျင်းပမည်ဖြစ်ပြီး အမျိုးသား အမျိုးသမီး ပြိုင်ပွဲနှစ်ခုစလုံး ထည့်သွင်းကျင်းပမည်ဖြစ်သည်။ **စာမျက်နှာ ၉ ကော်လံ ၅ သို့** ❖

